မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၁၉ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၂၂၉)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

ကော်မရှင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ဝင်များက ၃၅၆ ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့

နေပြည်တော် မေ ၁၈

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ စတင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် လက်ရှိကာလအတွင်း မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပါအဝင် ဦးစားပေးဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ကာလတိုအတွင်း ပြီးစီးနိုင်ရေး စီမံဆောင်ရွက်ထားကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ဥပဒေကြမ်းတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများအတွက် ဖြည့်စွက်သုံးငွေများကို စိစစ်ရာတွင် လက်ရှိအခြေအနေအရ ပုံမှန်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိသည်ကိုလည်း နားလည်နိုင်ကြပါရန် ပြောကြားလိုပါကြောင်း။

ယခုကာလသည် ကမ္ဘာ့ကပ်ရောဂါ(Pandemic) အဖြစ် သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေး၊ သွားလာရေးနှင့် နေထိုင်စားသောက် ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာညွှန်ကြားချက်များနှင့် အညီ တတ်စွမ်းသမျှ ဆောင်ရွက်ထားရှိပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။
သတင်းစဉ်

လွှတ်တော်ခန်းမတွင်း နေရာချထားရာတွင်လည်း Social Distancing Way အရ အတတ်နိုင်ဆုံးအဆင်ပြေအောင် ဆောင်ရွက်ထားရှိပါကြောင်း၊ လွှတ်တော် အစည်းအဝေးများတွင် ကိုယ်စားလှယ်များ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သည့်အချက်များကိုလည်း အသိပေးပန်ကြားစာ ထုတ်ပြန်ထားပြီးဖြစ်သကဲ့သို့ ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့် သက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဂရုပြုသွားလာနေထိုင်ကြရန် မှာကြားလိုပါကြောင်း။

ယနေ့ စတင်ကျင်းပသည့် ပုံမှန်အစည်းအဝေးကို နှစ်ပတ်ကာလခန့်သာ ပြုလုပ်ရန် လျာထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တန်ဖိုးရှိလှသည့် အချိန်ကို အကျိုးရှိရှိ အသုံးပြုစီမံဆောင်ရွက်နိုင်ကြပါစေ၊

စာမျက်နှာ ၄ ကော်လံ ၁ ❊

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ ➤ ၈

ကိုဗစ် - ၁၉ ကို အန်တုရင်း ဆက်လက်ရပ်တည်နိုင်ရေး ရန်းကန်နေရတဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း

စာ ➤ ၁၄

C B BANK
Best Digital Bank 2020
By ASIAMONEY
အိမ်အပြင်ထွက်စရာမလိုဘဲ
CB Bank ၏ iBanking နှင့်
CB Pay တို့ မှတဆင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို
ဆောင်ရွက်နိုင်ပါပြီ။
www.cbbank.com.mm
Contact Center : 01-231 777 0

မြန်မာ့အလင်း

ကိုဗစ်-၁၉ နှင့် အတူနေထိုင်ခြင်း

ကိုဗစ်-၁۹ သည် ကမ္ဘာမြေပေါ်မှ အပြီးတိုင်ထွက်ခွာသွားမည့် ရောဂါမဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မကြာမီက သတိပေးခဲ့သည်။ မာယာပရိယာယ်များလှသည့် ကပ်ရောဂါသည် လူ့အသိုင်းအဝိုင်းထဲမှာ ကိုယ်ယောင်ဖျောက်ကာ ခိုအောင်းနေရင်း အခါအခွင့်သင့်သည့်အချိန်မှာ ရုတ်တရက်ပေါ်လာပြီး တိုက်ခိုက်သတ်ဖြတ်မှုတို့ ပြုလိမ့်မည်။ တောမီးသဖွယ် ကူးစက်မြန်သည့် ကပ်ရောဂါသည် မီးစတစ်စလွင့်စဉ်ကျလာသည်နှင့် ပတ်ဝန်းကျင်ရှိ လောင်စရာမှန်သမျှကို ကူးစက်လောင်ကျွမ်းသလို ကူးစက်ပျံ့နှံ့စေလိမ့်မည်။ သို့ရာတွင် တောမီးက မံသစက္ခုဖြင့် မြင်နိုင်သော်လည်း ကိုဗစ်-၁۹ ကမူ ကူး၍ကူးမှန်းမသိရ။

လူမှုအဖွဲ့အစည်းထဲမှာ အချိန်ကြာကြာရှိနေဦးမည့် ရောဂါတစ်ခုအတွက် ထိုလူ့အဖွဲ့အစည်းကို မလှုပ်မယှက် အချိန်ကြာကြာ ထိန်းချုပ်ထားရန် မဖြစ်နိုင်။ သင့်တင့်လျောက်ပတ်သည့် အခြေအနေတစ်ရပ်တွင် လူမှုယန္တရားကြီး ပြန်လည်ပတ်မှုဖြစ်မည်။ မိမိတို့၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ရန် အချိန်တိုင်း၊ နေရာတိုင်းမှာရှိနေသည့် ဗိုင်းရပ်စ်ပိုးမွှားများနှင့်အတူ မိမိတို့လည်း ဖြစ်အောင်နေကြရတော့မည်ဖြစ်သည်။ အဓိကအကျဆုံးအချက်က လူတိုင်းမိမိကိုယ်ကိုယ် တာဝန်ယူကြရန်ပင် ဖြစ်သည်။ မိမိကိုယ်ကိုယ် တာဝန်ယူခြင်းဖြင့် ရောဂါမကူးစက်ဘဲ လုံခြုံမှုကို ရရှိမည့်သူမှာ မိမိကိုယ်တိုင်ပင်ဖြစ်သည်။

ရန်ကုန်မြို့တွင် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လာကြပြီဖြစ်သည်။ ကိုဗစ်-၁۹ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် သေဆုံးမှုတို့ ကမ္ဘာ့အဆင့်မှာ လွန်စွာများပြားခဲ့သော နိုင်ငံများတွင်ပင် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ကြပြီ ဖြစ်ရာ မိမိတို့သည်လည်း အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေသည့် ပုံစံဖြင့် ရောင်းဝယ်စားသုံးကြရမည်သာဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက "စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ" (Version 1.0) ကို မေလ ၁၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ရာ စားသောက်ဆိုင်များ တွင် ပြင်ဆင်ထားရှိရန် အချက်(၁၁) ချက်၊ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် အချက် (၁၁) ချက်၊ စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့် အချက် (၈) ချက်၊ အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများဆိုင်ရာ (၄) ချက်တို့ကို ဖော်ပြထားသည်။ ထိုအချက်တို့ကို တိတိကျကျ လိုက်နာကျင့်သုံးကြခြင်းဖြင့် ရောဂါကူးစက်မှု အန္တရာယ်ကို ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ အခြေအနေပြောင်းလဲသည်နှင့်အမျှ Version ပြောင်းသွားမည်ဖြစ်သည်ဟု ရှုမြင်မိသည်။ မည်သို့ပင်ဖြစ်စေကာမူ လူတိုင်းက စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များ၊ ရုံး၊ ဌာနများနှင့် စျေးများအပါအဝင် နေရာတိုင်း၊ အချိန်၏တိုင်းမှာ၊ လှုပ်ရှားသွားလာမှုတိုင်းမှာ ကျန်းမာရေးအသိသတိတို့ ကပ်ထားကြဖို့နှင့် မိမိကိုယ်ကိုယ် ကာကွယ်ကြဖို့ပင် ဖြစ်သည်။

ကိုဗစ်-၁۹ နှင့်အတူ မိမိတို့ယှဉ်တွဲနေထိုင်ကြရဦးမည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူ့အရေးအရာကိစ္စအဝဝတို့အတွက် လှုပ်ရှားသွားလာကြရမည်။ ပြောဆိုဆက်ဆံကြရမည်။ လုပ်ကိုင်ဆောင်ရွက်ကြရမည်။ ကူးစက်မြန်သည့် ကပ်ရောဂါကို ကြောက်လန့်နေ၍မရ။ သို့သော် မကြောက်မလန့် နေ၍လည်းမရ။ သတိကြီးကြီးထားကာ မိမိကိုယ်ကိုယ် ကာကွယ်ကြရင်း မိမိတို့၏ လူမှုအဖွဲ့အစည်းကိုလည်း စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပုံမှန်ကာကွယ် ဆေးထိုး / ဆေးတိုက်အစီအစဉ် ပြန်လည်စတင်ဆောင်ရွက်နေသည့် နေပြည်တော် ကလေးအထူးကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု

နေပြည်တော် မေ ၁၈

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် တာဝန်ရှိသူများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်-၁۹ ဖြစ်ပွားမှုကြောင့် တစ်နိုင်ငံလုံးတွင် ဇီဗီလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့သော ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက်အစီအစဉ်ကို ပြန်လည်စတင်ဆောင်ရွက်လျက်ရှိသည့် နေပြည်တော် ကလေးရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ့ တိုက်ကျွေးပေးရန် လာရောက်သည့် မိဘ၊ အုပ်ထိန်းသူများ၊ ဆေးရုံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာနမှ ထိုးနှံ့/တိုက်ကျွေးပေး နေသည့် (၁၂) မျိုးသော ရောဂါကာကွယ်ဆေးများကို အပြည့်အဝ ထိုးနှံ့/ တိုက်ကျွေးခြင်းမရှိပါက ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားမှုနှင့် သေဆုံးမှုတို့မှာ ကိုဗစ်-၁۹ ရောဂါထက်ပင်များပြားမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးစုရုပ်များတွင် ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးပေးခြင်းလုပ်ငန်းအပြင် ဆေးထိုးရန် စောင့်ဆိုင်းနေချိန်၌ မိခင်နှင့် ကလေး ကျန်းမာရေး အသိပညာပေးခြင်း၊ ကလေးအာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံ့ရန် စောင့်ဆိုင်းနေစဉ် ကလေးများတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများနှင့် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို ရှုပ်မြင်သံကြားစက်ဖြင့် ပြသထားစေလိုပါကြောင်း၊ ကလေး၊ ကိုယ်ဝန်ဆောင်နှင့် မိခင်တို့နှင့် ပတ်သက်သော ကျန်းမာရေး အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များသာမက လက်ကိုင်ဖုန်းများအသုံးပြု၍ QR Code များမှတစ်ဆင့် အင်တာနက်စာမျက်နှာသို့ ဝင်ရောက်ကာ မိမိ၏ဖုန်းအတွင်း သိမ်းဆည်းဖတ်ရှုနိုင်ရန်ပါ လုပ်ဆောင်ထားရှိပါကြောင်း၊ ကလေးများ၏ မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ကလေးများ ကာကွယ်ဆေးများ အပြည့်အဝရှိစေရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်အစီအစဉ် အတိုင်း လာရောက်ထိုးနှံ့ကြစေလိုပါကြောင်း၊ ထိုသို့လာရောက်ရာတွင် လူစုလူဝေးမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေးထိုးနှံ့/ တိုက်ကျွေးပေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် အချက်များကို အမြဲမပြတ် ဂရုစိုက်ကြစေလိုပါကြောင်း။

ယခုကာကွယ်ဆေး ထိုးနှံ့တိုက်ကျွေးရန် လာရောက်သည့် မိဘ၊ အုပ်ထိန်းသူများသည် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာသည်ကို တွေ့ရှိရသဖြင့် မိမိကိုယ်တိုင်အပြင် ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးပေးသူများနှင့် အခြားသူများအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးရန် စာရင်းပေးသွင်းသည့် နေရာ၊ စောင့်ဆိုင်းသည့်နေရာနှင့် ကာကွယ်ဆေးထိုးခန်းတို့တွင် လူစုလူဝေးမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေးထိုးနှံ့/ တိုက်ကျွေးပေးရေးအတွက် ဆေးရုံမှ တာဝန်ရှိသူများက စနစ်တကျဆောင်ရွက်ထားရှိမှုများကို တွေ့ရှိရပါကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ (အပေါ်ပုံ)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁۹ ရောဂါဖြစ်ပွား နေချိန်၌ ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက်အစီအစဉ်ကို ဧပြီ ၁ ရက်မှ စတင်၍ ယာယီရပ်ဆိုင်းခဲ့ရာမှ ယနေ့ မေ ၁၈ ရက်တွင် မြန်မာတစ်နိုင်လုံး၌ ဆေးရုံအခြေပြု ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက်အစီအစဉ်ကို ပြန်လည်စတင်သည်။ ဇွန် ၁ ရက်မှစတင်၍ မြို့နယ်အဆင့်အောက် တိုက်နယ်/ မိခင်ကလေး/ ဒေသန္တရ/ မြို့မ/ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ/ ရပ်ကွက်/ ကျေးရွာများတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧပြီလနှင့် မေလတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့် ကလေးများကိုပါ ပြန်လည်ထိုးနှံ့၊ တိုက်ကျွေးပေးမည်ဖြစ်ရာ ပုံမှန်ကာကွယ်ဆေးထိုးသည့်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရန် စတင်ထိုးနှံ့သည့် အချိန်တွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆေးရုံများနှင့် မိခင်ကလေး/ ဒေသန္တရ/ မြို့မကျန်းမာရေးဌာနများတွင် ရက်သတ္တပတ်တစ်ပတ်လျှင် ငါးရက်ဖြင့် ရက်သတ္တပတ် နှစ်ပတ်ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။ နောက်ပိုင်းတွင် ရက်သတ္တပတ်တစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ဖြင့် ဆက်လက်ထိုးနှံ့တိုက်ကျွေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးစုရုပ်များတွင် ကာကွယ်ဆေး ထိုးနှံ့ပေးခြင်းအပြင် မိခင်နှင့် ကလေးကျန်းမာရေးအသိပညာပေးခြင်း၊ ကလေးအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တစ်ရက်တည်း မြေငလျင် သုံးကြိမ်လှုပ်

နေပြည်တော် မေ ၁၈

ယနေ့ ည ၉ နာရီ ၃၅ မိနစ် ၂၉ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၇၀ ဒီဂရီ၊ အနက် ၉၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အလားတူ ယနေ့ ညနေ ၄ နာရီ ၀၈ မိနစ် ၄၄ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၈၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ငဖေမြို့၏ အနောက်တောင်ဘက် ၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၀၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၃ ဒီဂရီ၊ အနက် ၃၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ထို့အတူ ယနေ့ မွန်းလွဲ ၁ နာရီ ၃၂မိနစ် ၄၆ စက္ကန့်တွင် တောင်ဥမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (နတ်တလင်းမြို့၏ အနောက်တောင်ဘက် ၈ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၄၆ ဒီဂရီ၊ အနက် ၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၂အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့သည် ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည့် ရေကူးရေတွန်း စက်ရုံဝင်းအတွင်း ရေပိုက်လိုင်းများ ဆက်သွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ရေပေးဝေခြင်းလုပ်ငန်းအား ခေတ္တရပ်ဆိုင်းရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်စဉ် မေ ၂၁ ရက် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအတွင်း မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်မြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းနိုင်ကြပါရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့က အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၈

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံး၏ လုပ်ငန်းများ ဆောင်ရွက်တိုးတက်မှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Video Conference ဖြင့် ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံး၏ လုပ်ငန်းများ ဆောင်ရွက်တိုးတက်မှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

အစီရင်ခံစာတင်ပြ

ဆွေးနွေးပွဲတွင် ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေး အတွက် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အတွင်းရေးမှူးရုံးအဖွဲ့က လုပ်ငန်းဆောင်ရွက်ထားရှိမှု ပထမအကြိမ် အစီရင်ခံစာကို တင်ပြပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် ပြည်သူများက လုပ်အား၊ ငွေအားနှင့် ပစ္စည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်သူများထဲက ပြည်သူများဖြစ်သော စေတနာ့ဝန်ထမ်းများ၊ ပရဟိတသမားများ၏ လုပ်အားဖြင့် ပံ့ပိုးကူညီမှုများတွင် လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းကူညီခြင်း၊ ကျေးဇူးတင် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

မြို့နယ်အလိုက်စိစစ်

ကိုဗစ်-၁၉ ကာလအတွင်း အသွားအလာ ကန့်သတ်ခြင်း (Quarantine) နေရာများတွင်ရှိသည့် စေတနာ့ဝန်ထမ်းများ၊ ပြည်သူများ အကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော ပရဟိတသမားများစာရင်းကို မကျန်ရှိစေရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့က မြို့နယ်အလိုက် စိစစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ စေတနာ့ဝန်ထမ်းများအား စနစ်တကျ ပိုမိုပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်ကို ဖြန့်ဝေခဲ့ပြီး သင်တန်းပေးမည့် ဆရာများကို Training of Trainer (TOT) သင်တန်းများပေးလျက်ရှိသည့် အခြေအနေများ၊ သင်တန်းရရှိပြီးသည့် ဆရာများက စေတနာ့ဝန်ထမ်းများအား ပြန်လည် သင်ကြားပေးလျက်ရှိသည့် အခြေအနေများတွင် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း။

ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

စေတနာ့ ဝန်ထမ်းများအတွက် တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ၊ နားနေနိုင်မည့် နေရာများနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် စက်သုံးဆီပံ့ပိုးနိုင်ရေးကိစ္စများ စီစဉ်ထားမှုနှင့် စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

အချိန်မရွေးလေ့လာနိုင်

ထို့နောက် တက်ရောက်လာကြသူများက စေတနာ့ဝန်ထမ်းများ အတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် စက်သုံးဆီပံ့ပိုးနိုင်ရေး ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ပေးပို့လာသည့် စေတနာ့ဝန်ထမ်းများ စာရင်းနှင့် အွန်လိုင်းမှ စာရင်းပေးသွင်းလာသည့် စေတနာ၁ဝန်ထမ်းများစာရင်းကို စိစစ်ပြီးစီးမှုအခြေအနေများ၊ မြို့နယ်အလိုက် ပြန်လည်စိစစ်နိုင်ရေးအတွက် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းများအတွက် လက်စွဲစာအုပ် ပုံနှိပ်ထုတ်ဝေရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လက်စွဲစာအုပ်များကို လက်ရှိသင်တန်းပေးနေသည့် မြို့နယ်များ အရောက် ဖြန့်ဝေပေးနေသည့် အခြေအနေများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများအတွက် Training of Trainer (TOT) သင်ကြားမှု Video Clip ရိုက်ကူးပြီး Youtube မှ တစ်ဆင့် အချိန်မရွေး လေ့လာနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်တန်းဆရာလက်စွဲ (Trainer Mannual)ရေးဆွဲလျက်ရှိသည့် အခြေအနေများနှင့် ဆင့်ပွားသင်တန်းများ အမြန်ဆုံးပေးနိုင်ရေး စီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ မြေပြင်ဝန်ထမ်းများ အနေဖြင့် မူလတာဝန်များ မလစ်ဟင်းစေဘဲ ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးလုပ်ငန်းများတွင် လိုအပ်သလို ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအခြေစိုက် တရုတ်နိုင်ငံသား ခရီးသွားကုမ္ပဏီများကို Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အခြေစိုက် တရုတ်နိုင်ငံသား ခရီးသွားကုမ္ပဏီများကို ဝန်ဆောင်မှုပေးနေသော ခရီးလှည့်လည်ရေး ကုမ္ပဏီများအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမမှ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအခြေစိုက် တရုတ်နိုင်ငံသား ခရီးသွားကုမ္ပဏီများအား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

ပါဝင်တက်ရောက်

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်နှင့် မန္တလေးရှိ တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသော ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များက Video Conferencing တွင် Online မှ ပါဝင်တက်ရောက်ကြသည်။

အရေးယူသည့်ဖြစ်စဉ်ရှိခဲ့

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ အစည်းအဝေးသည် ကိုဗစ်-၁၉ အလွန်ကာလ မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လမ်းညွှန်မှုအတိုင်း အရေအတွက် (Quantity) ထက် အရည်အချင်း(Quality)ကို ဦးစားပေးသည့် Quality rather than Quantity ကို မည်သို့ဖော်ဆောင်မည်ကို တိုင်ပင်ဆွေးနွေးရန် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ဖြေလျှော့ခွင့်ပြုပေးခဲ့ရာ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ဧည့်သည်များ ပိုမိုဝင်ရောက်လာကာ ၂၀၁၉ ခုနှစ်တွင် သိသိသာသာ တိုးတက်လာရောက်လည်ပတ်ခဲ့ပြီး တစ်နှစ်တာအတွင်း လာရောက်သော ခရီးသွား ၇၄၉၇၁၁၉ ဦး ရှိခဲ့ပါကြောင်း၊ တိုးတက်လာရောက်နေသည့် တရုတ်နိုင်ငံသား ခရီးသွားများကို ဝန်ဆောင်မှုပေးနေသည့် တရုတ်စကားပြော ဧည့်လမ်းညွှန်အရေအတွက် မလုံလောက်သည့်အတွက် အင်္ဂလိပ်စကားပြော ဧည့်လမ်းညွှန်များကို အသုံးပြုနေရသည်များရှိသည့်အတွက် တရုတ်စကားတစ်မျိုးတည်းသာ နားလည်သည့် ခရီးသွားများ မြန်မာနိုင်ငံကို လာရောက်လည်ပတ်စဉ် လိုက်နာရမည့် Do & Don’ts အသိပေးမှု လမ်းညွှန်မှုများ အားနည်းခဲ့သည်ဟု သိရပါကြောင်း၊ အကျိုးဆက်အဖြစ် Tourism Destination များကို သွားရောက်လည်ပတ်သည့် တရုတ်ခရီးသွားများ၏ အပြုအမူအချို့ကို ဒေသခံများက နားလည်မှုလွဲနေသည့်ဖြစ်စဉ် တော်တော်များများ Social Media တွင် တွေ့ရှိရပြီး ဖေဖော်ဝါရီ ၅ရက်တွင် တရုတ်နိုင်ငံသား ခရီးသွားနှစ်ဦးကို ရှေးဟောင်းအဆောက်အဦ ကာကွယ်ထိန်းသိမ်းရေးဥပဒေဖြင့် အပြစ်ပေး အရေးယူသည့်ဖြစ်စဉ် ရှိခဲ့ပါကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် Visa on Arrival, e-Visa အပါအဝင် leisure visa ထုတ်ပေးခြင်းကို ရပ်နားထားသဖြင့် တရုတ်ခရီးသွားဧည့်သည် လာရောက်မှု လုံးဝမရှိတော့သော်လည်း တရုတ်ပြည်နှင့် မြန်မာပြည်တို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ထားနိုင်သော အချိန်တွင် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းခရီးစဉ်များ ပြန်လည်ပွင့်လင်းလာလိမ့်မည်ဟု ခန့်မှန်းပါကြောင်း။

အာမခံချက်ရှိရန် လိုအပ်

ထိုသို့ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် ယခင်က ကြုံတွေ့ခဲ့ရသည့် အဆင်မပြေမှုများကို ရှောင်ရှားပြီး အရည်အချင်းရှိသော ဝန်ဆောင်မှုမျိုး ပေးအပ်နိုင်ရန် အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးထိန်းချုပ်ရန်အတွက် F.I.T များကို ဦးစားမပေးဘဲ Package Tour များကို Prepaid စနစ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး အာမခံများ ဝယ်ယူထားရှိရန် လိုအပ်သကဲ့သို့ ခရီးစဉ်တွင် တရုတ်စကားပြော ဧည့်လမ်းညွှန်များ အသုံးပြုဝန်ဆောင်မှုပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ခရီးသွားကုမ္ပဏီများအနေဖြင့် အခကြေးငွေယူ၍ ဝန်ဆောင်မှုပေးရာတွင် ပေးအပ်သည့် ဝန်ဆောင်မှုသည် အရည်အသွေးရှိရန်နှင့် အာမခံချက်ရှိရန် လိုအပ်ကြောင်း၊ ယခင်က ဧီးရိုးဘတ်ဂျက်ဟု အခေါ်ခံခဲ့ရသည့် ခရီးသွားလုပ်ငန်းမျိုးမဟုတ်ဘဲ ပြည်တွင်းလုပ်ငန်းရှင်များကို အကျိုးရှိစေမည့် Quality Service ပေးနိုင်ရန် ပြင်ဆင်လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်များကို ဝန်ကြီးဌာနက လိုအပ်သည့် နည်းပညာပိုင်းအကူအညီများ ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပူးပေါင်းညှိနှိုင်း

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က နိုင်ငံတော်က ထုတ်ပြန်ထားသော COVID-19 Economic Relief Plan နှင့်အညီ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် COVID-19 Myanmar Tourism Strategic Roadmap ကို ဝန်ကြီးဌာနက ပြုစုရေးဆွဲနေကြောင်း၊ခရီးသွားလုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရန် ကိုဗစ်-၁၉ ကာလအတွင်း သက်ဆိုင်ရာ လိုင်စင်ကြေးများ ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများမှ ပညာရှင်များနှင့် လုပ်သားများအတွက် ပံ့ပိုးကူညီမှုရရှိနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ Lockdown အလွန် ခရီးသွားပုံစံ အသစ်တွင် Domestic Tourism ဖြင့် ပြန်လည်စတင်ပြီး ပြည်ပခရီးသွားများအား ပြန်လည်လက်ခံလာနိုင်သည် အထိ အဆင်သင့်ဖြစ်စေရန် COVID Safe Services များ ပေးအပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် ပြင်ဆင်မှုများကို ခရီးသွားလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် တက်ရောက်လာသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီများမှ ကိုယ်စားလှယ်များက ၎င်းတို့၏ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ကာလတွင် ကြုံတွေ့နေရသည့်အခြေအနေများနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရမည့်အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✻ ရှေ့ဖုံးမှ

နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ အကျိုးစီးပွားအတွက် တာဝန်ထမ်းဆောင်ကြရာတွင် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ပိုင်းခြားနားလည်ပြီး ပြည်သူ့ကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည့် လွှတ်တော်၏ အဓိကတာဝန်များကို ကျေပွန်အောင် ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၀၃ ပုဒ်မခွဲ (c) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့်အတူ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ရင်ငွေနှင့် သုံးငွေပြောင်းလဲမှုများအရ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE) ကိုလည်း မူလခန့်မှန်းခြေငွေစာရင်း(BE)နှင့် နှိုင်းယှဉ်သုံးသပ်နိုင်ရန် ရေးဆွဲတင်ပြထားပါကြောင်း။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ပြည်နယ်ဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုငွေတောင်းခံမှုများကို မစိစစ်မီ လာမည့် ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း (BE)တွင် ဆောင်ရွက်နိုင်သည်များကို (BE)မှသာ တောင်းခံရန်နှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်၍ ရရှိချိန်လေးလခန့်အတွင်း အမှန်သုံးစွဲနိုင်မည့်ကိစ္စများ၊ ဆောင်ရွက်ဆဲစီမံကိန်းများနှင့် ဦးစားပေးလိုအပ်သည့် ကိစ္စများအတွက်သာ တောင်းခံကြပါရန် ဌာန၊ အဖွဲ့အစည်းများသို့ ကြိုတင်အကြောင်းကြားခဲ့ပါကြောင်း။

ပြည်ပအကူအညီရင်ငွေများနှင့် ချေးငွေများထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ် ထပ်မံလိုအပ်သည့် လစာစရိတ်၊ ပင်စင်၊ ဒေသစရိတ်၊ ပြည်တွင်းအတိုးပေးငွေနှင့် ပြည်ပချေးငွေအတွက် အတိုးနှင့်အရင်းပေးဆပ်ငွေများကို အပြန်အလှန်မေးမြန်းစိစစ်၍ ခွင့်ပြုခဲ့

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက စိစစ်သည့်အခါ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည့် နိုင်ငံတော်ကရရှိမည့် အသုံးစရိတ်များကို တင်ပြသည့်အတိုင်းခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပအကူအညီရင်ငွေများနှင့် ချေးငွေများထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ် ထပ်မံလိုအပ်သည့် လစာစရိတ်၊ ပင်စင်၊ ဒေသစရိတ်၊ ပြည်တွင်းအတိုးပေးငွေနှင့် ပြည်ပချေးငွေအတွက် အတိုးနှင့်အရင်းပေးဆပ်ငွေများကို အပြန်အလှန်မေးမြန်းစိစစ်၍ ခွင့်ပြုခဲ့ပါကြောင်း။

စိစစ်နေစဉ်ကာလအတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများကို နိုင်ငံတော်မှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ရန် လိုအပ်လာပါက ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများနှင့် COVID–19 သက်ရောက်မှု ကြောင့်ဖြစ်ပေါ်လာမည့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ကုစားနိုင်ရန် လိုအပ်သည့်အသုံးစရိတ်များကိုလည်း စိစစ်ညှိနှိုင်း၍ ခွင့်ပြုပေးခဲ့ပါကြောင်း။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် ဦးစားပေးအသုံးစရိတ်များတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ GRF သို့ ပြန်လည်အပ်နှံခဲ့ရသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ယခု ဘဏ္ဍာရေးနှစ်တွင် ပြီးပြတ်အောင် ပြန်လည်တောင်းခံလာသည့်အသုံးစရိတ်များနှင့် ကာကွယ်ရေးဝန်ကြီးဌာနက ထပ်မံလိုအပ်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် အသုံးစရိတ်များ၊ လယ်မြေနှင့် ဥယျာဉ်ခြံမြေတို့အတွက် မြေလျော်ကြေးပေးရန် အသုံးစရိတ်များ ပါဝင်ပါကြောင်း။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေပေးရေး ကိစ္စနှင့် ပြုပြင်ပြီး ခန့်မှန်းခြေအရအသုံးများ ရေးဆွဲသည့်ကိစ္စတို့ကို ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်သို့တင်ပြထားပါကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို တင်ပြအပ်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့တင်ပြထားသည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြတ်ဥာဏစိုး က ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာကိုလည်းကောင်း ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း က ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာများကိုလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ဥပဒေကြမ်း ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြတ်ဥာဏစိုး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်

ရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများ၊ ရင်ငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြရသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးရန် လိုအပ်လာပါကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြရသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့် ဥပဒေကြမ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာ လွှတ်တော်အသီးသီးသို့ နှစ်စဉ် အချိန်မီတင်ပြနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းကျင့်သုံးရန် လိုအပ်လာပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းနိုင်မည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအကြား ဘတ်ဂျက်ရေးဆွဲခြင်း၊ တင်ပြခြင်း၊ စိစစ်ခြင်းတို့အတွက် အချိန်လုံလောက်စွာရရှိပြီး လုပ်ငန်းစဉ်များ ပိုမိုချောမွေ့လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာများ လွှတ်တော်သို့ တင်ပြရာတွင် ပါဝင်ရမည့်အချက်များ၊ အချိန်ကာလသတ်မှတ်ချက်များ၊ အကောင်အထည်ဖော်မှု အစီရင်ခံစာတင်သွင်းရန် သတ်မှတ်ချက်များ အဓိကပါဝင်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ထားပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မြတ်ဥာဏစိုး က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများမှာ အခြေခံကျပြီး မရှိမဖြစ် ဖြည့်ဆည်းရမည့်လုပ်ငန်းများဖြစ်

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှု အရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA)ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က COVID – 19 ရောဂါကုသရေးလုပ်ငန်းများအပြင် အခြားကူးစက်မြန်ရောဂါများနှင့် မကူးစက်နိုင်သော ရောဂါများအတွက် ပြည်သူ့ဆေးရုံများတွင် ဆေးကုသမှုအရည်အသွေးကောင်းမွန်ရေးအတွက် အထူးကြပ်မတ် ကုသမှုများအဆင့်မြှင့်တင်ခြင်း၊ အောက်ဆီဂျင်ဖြင့် ကုသမှုပေးနိုင်မည့်အခြေအနေများ ဖြည့်ဆည်းခြင်းနှင့် ဆေးရုံရောဂါပိုးကူးစက်မှု ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်းတို့ အထူးလိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများမှာ အခြေခံကျပြီး မရှိမဖြစ် ဖြည့်ဆည်းရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

စီမံချက်တွင်ပါဝင်မည့် ငွေလုံးငွေရင်းအသုံးစရိတ် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ သန်းကို မြန်မာတစ်နိုင်ငံလုံးရှိ ဗဟိုအဆင့် ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆေးရုံကြီးများရှိ အထူးကြပ်မတ်ကုသဌာနများနှင့် အခြေခံ

ကျပြီး အရေးကြီးသည့် အောက်ဆီဂျင်ဖြင့် ကုသမှုပေးနိုင်မည့် အခြေအနေများ ဖြည့်ဆည်းခြင်းတို့အတွက် လိုအပ်သည့် ဆေးရုံးသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းမည်ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကို System strengthening for clinical care capacity ၊ Capacity building နှင့် Project Management and Monitoring and Evaluation တို့တွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ချေးငွေရယူနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု အရေးပေါ်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်၏ First Track COVID–19 Facility အစီအစဉ်အောက်မှ ချေးငွေ အမေရိကန် ဒေါ်လာသန်း ၅၀ ရယူရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ IDA 18 ချေးငွေဆိုင်ရာ စည်းကမ်းချက်များအရ ဆိုင်းငံ့ကာလ (၅)နှစ်၊ ပြန်ဆပ်ကာလ (၂၅)နှစ် စုစုပေါင်း ချေးငွေသက်တမ်းနှစ် (၃၀)ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ပြီး ဝန်ဆောင်ခမှာ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အဆိုပါ ချေးငွေ၏ Grant Element တွက်ချက်ရာတွင် ၃၈ ဒသမ ၃၇ ရာခိုင်နှုန်းရရှိသည့် အတွက် သက်သာသောချေးငွေဖြစ်ပါကြောင်း။

စီမံကိန်းအသုံးစရိတ်များကို ထိရောက်မြန်ဆန်စွာဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဖြစ်

စီမံကိန်းအသုံးစရိတ်များကို ထိရောက်မြန်ဆန်စွာဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ စီမံကိန်းတိုးတက်မှု အစီရင်ခံစာများကိုလည်း ပုံမှန်တင်ပြပေးရန် လိုအပ်ပါကြောင်း။

ယခု ချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများ၊ နိုင်ငံတော်၏ “ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ”၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP (၂၀၁၈–၂၀၃၀)၊ COVID–19 စီးပွားရေးကုစားမှုအစီအစဉ် (COVID–19 Economic Relief Plan– CERP) ၏ ပန်းတိုင် – ၆ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်း” တို့နှင့် ကိုက်ညီမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်၏ Fast Track COVID–19 Facility အစီအစဉ်အောက်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ရယူနိုင်ရေးကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း က ရှင်းလင်းတင်ပြရာတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဥပဒေမူဘောင်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်များကို ပြည်ပနိုင်ငံခြောက်နိုင်ငံတွင် ၁၁ ကြိမ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၂၉ ကြိမ် ကျင်းပခဲ့ပါကြောင်း၊ ကော်မရှင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့ဝင်များက ၃၅၆ ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီကို ဖွဲ့စည်းကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၏ အခက်အခဲများကို ကူညီဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရန် ONE STOP SERVICE (OSS) အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီကို ဖွဲ့စည်းကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၏ အခက်အခဲများကို ကူညီဖြေရှင်းခဲ့ပါကြောင်း၊ အစီရင်ခံကာလအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၉၇ ခုနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၂၅ ခုတို့သည် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏ လိုင်ဂေါ်ကို ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း က မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေး အသုံးစရိတ်များ တိုးမြှင့်သုံးစွဲလျက်ရှိပြီး ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအတွက် နိုင်ငံတော်က သက်သာသောချေးငွေများ ထုတ်ချေးခြင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ လှည့်ပတ်ရန်ပုံငွေနှင့် လူမှုဖူလုံရေးအဖွဲ့ရန်ပုံငွေတို့ပေါင်းစပ်၍ ကိုဗစ်–၁၉ ရန်ပုံငွေ ထူထောင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားကုန် ငါးမျိုး ထောက်ပံ့ပေးခြင်း၊ နိုင်ငံတော်အတွက် အရန်ဆန်၊ ဆီ၊ ရိက္ခာများ ဝယ်ယူစုဆောင်းခြင်းတို့အပါအဝင် ကိုဗစ်–၁၉ နှင့် ဆက်စပ်သော အသုံးစရိတ်များကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေဘောင်အတွင်းမှ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်းဖြင့်လည်း ကျခံသုံးစွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စီးပွားရေးထိခိုက်မှုရှိခဲ့သော CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သုံးလ တစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ရွှေ့ဆိုင်းပေးခဲ့ခြင်း၊ ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးခဲ့ခြင်း၊ ခေတ္တရပ်နားခဲ့ရသော စီးပွားရေးလုပ်ငန်းအချို့တွင် ဝင်ငွေလျော့နည်းမှုကြောင့် ၎င်းအပေါ်ကောက်ခံသည့် ဝင်ငွေခွန်များ လျော့နည်းနိုင်မည်ဖြစ်ခြင်း၊ နိုင်ငံတော်၏ အခွန်အကောက်ရငွေများအပေါ် ထိခိုက်နိုင်ခြင်းနှင့် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် သဘာဝဓာတ်ငွေ့ရောင်းရငွေများ လျော့ကျနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏ ရငွေများ လျော့နည်းနိုင်သဖြင့် နိုင်ငံတော်၏ လိုငွေအပေါ် သက်ရောက်မှုများစွာရှိလာမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မြင့်တက်လာနိုင်သည့် ဘဏ္ဍာရေးလိုငွေကို ဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေချေးယူသည့် နည်းလမ်းဖြင့် များစွာဖြည့်ဆည်းရခြင်း မဖြစ်စေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသောချေးငွေချေးယူခြင်း နည်းလမ်းဖြင့်လည်း ဖြည့်ဆည်းရန် ရည်ရွယ်ထားပါကြောင်း။

ချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများ၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀) နှင့် COVID–19 Economic Relief Plan ပါ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိပါကြောင်း။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ကိုဗစ်–၁၉ ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် သတ်မှတ်ပြီးနောက်ပိုင်း ကိုဗစ်–၁၉ ကျရောက်ခံစားရသည့် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အရေးပေါ် ထောက်ပံ့ရေးအစီအစဉ်(RCF) နှင့် အရေးပေါ်ချေးငွေအစီအစဉ် (RFI) အထောက်အပံ့များ ရယူနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထောက်အပံ့နှစ်ခုပေါင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ မှ သန်း ၇၀၀ အထိ ရယူနိုင်သည်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အကြောင်းကြားလာခဲ့ပါကြောင်း။

အဆိုပါ အထောက်အပံ့များသည် ကိုဗစ်–၁၉ သက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်နေသည့် ကာလအတွင်း ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန် ရည်ရွယ်ချက်ဖြင့် ပေးအပ်လာခြင်းဖြစ်ပါကြောင်း၊ အလားတူ ကိုဗစ်–၁၉ ကပ်ရောဂါမှ လွန်မြောက်၍ စီးပွားရေးနာလန်ထူလာစေရန် နိုင်ငံတော်မှ ဆောင်ရွက်မည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အသုံးစရိတ်များအတွက် ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ သက်ရောက်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူမည်ဆိုပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏လိုငွေကို ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်း က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း၊ စက်မှုဇုန်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၂၁ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းဇော်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ – ကျော်ဇင်ထိုက်

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၄/၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ဗိုက်ပိုက်အေးကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ပြည်တွင်းအလုပ်နေရာ ၉၃၀၀ ကျော် ခန့်ထားနိုင်ခဲ့

နေပြည်တော် မေ ၁၈

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်း အလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၇၅၈ ဦးနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၈၆၂၆ ဦး စုစုပေါင်း ၉၃၈၄ ဦးအား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် Video Conferencing ဖြင့် ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံ–ဩစတြေးလျှဖိုရမ်သို့ ပါဝင်တက်ရောက်

နေပြည်တော် မေ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံ–ဩစတြေးလျှဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးကို အာဆီယံ–ဩစတြေးလျှ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဥက္ကဋ္ဌကြီးရေးမှူးချုပ် Dato' Ahmad Rozian နှင့် ဩစတြေးလျှ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အာဆီယံဆိုင်ရာ အဆင့်မြင့်အရာရှိကြီး Justin Hayhurst တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများက ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများကိုလည်းကောင်း၊ ကိုဗစ်–၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အာဆီယံနှင့် ဩစတြေးလျှနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို လည်းကောင်း၊ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရက မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူကို ကျင့်သုံးလျက်ဆောင်ရွက်နေသည့် အစီအမံများ၊ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအဖွဲ့တစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကူးစက်ရောဂါတိုက်ဖျက်ရေးတွင် အစိုးရအနေဖြင့် ပြည်သူ့အင်အားကို စုစည်းရယူ၍ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူခြင်းနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းအသိပေးခဲ့ပြီး၊ ကိုဗစ်–၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အာဆီယံနှင့် ဩစတြေးလျှနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် နယ်ပယ်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု–ယဉ်ကျေးမှု ကဏ္ဍများအောက်၌ အာဆီယံနှင့် ဩစတြေးလျှနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်တွင် အာဆီယံ–ဩစတြေးလျှ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ အာဆီယံ ဗဟိုပြုသည့် ဒေသတွင်း ဗိသုကာဘာသာရပ်ခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးရာတွင် ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို တိုးမြှင့်ရန်နှင့် ဒေသတွင်းလုံခြုံရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် တိုးချဲ့အာဆီယံပင်လယ်ရေကြောင်းဖိုရမ်ကဲ့သို့သော အာဆီယံဦးဆောင်သည့် ယန္တရားများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရေးနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် အနာဂတ်တွင် အာဆီယံဦးဆောင်သည့် ယန္တရားများအောက်မှ အာဆီယံ–ဩစတြေးလျှ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် မေ ၁၈

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခု (၁۶)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးများကို အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID – 19 ကပ်ရောဂါ အခြေအနေကြောင့် လျာထားကာလထက် နောက်ကျ၍ ကျင်းပခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးကာလအတွင်းတွင် မဖြစ်မနေဆောင်ရွက်ကြရမည့် ၂၀၁၉–၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပါအဝင် သတ်မှတ်ကာလအတွင်း အချိန်မီဆုံးဖြတ်အတည်ပြုကြရမည့် လွှတ်တော်လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း၊ အဆို၊ မေးခွန်းများအနက် ဥပဒေကြမ်းများနှင့် ကြယ်ပွင့်ပြမေးခွန်းများကို သတ်မှတ်ချက်များအတိုင်း ဦးစားပေးဆောင်ရွက်သွားမည်

ပြည်သူ့လွှတ်တော် (၁۶) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ရန်ရှိသည့် ဥပဒေကြမ်း၊ အဆို၊ မေးခွန်းများအနက် ဥပဒေကြမ်းများနှင့် ကြယ်ပွင့်ပြမေးခွန်းများကို သတ်မှတ်ချက်များအတိုင်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကို အချိန်တိုကာလအတွင်း ဆောင်ရွက်ရန်လျာထားပြီး COVID–19 ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း ကိုယ်စားလှယ်များအတွက် အဆင်အပြေဆုံးဖြစ်စေရန် တတ်နိုင်သရွေ့ စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဝိုင်းမော် မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ ဝိုင်းမော်မြို့နယ်အတွင်းရှိ မြစ်ကြီးနား–ဝိုင်းမော်–ဆဲဒုံး–ကန်ပိုင်တီမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်ထားသောလမ်းမကြီးကို ပြုပြင်ပေးရန် အစီအစဉ်၌၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းကို အပိုင်း(၂)ပိုင်းခွဲ၍ မြစ်ကြီးနားမှ ဝါရှောင်အထိ ၁၉ ဒသမ ၀۶ ကီလိုမီတာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြစ်ကြီးနားခရိုင်၊ လမ်းဦးစီးဌာနမှ စီမံခန့်ခွဲပြုပြင်လျက်ရှိပြီး ဝါရှောင်မှ ကန်ပိုင်တီအထိ ၉၅ ကီလိုမီတာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်မိန်ကုမ္ဗဏီက ပြင်ဆင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ၎င်းလမ်းပေါ်တွင် လမ်းအသုံးပြုခ ငွေကြေးကောက်ခံခြင်း မရှိပါကြောင်း။

လမ်းပိုင်းပျက်စီးမှုများကို ပြုပြင်ခြင်းဆောင်ရွက်နိုင်ရန်အတွက် ထိန်မိန်ကုမ္ဗဏီနှင့် ညှိနှိုင်းလျက်ရှိ

ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းသည့် လမ်းအရှည် ၁၉ ကီလိုမီတာအတွင်း ၁ ဒသမ ۶ ကီလိုမီတာကို အကျယ် ပေ ၅၀ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်၍ နောင်လာမည့်နှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်မိန်ကုမ္ဗဏီမှ ဆောင်ရွက်သော လမ်းပိုင်းပျက်စီးမှုများကို ပြုပြင်ခြင်းဆောင်ရွက်နိုင်ရန်အတွက် ထိန်မိန်ကုမ္ဗဏီနှင့် ညှိနှိုင်းလျက်ရှိပြီး COVID – 19 အလွန်ကာလများတွင် ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြစ်သား မဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၏ မြစ်သားမြို့နယ်တွင် အရေးပါသော ကူမဲ–ကဆွန်–သိမ်ကုန်း–အုန်းကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class (A)၊ ဦးစားပေးအဆင့်(၁) လမ်းစာရင်းတွင် ပါဝင်သဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ၌ ထည့်သွင်းလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ နန်းယွန်းမြို့နယ်ရှိ ကျန်းမာရေးဌာနတွင် လိုအပ်လျက်ရှိသော ဆရာဝန်များနှင့် ဝန်ထမ်းများအား ဖွဲ့စည်းပုံအတိုင်းမည်သည့်အချိန်တွင် အပြည့်အဝခန့်ထားပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နန်းယွန်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ ပန်ဆောင်တိုက်နယ်ဆေးရုံနှင့် ဒုံဟီးတိုက်နယ် ဆေးရုံ စုစုပေါင်း ဆေးရုံ သုံးရုံရှိပါကြောင်း၊ မြို့နယ်ဆေးရုံ ခွင့်ပြုခန့်ထားတွင် ၅၄ ရာခိုင်နှုန်းခန့်အပ်ထားပါကြောင်း။

ပန်ဆောင်နှင့် ဒုံဟီး တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန် မရှိပါကြောင်း၊



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း

ဝိုင်းမော် မဲဆန္ဒနယ်မှ
ဦးလဂန်ဇယ်ဂျုံး

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



နန်းယွန်း မဲဆန္ဒနယ်မှ
ဦးဝမ်းလှ

တစ်ပြည်လုံးတွင်ရှိသည့် တိုက်နယ်ဆေးရုံများတွင် ဆရာဝန်မရှိသည်မှာ အလွန်များသောကြောင့် မိမိတို့အနေဖြင့် အစိုးရအဖွဲ့သို့ စာတင်ပါကြောင်း၊ အစိုးရကသဘောတူညီချက်ဖြင့် ၁၃၀၃ ဦးကို တစ်ပြည်လုံးတွင် ခန့်အပ်ရန် စာပြန်လာပါကြောင်း၊ ဆရာဝန်ဦးရေ ၁၃၀၃ ဦးတွင် ပြည်နယ် ၇ ခု၌ လျှောက်သည့် ဦးရေသည် အနည်းငယ်သာရှိပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးများကိုလည်း ခေါ်ယူရန် အစီအစဉ်ရှိပါကြောင်း၊ အဆိုပါ ဆရာဝန် ၁၃၀၃ ဦးသည် ယခုနှစ် ဝင်မည်ဆိုပါက ဖောင်ကြီးသင်တန်းမတက်ခိုင်းဘဲ အင်တာဗျူးဖြေပြီး ချက်ချင်းခန့်အပ်မည်ဖြစ်ပါကြောင်း။

သူနာပြုဦးရေ ၂၅၀၀ ကျော် အောင်စာရင်းထွက်လာပါက အကုန်ခန့်အပ်မည်ဖြစ်

သူနာပြုများအနေဖြင့် သူနာပြုဦးရေ ၂၅၀၀ ကျော် အောင်စာရင်းထွက်လာပါက အကုန်ခန့်အပ်မည်ဖြစ်ပါကြောင်း၊ မကြာခင်ကာလတွင် သူနာပြုဦးရေ လုံလောက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လာမည့်နှစ်တွင် တစ်နှစ်လျှင် သူနာပြုဦးရေ ၄၅၀၀ ခေါ်ယူရန်အတွက် စီစဉ်ပြီးဖြစ်ပါကြောင်း၊ ဆေးဘက်ကျွမ်းကျင် –၄ လစ်လပ်နေရာများအနေဖြင့် သစ်လွင်ခန့်ထားသည့်အချိန် ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ပန်ဆောင်တိုက်နယ်ဆေးရုံကို ပေးရန်ရည်ရွယ်ထားပါကြောင်း၊ ဓာတ်ခွဲကျွမ်းကျင် – ၃ ကို သင်တန်းပြီးမြောက်ချိန် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလတွင် နန်းယွန်းနှင့် ပန်ဆောင်တိုက်နယ်ဆေးရုံတို့ကို တစ်ဦးစီ ခန့်ထားရန်ရည်ရွယ်ထားပါကြောင်း၊ နန်းယွန်းတိုက်နယ် ဆေးရုံတွင် အင်တာန်းဝန်ထမ်းနှင့် နေ့စားဝန်ထမ်းများကို လုံလောက်စွာခန့်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တိုးတင်တပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဖွင့်ပေးရန် သင့်၊ မသင့် ပြန်လည်သုံးသပ်သည့်အခါ တိုင်းဦးစီးမှူးအနေဖြင့်လည်း ဖွင့်သင့်ကြောင်း ထောက်ခံပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးသို့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက်က အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် မေးမြန်းထား

ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ ကောလင်းမြို့နယ် တိုးတင်တပ်ကျေးရွာ၊ ဥမင်ကုန်းကျေးရွာ၊ ဖလဲကျေးရွာနှင့် ဥသျှစ်ပင်ကျေးရွာတို့အတွက် ကျေးလက်ကျန်းမာရေးဆေးပေးခန်းများ ချပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုးတင်တပ်ကျေးရွာသည် ကုက္ကိုကုန်းကျေးလက်ကျန်းမာရေးဌာနနှင့် ၃ မိုင်ခွဲဝေးပါကြောင်း၊ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၂၅ မိုင်ခွဲဝေးပါကြောင်း၊ ထို့ကြောင့် တိုးတင်တပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ဖွင့်ပေးရန်သင့်၊ မသင့် ပြန်လည်သုံးသပ်သည့်အခါ တိုင်းဦးစီးမှူးအနေဖြင့်လည်း ဖွင့်သင့်ကြောင်း ထောက်ခံပါကြောင်း၊ထို့ကြောင့် တိုင်းဒေသကြီးသို့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက်က အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် မေးမြန်းထားပါကြောင်း၊ သဘောထားမှတ်ချက်တွင် သင့်တင့်သည်ဟု စာပြန်ပါက ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဥမင်ကုန်းကျေးရွာသည် ချောင်းကွေ့ကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင်ရှိပြီး ၂ မိုင်ခွဲသာ ဝေးပါကြောင်း၊ ကောလင်းမြို့နယ်ဆေးရုံနှင့် ၈ မိုင်ဝေးပါကြောင်း၊ ဥမင်ကုန်းကျေးရွာတွင် အမှန်တကယ် လိုအပ်မှုရှိ၊ မရှိကို တိုင်းဦးစီးမှူးသို့ မေးမြန်းသည့်အခါ မထားသင့်ပါကြောင်းကို စာပြန်ပါကြောင်း၊ ကျေးလက်ကျန်းမာရေး ဌာနခွဲအသစ် တစ်ခု တည်ဆောက်မည်ဆိုပါက အချက် ۶ ချက်ရှိရမည်ဖြစ်ပြီး ယခုအခါ အချက် ၂ ချက်သာ ကိုက်ညီသည့်အတွက် ဥမင်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် မသင့်တော်ပါကြောင်း။

ဖလဲကျေးရွာသည် ဆင်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၂ မိုင်သာ ဝေးပါကြောင်း၊ ခန့်သာတိုက်နယ်ဆေးရုံနှင့် ၄ မိုင်ဝေးပါကြောင်း၊ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် မိုင် ၂၀ ဝေးပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲပေးသင့်၊ မပေးသင့် တိုင်းကျန်းမာရေးမှူးကို မေးမြန်းသည့်အခါ လိုအပ်မှုမရှိသည်ကို အကြောင်းပြန်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တည်ဆောက်မှုလိုအပ်သည့် မူ ۶ ချက် အနက် ၁ ချက်သာ ကိုက်ညီမှုရှိသောကြောင့် ဖွင့်လှစ်ရန် မသင့်တော်ပါကြောင်း။

ဥသျှစ်ပင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု တောင်းပါကြောင်း၊ အမှန်တကယ်တွင် ဥသျှစ်ပင်ကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိခဲ့သော ကြို့ပင်ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရှိပါကြောင်း၊ သားဖွားဆရာမ တစ်ဦးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ ဒိုက်ဦးမြို့နယ် မော်အင်းကျေးရွာအုပ်စု မော်အင်းကျေးရွာ ရွာလယ်လမ်းမကြီး အရှည် (၁)မိုင်ခွဲခန့်ရှိသော မြေသားလမ်းအား ဂဝံလမ်းအဖြစ်သို့ ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း၊ ဒေလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယသိပ္ပံကျောင်းများမှ သင်တန်းပြီးမြောက်သည့် သင်တန်းသား၊ သင်တန်းသူများကို ကျောင်းဆင်းပြီးနောက် အခြေခံပညာကျောင်းများတွင်ကျောင်းသားကျောင်းသူများ အားကစားနှင့်ကာယပညာသင်ကြားနိုင်ရန်အတွက် အခြေခံဝန်ထမ်းနေရာခန့်ထားပေးခြင်းအား ပညာရေးဝန်ကြီးဌာနနှင့် စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ ပြည်သူ့ဆေးရုံများတွင် ပြည်သူများ လာရောက်ဆေးကုသမှုခံယူသောအခါ၌ ပြည်သူများအတွက် အခမဲ့ကုသခွင့်ပေးသည့် ဆေးနှင့် ဆေးပစ္စည်းများ ရှိ၊ မရှိနှင့် အခမဲ့အသုံးပြုခွင့်ပေးထားသောဆေးနှင့် ဆေးပစ္စည်းများကို ဆေးရုံများတွင် ပြည်သူများသိရှိစေရန် ရေးသားဖော်ပြထားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူအတည်ပြုသင့်သည့် အချက် ၁၁ ချက်၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် အချက် ၁ ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက် ၄ ချက်တို့ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ ဆန္ဒရယူအတည်ပြုသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ကြောင်း အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁۶)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် မေ ၁၈

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအသီးသီး၏ အကျိုးဖြစ်ထွန်းစေမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာစွာဖြင့် မဲဆန္ဒရှင်ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုးသယံဇာတပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုးဝင်း၏ (N) မမြဦးပိုင်ထွက်ရှိထားသည့် လယ်ယာမြေများကို အမြဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက “၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ” အရ လျှောက်ထားစေခြင်းများမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံ မြေစာရင်းလက်စွဲ ဥပဒေပုဒ်မ (၅၈၂) ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ (N) မမြဦးပိုင်မှ အမြ ဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်က မြန်မာနိုင်ငံ မြေစာရင်းလက်စွဲဥပဒေပုဒ်မ (၅၈၂) ပါပြဋ္ဌာန်းချက်သည် မြေမျိုးပြောင်းလဲသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်အရ စိုက်ပျိုးမှုအခြေအနေ တည်မြဲသည် မမြဲသည်ကို ဆုံးဖြတ်ရာတွင်လည်း လက်တွေ့ဖြေရှင်းသည့်အခါ ပြဿနာများရှိသည်ကို အတိအလင်းဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ကွင်းဖွဲ့တိုင်းတာခြင်းနှင့် ဦးပိုင် ပိုင်ဆိုင်မှုစာရင်းကောက်ယူနိုင်ခြင်းတို့ မရှိသေးသည့် ဒေသများရှိ မမြဦးပိုင်များကို အမြဦးပိုင် ပြောင်းလဲရာတွင် မဖြစ်နိုင်သေးပါကြောင်း၊ ထို့ကြောင့် အဆိုပါ အခြေအနေတွင် မြေမျိုးကြီးအနေဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစာရင်းများအဖြစ်သာ မှတ်သားတည်ရှိနေခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ပထမဦးစွာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့် အညီ လုပ်ပိုင်ခွင့်ရရှိရေးလျှောက်ထားစေပြီး စိုက်ပျိုးမှုတည်ငြိမ်လာသည့် အခါမှသာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရေး ဆက်လက်လျှောက်ထားစေခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ ဥပဒေနှင့် ညီညွတ်စွာစီမံဆောင်ရွက်သွားနိုင်မည့်အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်တိုင်းရင်းသားလူငယ်များအတွက် လူငယ်စင်တာအပြင် ရခိုင်တိုင်းရင်းသားများအားလုံး အသုံးပြုနိုင်ရန်အတွက် ရခိုင်ကွန်မြူနတီစင်တာတစ်ခု ဖြစ်ပေါ်လာရေးကို အဓိက ရည်ရွယ်ချက်တစ်ခုအဖြစ်ထားရှိကာ ဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအနေဖြင့် ရန်ကုန်ရောက်ရခိုင်တိုင်းရင်းသားလူငယ်များအတွက် လူငယ်စင်တာဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ရခိုင်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ငွေများ မည်ကဲ့သို့ သုံးစွဲနေကြောင်း သိရှိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ရန်ကုန်တိုင်းဒေသကြီးတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှစ်ဦးရှိပါကြောင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအနေဖြင့် ရခိုင်တိုင်းရင်းသားလူငယ်များအတွက် လူငယ်စင်တာအပြင် ရခိုင်တိုင်းရင်းသားများ အားလုံးအသုံးပြုနိုင်ရန်အတွက် ရခိုင်ကွန်မြူနတီစင်တာတစ်ခု ဖြစ်ပေါ်လာရေးကို အဓိကရည်ရွယ်ချက်တစ်ခုအဖြစ်ထားရှိကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို စတင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနများကို စနစ်တကျ ဆောင်ရွက်လာနိုင်ပြီး ရခိုင်လူငယ်ကွန်မြူနတီစင်တာပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန အနေဖြင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၇၀၀၊ ၂၀၁۷–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၂၃၀၀၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၉၉၅ ဒသမ ၅၈ သိန်း၊ ၂၀၁၉ – ၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၃၇၀ တို့ဖြင့် ဆရာတော်ဦးဥတ္တမ၏ သမိုင်းမှတ်တမ်း၊ ရခိုင်ဝေါဟာရအဘိဓာန် (ဒုတိယအကြိမ်)၊ ရခိုင်ရေးဟောင်းမြို့တော်များစသည့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ရခိုင်အမျိုးသားနေ့၊ ဆရာတော်ဦးဥတ္တမနေ့၊ ရခိုင်ပြည်နယ်နေ့၊ ရခိုင်ရိုးရာသင်္ကြန်စသည့် အခမ်းအနားပွဲတော်များအပြင် ရခိုင်ရိုးရာ နံ့သာသွေးပွဲ၊ ဘုရားရေသပွာယပ်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ရတုပြိုင်ပွဲနှင့် ရခိုင်ရိုးရာသီချင်းပြိုင်ပွဲများ စသည်တို့ကို ယဉ်ကျေးမှုပြန်လည်ဖော်ထုတ်ရေး အစီအမံများအနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ရခိုင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၊ ရခိုင်လူငယ်အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ရခိုင်တိုင်းရင်းသားလူငယ်များအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါပွဲတော်များ ကျင်းပသည့်အခါတွင် ရခိုင်တိုင်းရင်းသားများသာမက ကျန်တိုင်းရင်းသားများအနေဖြင့်လည်း ပါဝင်ဆင်နွဲလျက်ရှိပါကြောင်း၊ အလားတူ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာတွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ရှိသည့် တိုင်းရင်းသားလူမျိုးစုများ၏ နေ့ထူးနေ့မြတ်များ၊ အထိမ်းအမှတ်အခမ်းအနားများကို စီစဉ်ကျင်းပပေးနေရုံသာမက တိုင်းရင်းသားလူမျိုးစုများ၏ တွေ့ဆုံရပ်အဖြစ်လည်း ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါ်ခင်ဆွေလွင် ၏ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်း နေထိုင်ကြသော ရာ၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်းစသည့်မျိုးနွယ်စုများ၏ တိုင်းရင်းစာပေသင်ကြားမှုအား မည်ကဲ့သို့ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့် ဥပဒေပါအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှမော်ဦး က ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ ရာ၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်းစာပေများကို အခြေခံပညာကျောင်းပေါင်း ၁၂ ကျောင်းတွင် တိုင်းရင်းသားဘာသာသင် Teaching Assistant ၉၁ ဦး၊ Language Teacher ၁၁၂ ဦးဖြင့် သင်ကြားလျက်ရှိပါကြောင်း၊ အဆိုပါစာပေများ သင်ကြားရန်အတွက် ဆရာ ဆရာမများခန့်ထားရာတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပေးပို့တင်ပြလာသော လျှောက်ထားသူများအား သတ်မှတ်ချက်နှင့်အညီ စိစစ်ရွေးချယ်ပြီး ၎င်းတို့ဆန္ဒပြုသည့် ကျောင်းများ၌ ခန့်ထားဆောင်ရွက်ပေးနေပါကြောင်း၊ ၂၀၁၀ – ၂၀၂၁ ပညာသင်နှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော တိုင်းရင်းသားဘာသာသင်ရိုး၊ ကျောင်းသုံးပုံနှိပ်စာအုပ်များဖြင့် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူဦးရေ၊ ဆရာ ဆရာမဦးရေနှင့် တိုင်းရင်းသားဘာသာအလိုက် လိုအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်း ချင်းတိုင်းရင်းသားလူမျိုးစုများ၏ စာပေများ ရှင်သန်ဖွံ့ဖြိုးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲကိုလည်း ဖြစ်ပေါ်စေဆိုသည့် အခြေခံမူအား လိုက်နာ၍ လည်းကောင်း သတ်မှတ်သင်ကြား ခွင့်ပြုထားသည့် ချင်းတိုင်းရင်းသားဘာသာများကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ်လွှတ်တော်တို့အနေဖြင့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား စာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိသည့် ချင်းတိုင်းရင်းသားဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့မှ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးလှကျော်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးစိုးဝင်း



ဒုတိယဝန်ကြီး ဦးလှမော်ဦး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးခင်မောင်လတ် ၏ စစ်တွေမြို့နယ် ဆတ်ရိုးကျေးရွာနှင့် ကျေးတောကျေးရွာအုပ်စုတို့မှ လယ်သမား ၂၃ ဦးတို့၏ လယ်မြေ ၁၄၂ ဒသမ ၄၉၇ ဧက သိမ်းဆည်းမှုအား ကျေးရွာနှင့် မြို့နယ်အဆင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးတင်အောင်ထွန်း၏ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ကွင်းအမှတ် (၇၇၁) နန္ဒဘာကွင်း၊ ဦးပိုင်အမှတ် (၈၀/၃)၊ ဧရိယာ ၀ ဒသမ ၇၃ ဧကရှိ ယာမြေအား အခြားနည်းအသုံးပြုခွင့်လျှောက်ထားရာတွင် လုပ်ငန်းစာတွဲအမှတ်၊ ၁၆/ လယ(၃၀)/ ၂၀၁၆ – ၂၀၁၇/ မကွေး/ ပွင့်ဖြူ အမှုတွဲသည် လိုအပ်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် အမြန်ဆုံးခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ နှင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက်နေ့က လုပ်ငန်းစာတွဲ စတင်ဆောင်ရွက်ခဲ့ရာ မည်သည့်အတွက် သုံးနှစ်ကျော် ကြာမြင့်နေသည်ကို သိရှိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အသေးစားငွေရေးကြေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ဝိုက်မန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမင်းဦး က အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာဌေးကြွယ်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ယင်းအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်းနှင့် ယင်းအဆိုနှင့် စပ်လျဉ်းသည့်မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူတို့၏ အမွေခံတို့ထံသို့ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးကြွယ်နှင့် ဦးကျော်ကျော်တို့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုသည့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက ၂ မိနစ် မတ်တတ်ရပ်၍ ငြိမ်သက်ကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

■ *ကျောဖုံးမှ*

ဗီလာအသင်းပိုင်ရှင်များဖြစ်သည့် နာဆက်ဖ်ဆဝီရစ်နှင့် ဝက်စ်အီဒင်စ်တို့သည် မည်သည့်နည်းနှင့်မျှ ဂရီရယ်လစ်ချ်အပေါ် သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးထက် လျော့နည်းလျှင် ရောင်းထုတ်သွားမည်မဟုတ်ကြောင်း ဆိုထားသည်။ အဆိုပါ ပိုင်ရှင်နှစ်ဦးသည် အက်စ်တွန်ဗီလာ အသင်းကို ပရီမီယာလီဂ်သို့ တန်းတက်ခွင့်ရအောင် ငွေကြေးမြောက်မြားစွာအသုံးပြုထားကာ ယခုနှစ်ရာသီတွင်လည်း ပေါင်သန်း ၁၅၀ အထိ သုံးစွဲထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အက်စ်တွန်ဗီလာအသင်းသည် ၂၀၁၅–၂၀၁၆ ရာသီနောက်ပိုင်း ယခုနှစ်တွင် ပထမဆုံးအကြိမ် ပရီမီယာလီဂ်သို့ တန်းတက်ခွင့်ရခဲ့သည့်အသင်းလည်းဖြစ်သည်။

အခြားသတင်းများတွင် မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား တိုလစ်ဆိုကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဖော်ပြထားသည်။ ဘိုင်ယန်မြူးနစ်အသင်းကလည်း မန်စီးတီးအသင်းမှ ဂျာမနီတောင်ပံ ကစားသမား ဆာနေး (၂၄နှစ်) ကို ခေါ်ယူရေး ရန်ပုံငွေမြှင့်တင်နိုင်ရန်အတွက် အဆိုပါ အသက် (၂၅နှစ်)အရွယ် ပြင်သစ်ကစားသမားကို အသင်းမှ ထွက်ခွာခွင့်ပြုဖွယ်ရှိနေကြောင်း သိရသည်။

ဂရီရယ်လစ်ချ်သည် အက်စ်တွန်ဗီလာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇၆ ပွဲ ပါဝင်ကစားထားပြီး ၂၄ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ **အောင်ဧော်**

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၉ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနကအောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ တင်ရွှေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၄-၅-၂၀၂၀ ရက်နေ့တွင် ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ တင်ရွှေ(၄၅)နှစ်၊ (ဘ)ဦးသောင်းစိန် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အမှတ် (၁) ရပ်ကွက်နေ မြင့်မောင်(၅၀)နှစ်၊ (ဘ)ဦးရွှေ၊ အမှတ်(၃)ရပ်ကွက်နေ စိုးသီဟ(၃၄)နှစ်၊ (ဘ)ဦးထွန်းဝင်းနှင့် သန့်ဇော်ဦး(၃၆)နှစ်၊ (ဘ)ဦးမျိုးသန့်တို့(၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရှင်ဗွေယန်) မယ(ပ)၈/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ရွှေကျီးနား ရပ်ကွက်နေ လှဝေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၆-၅-၂၀၂၀ ရက်နေ့တွင် ဗန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်နေ လှဝေ(၆၂)နှစ်၊ (ဘ)ဦးနက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗန်းမော်)မယ(ပ)၇၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	၁၂-၅-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာနေ စိုးတင့်(၃၉)နှစ်၊ (ဘ)ဦးအောင်သိန်း ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ)၉၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၄	စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ ထွန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၃-၅-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ အောင်ဝင်း(၅၉)နှစ်၊ (ဘ) ဦးအုန်းမောင်၏ ငါးကန်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ထွန်းအောင်(၄၁)နှစ်၊ (ဘ)ဦးဖိုးချောတို့ (၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၇၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၁၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၅)ဦး၊ မ(၃)ဦး၊ ပေါင်း(၁၈)ဦးတို့အား စိတ်ကြွဆေးပြား များ၊ စိတ်ကြွဆေးပြား အကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၃-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ ဖြိုးလွင်ဦး(၂၇)နှစ်၊ (ဘ) ဦးလှကြိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဇော်ဝင်းခက်(ခ)ရွှေအိုးစည်(၂၆)နှစ်၊ (ဘ)ဦးမျိုးမြင့်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး သီရိမြိုင်ရပ်ကွက်နေ ဒေါ်ယဉ်နွယ်သိန်း (၃၃) နှစ်၊ (ဘ)ဦးမြင့်သိန်းထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းတို့(၃)ဦးအား မမစ(ကော့သောင်း) မယ (ပ) ၉၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာ အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၆)ဦး၊ မ(၃)ဦး၊ ပေါင်း(၉)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၀-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ အောင်ကျော်စိုး(၃၅)နှစ်၊ (ဘ)ဦးခင်မောင်ရင်၏နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၇	မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက် အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး	၁၀-၅-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်နေ သာထူး(ခ)မြင့်ရွှေ(၄၈)နှစ်၊ (ဘ)ဦးသောင်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့်
	သူ ပေါ များ လျ က် ရှိ ကြော င်း သတင်းပေးပို့ခြင်း။	နမစ(မုပွန်) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၈	မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင် ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၂-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင် သွားကားလမ်းပေါ်၌ ကမာဝက်မြို့၊ ထောင်ကေးရပ်ကွက်နေ မြမိုးဦး(၄၀)နှစ်၊ (ဘ)ဦးထွန်းလှ နှင့် ဝင်းအောင်(၄၇)နှစ်၊ (ဘ)ဦးသောင်းဟန်တို့(၂)ဦး စီးနင်းလာသည့် Hijet ယာဉ်အားရပ်တန့်စိစစ်ရာ ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ (ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဇင်ဘိုထက်(၂၆)နှစ်၊ (ဘ)ဦးအောင်ညွန့်ဝေ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်)မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(ဂ) ဖြင့် လည်းကောင်း၊ ၁၃-၅-၂၀၂၀ ရက်နေ့တွင် ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ ဈေးကြို ရပ်ကွက်နေ ရန်နိုင်ကိုကို(ခ)သားကြီး (၃၉)နှစ်၊ (ဘ)ဦးစိုးမြင့်နှင့် တင်မောင်လွင်(ခ)ခေါင်းကြီး (၄၆)နှစ်၊ (ဘ)ဦးအေးစွတ်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(က)/၂၁ ဖြင့် လည်းကောင်း၊ ၁၄-၅-၂၀၂၀ ရက်နေ့တွင် ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ တောင်ဝိုင်းရပ်ကွက်နေ အောင်ပြည့်လျှံစိုး(၂၁)နှစ်၊ (ဘ) ဦးချွန်စိုးနှင့် ကောင်းရှန်ထက် (၂၂)နှစ်၊ (ဘ) ဦးခင်မောင်ဦးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၈/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁۶(က)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ ရုံးကြီးလမ်းနေ သန်းဝင်း(၃၇)နှစ်၊ (ဘ) ဦးအုန်းရွှေ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY နှင့် R စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ (ပ)၂၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။
၉	ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	၁၁-၅-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ ဒေါ်အေးမိစ်(၄၁)နှစ်၊ (ဘ)ဦးအောင်ငြိမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သန်လျင်) မယ(ပ)၃၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(က)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၁၃-၅-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ အရှေ့ပိုင်းတက္ကသိုလ်(တာဝ) အရှေ့လမ်းပေါ်၌ ဘုရားကုန်း ကျေးရွာနေ စည်သူအောင် (၂၀)နှစ်၊ (ဘ)ဦးရဲထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်)မယ (ပ)၃၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(ဂ)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။
၁၀	ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ရန်ကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁۶-၅-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ရန်ကျော်(ခ)ရန်ကျော်သွင်(၂၉)နှစ်၊ (ဘ) ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ညီအစ်မဝမ်းကွဲဖြစ်သူ မအိချောပို(ခ) နိုနိုဂျူလိုင်(၂၀)နှစ်၊ (ဘ) ဦးခင်မောင်ကြီး တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၁	ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	၁۶-၅-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ချိုတူး(၂၈)နှစ်၊ (ဘ)ဦးပြုံးချို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ၎င်းရပ်ကွက်နေ လင်းထွန်းဦး(၃၅)နှစ်၊ (ဘ)ဦးဝင်းနိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ အောင်ကျော်လင်း(၃၀) နှစ်၊ (ဘ)ဦးမောင်သိန်း၊ လှိုင်သာယာမြို့နယ်၊ အလယ်ရွာနေ ကိုကိုအောင်(၁۶)နှစ်၊ (ဘ)ဦးသန်းစိုးနှင့် မရမ်းကုန်းမြို့နယ်၊ အမှတ်(၁) ရပ်ကွက်နေ နိုင်မင်းအောင် (၁၄)နှစ်၊ (ဘ)ဦးမြင့်နိုင်တို့ (၅)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၈၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၂	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်နေ အောင်မင်း(၃၃)နှစ်၊ (ဘ) ဦးဝင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံတောင်)မယ(ပ) ၅၃/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁۶(ဂ)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ ချစ်ခင်(၃၁)နှစ်၊ (ဘ)ဦးသံချောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်) မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁۶(ဂ)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

၁၃	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၈)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၀) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၀-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅) ရပ်ကွက်၊ ညောင်ပင်ကုန်းပေါ်၌ ၎င်းရပ်ကွက်နေ အိုက်စံ(၁၉)နှစ်၊ (ဘ) ဦးအိုက်ရွန်းအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ (ပ)၉၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၁၅-၅-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ လွယ်လိုရှမ်းကျေးရွာ အဝင်လမ်းပေါ်၌ အမှတ်(၃) ရပ်ကွက်နေ စိုးသက်ခိုင် (၃၃)နှစ်၊ (ဘ) ဦးအိုက်ခမ်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၁၀၃/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။
၁၄	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာနေဒေါ်ကြည်ဌေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၅-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာနေဒေါ်ကြည်ဌေး(၃၇)နှစ်၊ (ဘ)ဦးထော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ (ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၆-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၁၂၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၄၄၃)ဦး၊ မ(၂၈၁)ဦး၊ ပေါင်း(၁၇၂၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၀၀၄.၄၅၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၂၈၅၀.၇၃၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၆၈၅၇၉)ပြား၊ ဆေးခြောက် (၁၀၆၅၈.၈၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၉၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ	-	antinarcotics@presidentoffice.gov.mm

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးသွားမည်

နေပြည်တော် မေ ၁၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ်တစ်မျိုး (၂၀၀ ကျပ်တန်)အား ၂၀၂၀ပြည့်နှစ် မေလ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် မေ ၂၀ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်း များနှင့် ပထမနေ့စာအိတ် (Firstday Cover)များ ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

ရာပြည့်မှသည်...

- အမိတက္ကသိုလ်၊ မြကျွန်းညို၏ ကွန်းခိုပုံရိပ်၊ အသေးစိတ်နှင့် အတိတ်သမိုင်း၊ ဖြစ်ရပ်တိုင်းကို ဝိုင်း၍ရေးကြ၊ မှတ်သားရ၏ အားရကျေနပ်လှပါသည်။
- ဧကလေးရာ၊ တောအုပ်သာဝယ် ဦးစွာခြေချ၊ တည်ဆောက်ကြခဲ့ ကာလရှည်ကြာ၊ ယခုခါတွင် မဟာတက္ကသိုလ်၊ အလှပို၍ ရွန်းစိုလှပ၊ စိမ်းလန်းလှ၏ လမ်းမအဓိပတိ၊ စွမ်းအားပြည့်နှင့် အားဖြည့်ဂုဏ်တင်၊ သစ်ပုပ်ပင်နှင့် သဘင်ဘွဲ့နှင်း၊ ခံ့ထည်ခြင်းနှင့် ရင်တွင်းပွေ့ပိုက်၊ စာကြည့်တိုက်နှင့် ရင်၌ရှုမော၊ ဂျက်ဆင်ဟောနှင့် မမောမပန်း၊ ပီတိလွှမ်း၍ လျှောက်လှမ်းလေ့လာ၊ မကုန်ရာတည့်။
- ဤမှာကျောင်းဆောင်၊ လူနေဆောင်နှင့် များမြောင်လမ်းသွယ်၊ ကူးယှက်နွယ်၏ ဘယ်သူဘယ်ကျောင်း၊ မပြိုင်ကောင်းတည့် နှစ်ပေါင်းရာပြည့်၊ ဂုဏ်ပေါင်းပြည့်သည့် မြန်ပြည့်တံခွန်၊ ကျောင်းတော်မွန်ကို အကျွန်ဦးခိုက်၊ ကြိုဆိုလိုက်သည် ဆက်တိုက်ရှေ့သို့ လှမ်းစေသော်ဝ်။ ။

ပန်းတောင်းသန်းကြွယ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၈

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ မိုး/ဇလ

** ကျောဖုံးမှ*

ထို့အပြင် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ၊ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့ကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် O2B မုန်တိုင်း၏ အရှိန်ကြောင့် ကုန်းတွင်းပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ မြိုင်မြို့နယ်တို့ရှိ ယောချောင်း၊ ရွှေချောင်းနှင့် အခြားသဲချောင်းများ၌ ချောင်းရေများ အဆမတန်ကျဆင်းလာခဲ့ရာမှ လျှပ်တစ်ပြက် ရေကြီးခြင်းဖြစ်ပွားခဲ့ပြီး နံနက် ၄ နာရီအချိန်ခန့်တွင် ရုတ်တရက်ဖြစ်ပေါ်ခြင်းလည်းဖြစ်သဖြင့် ရှောင်တိမ်းချိန်မရခြင်းနှင့် ချောင်းဧရိယာအတွင်း သဲသောင်များ၌ စိုက်ပျိုးရေးလုပ်ကိုင်ပြီး ယာယီနေထိုင်ကြသူများလည်းရှိသဖြင့် သေဆုံးသူ ၄၆ ဦး၊ ပျောက်ဆုံးသူ ၁၁၅ ဦးရှိခဲ့ပြီး ဆုံးရှုံးမှုကြီးမားခဲ့ပါသည်။

မုန်တိုင်းကြောင့်မဟုတ်သော်လည်း ၂၀၁၈ ခုနှစ် ရေဘေးကာလအတွင်း၊ ဩဂုတ်လတွင် မွန်ပြည်နယ် ပေါင်မြို့နယ်၌ အချိန်တိုအတွင်း မိုးရေချိန်များစွာရွာသွန်းမှုကြောင့် မလတ်တောင်ပြိုမှု ဖြစ်ပွားခဲ့ရာ လူ ၇၃ ဦး သေဆုံးပြီး ၆၃ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

သို့ဖြစ်ရာ ယခုဖြစ်ပေါ်လျက်ရှိသည့် အမ်ဖန်(AMPHAN)စူပါဆိုင်ကလုန်း မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသဖြင့် ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းရန် မလိုနိုင်သော်လည်း မုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပေါ်တတ်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ တောင်ကျချောင်းများတွင် ရေများ ရုတ်တရက်ကျဆင်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်တတ်ကြောင်းကို ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသနေပြည်သူများအနေဖြင့်လည်း သတိပြုကြိုတင်ပြင်ဆင်နေထိုင်ရန် လိုအပ်ပြီး အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာနိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

(၁) နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေး၍ လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ပြုပြင်ဆောင်ရွက်ပါ။ အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ကြိုတင်ခုတ်ထွင် ရှင်းလင်းထားပါ။

(၂) လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်တို့တွင် သစ်ပင်၊ သစ်ကိုင်းများ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ ကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊ လေပြင်းနှင့်အတူ လွင့်ပါလာသည့် သွပ်နှင့် အခြားအရာဝတ္ထုများကြောင့် ထိခိုက်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပွားနိုင်သဖြင့် တတ်နိုင်ပါက အဆောက်အအုံအပြင်ဘက်သို့ မထွက်ပါနှင့်။ ဖုန်းများအသုံးမပြုပါနှင့်။ လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။

(၃) လေတိုက်နှုန်း တစ်နာရီ မိုင် (၅၀၊ ၆၀)ခန့်သည် တဲအိမ်ငယ်များ ပြိုလဲနိုင်ခြင်း၊ နေအိမ်များ အမိုး၊ အကာလန်ခြင်းများလည်း ဖြစ်ပွားနိုင်သဖြင့် မိမိအိမ်သည် လေပြင်းဒဏ် ခံနိုင်ရည်အားနည်းသည်ဟု ယူဆပါက ခိုင်ခံ့သည့် နီးစပ်ရာအိမ်များ၊ အဆောက်အအုံများသို့ ကြိုတင်ရှောင်ရှားနေထိုင်ပါ။

(၄) မိုးသည်းထန်စွာ ရွာသွန်းရာမှ လျှပ်တစ်ပြက် ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး လျှပ်တစ်ပြက် ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။

(၅) အန္တရာယ်ရှိသည့်မြစ်ချောင်းများ၊ တောင်ကျချောင်းများ၊ တောင်ခြေများ၊ တောင်စောင်းများ စသည့် မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်နိုင်သည့် နေရာများတွင် နေထိုင်သူများ အထူးသတိပြုနေထိုင်ပါ။ လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။

(၆) မိုးထစ်ချုန်းရွာသွန်းနေချိန် တောင်ကျချောင်းများအတွင်း မော်တော်ကား၊ မော်တော် ဆိုင်ကယ်၊ နွားလှည်းများ၊ လူများ မဖြတ်သန်းပါနှင့်။ ရုတ်တရက် ရေများအရှိန်ဖြင့် စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိနိုင်ပါသည်။

(၇) လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများ ပြီးစီး၍ အပြင်ထွက်ပါက လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ မြွေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏အန္တရာယ်ကို သတိပြုပါ။ တောင်စောင်းများ၊ မြစ်ချောင်းများ၊ တောင်ကျချောင်းများအနီးသို့ မသွားပါနှင့်။

(၈) မိမိတို့ရပ်ရွာအတွင်း လေပြင်းဒဏ်ခံနိုင်သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အအုံများသို့ ခေတ္တရှောင်ရှားနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာ နေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ငယ်သူငယ်ချင်းနဲ့ကမ္ဘာမြေကြီး

သိန်းထွန်း (IR)

ကူးစက်ရောဂါဖြစ်ပွားနေချိန်ဆိုတော့ အိမ်ထဲမှာပဲ နေနေကြရပါတယ်။ တော်တော်တန်တန် အရေးမကြီးဘဲနဲ့ မထွက်ရဲတာလည်း ပါတာပေါ့။ အပြင်လည်း မသွား၊ ဘယ်သူနဲ့မှ မတွေ့ဖြစ်ဘဲ အိမ်ထဲမှာပဲ ရက်ကြာလာတော့လည်း နည်းနည်း ငြီးငွေ့လာမိတယ်။ အိုင်တီခေတ်ကြီးဆိုတော့ အရင်ခေတ်ကာလများကလို လူချင်းတွေ့မှရတဲ့ ခေတ်တော့ မဟုတ်ပါဘူး။ ဖုန်းနဲ့စကားပြောလို့ရ၊ ရုပ်မြင်ချင်လည်းရ၊ စာပို့လို့ရဆိုတော့ အားလုံးနဲ့အဆက်ပြတ်တယ်လို့ မဆိုနိုင်ဘူးလေ။ လူချင်းမျက်နှာချင်းဆိုင် မတွေ့တာကလွဲလို့ပေါ့။ ဒါပေမယ့် ခေတ်မီနည်းပညာတွေ၊ ပစ္စည်းအကူအညီနဲ့ တွေလို့ရတယ်ဆိုပေမယ့် လူချင်းတွေ့ပြီးပြောဆိုရတာက ပိုအရသာရှိတာတော့ အမှန်ပါပဲ။ အထူးသဖြင့် ငယ်သူငယ်ချင်းတွေနဲ့ပေါ့။

တစ်နေ့ကပဲ ငယ်သူငယ်ချင်းတစ်ယောက်က တစ်မြို့တည်းနေ ငယ်သူငယ်ချင်းတွေကိုဗစ်-၁၉ မဖြစ်ခင်လေးက ဆုံမိကြတဲ့အကြောင်းပြောရင်း အုပ်စုလိုက် ရိုက်ထားတဲ့ဓာတ်ပုံတွေ ပို့လာပါတယ်။ သူတို့ ကြည့်ရတာ ပျော်စရာကြီးပါ။ ငယ်သူငယ်ချင်းတွေ တစ်ခါတစ်ခါ ဆုံကြဖို့ဆိုတာက မလွယ်လှဘူး။ သူ့အလုပ် ကိုယ့်အလုပ်နဲ့ မြို့မှာ ကျန်တဲ့သူကျန်၊ သွားကြတဲ့သူသွားနဲ့ သိပ်လည်းမဆုံဖြစ်ကြဘူး။ တဖြည်းဖြည်း အသက်တွေလည်း ရလာတော့ စားဝတ်နေရေးအလုပ်ကိစ္စတွေ၊ မိသားစုကိစ္စတွေ၊ လူမှုရေးကိစ္စတွေကလည်း အများသားမို့လား။ အဆိုးထဲကအကောင်းလို့ ပြောရမလားတောင် မသိဘူး။ အခု ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်တော့ အားလုံးက ဘယ်မှာမှမသွားရဲကြတော့ဘူးလေ။ အိမ်တွင်းအောင်းကြပြီပေါ့။ အဲဒီတော့ ကိုယ်ပိုင်အချိန်တွေ အများကြီး ရလာတယ်။ အရင်က မလုပ်နိုင်သေးတဲ့ အလုပ်တွေ ပြန်ကောက်လုပ်နိုင်လာတယ်။ သူငယ်ချင်းတွေဆီ လူချင်းမတွေ့နိုင်တောင် ဖုန်းဆက်ချိန်တော့ရလာတယ်။ အရင်ကတော့ နှစ်ချီကြာလို့မှ တစ်ခါတွေ့ကြဖို့က အခက်သား။ ကိုယ်မအားတာနဲ့၊ သူ့မအားတာနဲ့ မဆုံဖြစ်ကြ၊ ဖုန်းမဆက်အားကြနဲ့။

ကိုဗစ် - ၁၉ ကြောင့် အရင်တုန်းက လုံးဝမအားပါဘူးဆိုတဲ့သူတွေလည်း အိမ်ထဲမှာပဲ နေနေရတယ်။ အပြင်မထွက်တာလည်း ကောင်းပါတယ်။ မေလအပူချိန်များကလည်း ကြောက်ခမန်းလိလိပါပဲ။ ချောက်မြို့ဆိုရင် ၄၆ ဒီဂရီစင်တီဂရိတ်ဆိုပဲ။ အဲဒီလို အပူချိန်နဲ့တော့ အိမ်ပြင်မထွက်တာပဲ ခပ်ကောင်းကောင်းဆိုရမှာပါ။ ကိုဗစ်-၁၉ ကူးမှာကြောက်ရ၊ အပူမိမှာ ကြောက်ရနဲ့။ တစ်နေ့က သတင်းတစ်ပုဒ်ထဲမှာ ပဲခူးမှာ အပူချိန်မြင့်တက်လို့ Heat stoke ဖြစ်ပြီး ၁၈ ယောက် ဆေးရုံတင်ထားရာကနေ လေးယောက် သေဆုံးပြီး သုံးဦး စိုးရိမ်ရတယ်လို့ ဖတ်လိုက်ရတယ်။ စိတ်မကောင်းဖြစ်မိသလို ကူးစက်ရောဂါနဲ့ ရာသီဥတုပူလွန်းတာအတွက်လည်း စိုးရိမ်မိပါတယ်။

ကိုယ့်မြို့ကလည်း အညာဒေသက အပူချိန်မြင့်တဲ့အထဲမှာ ပါနေတော့ သူငယ်ချင်းတွေကို သတိပေးလိုက်မိပါသေးတယ်။ ငယ်သူငယ်ချင်းအုပ်စုလိုက် ဓာတ်ပုံထဲ ကိုယ်မပါလိုက်ရလို့ စိတ်မကောင်းကြောင်းလည်း ပြောရင်းပေါ့။ ငယ်သူငယ်ချင်းဆိုတာကလည်း အခြားသူငယ်ချင်းအမျိုးအစားနဲ့ မတူဘူးလို့ပဲ ဆိုရမှာပါ။ သူငယ်ချင်းအမျိုးအစားတွေထဲမှာ ကျောင်းနေဖက်သူငယ်ချင်း၊ တက္ကသိုလ်သူငယ်ချင်း၊ ရပ်ကွက်ထဲက သူငယ်ချင်း၊ စီးပွားရေးမိတ်ဆွေ သူငယ်ချင်း စသဖြင့်ပေါ့လေ အများကြီးပဲပေါ့။ ဒီအထဲမှာမှ ငယ်သူငယ်ချင်းဆိုတာက ထူးခြားချက်လေးတွေနဲ့လို့ ခံစားရမိပါတယ်။ ဥပမာအားဖြင့် ငယ်သူငယ်ချင်းတွေမှာ သံယောဇဉ်ပိုတတ်ကြတာ၊ အတွင်းသိအစင်းသိဖြစ်တာ၊ ပိုပြီးပွင့်လင်းကြတာ၊ ပြောမနာ ဆိုမနာဖြစ်ကြတာ၊ အနစ်နာခံတတ်ကြတာ တွေဟာ ငယ်သူငယ်ချင်းတွေအကြား ပိုပြီး တွေ့ရလေ့ရှိတတ်ကြတယ်။ ပိုထူးခြားတာက ငယ်သူငယ်ချင်းဆိုတဲ့သဘောကို ပိုပြီးတန်ဖိုးထားတတ်ကြတာပါပဲ။

ကိုဗစ်-၁၉ မဖြစ်ပွားခင်က မြို့ကိုပြန်ရောက်တော့ ငယ်သူငယ်ချင်းတွေနဲ့ တွေ့ ဖြစ်ပါသေးတယ်။ အဝေးမှာရောက်နေတဲ့ သူငယ်ချင်းတွေလည်း မြို့ကို ပြန်ရောက်နေတာ၊ ငယ်ငယ်ကတည်းက မတွေ့ဖြစ်တဲ့ သူငယ်ချင်းတွေလည်း ရှိနေတာမို့ တစ်ရက်ဆုံဖြစ်ကြပါတယ်။ မတွေ့တာကြာတဲ့ သူငယ်ချင်းတွေ တွေ့ကြတော့လည်း အသက်တွေပြန်ငယ်သွားပြီး လက်ရှိဘဝတွေ မေ့သွားကြတာက ငယ်သူငယ်ချင်းတွေအကြားက ထူးခြားမှုတစ်ခုလို့ ဆိုရမလား မသိဘူး။ အသက်တွေမေ့၊ ရာထူးတွေမေ့၊ ငွေကြေးဓနတွေ မေ့ပေါ့။ ပိုဆိုးတာက ပတ်ဝန်းကျင်ကိုပါ မေ့သွားတာပါပဲ။ ပြောလိုက်ကြ၊ ဆိုလိုက်ကြတာ ဘေးပတ်ဝန်းကျင်ကတောင် သတိပေးယူရတဲ့အထိ ပါဆို။

ငယ်သူငယ်ချင်းတွေဆုံကြတော့ တစ်ယောက်တစ်ပေါက် ပြောမဆုံးပေါင်တောသုံးတောင်ထက် သာပါသေးတယ်။ ငယ်ကျိုးငယ်နာတွေ ဖော်လိုက်ကြ၊ ရယ်လိုက်ကြ၊ မေ့နေတာတွေ အစပြန်ဖော်ကြ၊ သူငယ်ချင်းတွေအကြား သာရေးနာရေးတွေ မေးကြပေါ့။ သူငယ်ချင်းတွေနဲ့တွေ့လို့ ပြောလိုက်ရ၊ ရယ်လိုက်ရရင် အတော်အတန် ဘဝအမောတွေက ပြေပျောက်သွားတယ်လို့ကို ထင်မိတာ။ စကားနိုင်လုပြီး ရယ်နေကြရတာကိုး။ အိမ်ကအမျိုးသမီးနဲ့ အကြောင်းသိတွေကတော့ နားလည်ပေးကြပါတယ်။ သူတို့ငယ်သူငယ်ချင်းတွေ တွေ့နေကြပြီ၊ အဲဒီငယ်ကျိုးငယ်နာတွေက ဘယ်တော့မှမပြီးတော့ဘူး၊ ပြောလိုက်ကြ ရယ်လိုက်ကြနဲ့ သူတို့ကိုယ်သူတို့ ဆယ်ကျော်သက်တွေများ အောက်မေ့နေလား မသိဘူးဆိုပြီး လှိုက်လှိုက်လှဲလှဲ အားပေးတတ်ကြတယ်။ ဘယ်နှတန်းတုန်းက ဘယ်သူက ဘယ်သူ့ကို ကြိုက်တာတွေ၊ စာပေးတာတွေ၊ ပြန်မကြိုက်တာတွေ၊ ဆရာမအရိုက်ခံရတာတွေကအစ ပါလိုက်သေးတယ်။ ဒီစကားတွေက အရင်တုန်းကလည်း ပြောခဲ့ကြဖူးတယ်၊ အခုအရွယ်မှာ ပြောတော့လည်း ပြောလို့ ရယ်လို့ ကောင်းနေတာက မဟောင်းနိုင်တဲ့၊ မရိုးနိုင်တဲ့ ငယ်သူငယ်ချင်း သံယောဇဉ်ကြောင့်လားတော့ မပြောတတ်ပါဘူး။

တကယ်တော့ ငယ်ဘဝတွေဟာ ရိုးသားကြတယ်၊ ဖြူစင်ကြတယ်၊ ချစ်စရာကောင်းကြတယ် မဟုတ်လား။ ဘာအရောင်၊ ဘာအစွဲရယ်လို့မှ မရှိတတ်ကြဘူးကိုး။ ဒီတော့လည်း တစ်ဦးနဲ့တစ်ဦးအကြား အမုန်းတရားတွေ ဆိုတာက ဝေလာဝေးပေါ့။ တစ်ယောက်နဲ့တစ်ယောက် အခန့်မသင့်လို့ ရန်ဖြစ်ကြရင်တောင်မှ မနက်ဖြစ် နေ့လယ်ကျ အတူပြန်ဆော့နေတတ်ကြတယ်လေ။ သာတယ် နာတယ်လို့ သဘောမထားတတ်ကြဘူး။ ဒီလိုဖြူစင်တဲ့ ကလေးဘဝကတည်းက သူငယ်ချင်းတွေဆိုတော့ ဟိတ်ဟန်လုပ်စရာလည်း မလိုဘူး။ အရင်ငယ်ဘဝတွေအတိုင်း ပြောကြ ဆိုကြရတာဆိုတော့ အဲဒီ ခံစားချက်က ဘာနဲ့မှ လဲလို့မရနိုင်ဘူး။

မိဘတွေ၊ ဆရာ ဆရာမတွေနဲ့ ပတ်ဝန်းကျင်ကလည်း ကလေးငယ်ဘဝတွေကို ရိုးသားဖို့၊ ဖြူစင်ဖို့၊ ကြိုးစားဖို့သာ သင်ပေးခဲ့ကြတယ်။ အစွဲတွေ အရောင်တွေ မဆိုးတတ်ကြဘူး။ တကယ်တော့လည်း ဘဝတွေကို သဘာဝတရားကြီးက ရိုးရိုးသားသားပဲ ပေးလိုက်တာပါ။ လူ့ဘုံလူ့လောကရောက်မှပဲ ကိုယ်ကိုယ် တိုင် ပြောင်းကြ၊ ပတ်ဝန်းကျင်ကပြောင်းကြနဲ့ လူအမျိုးမျိုး စိတ်အထွေထွေ ဖြစ်လာကြတယ်လို့ ထင်ပါတယ်။ လူတစ်ယောက်ကို ပြောင်းလဲနိုင်တဲ့ အကြောင်းတရားတွေကတော့ အများကြီး ရှိတာပေါ့လေ။ လူတစ်ယောက်ကို ပြောင်းလဲပေးနိုင်တဲ့ အကြောင်းတရားတွေကြောင့်လည်း လူတွေမှာ လောဘ တွေ၊ ဒေါသတွေ၊ မောဟ၊ မာန်မာနတွေ လွှမ်းမိုး လာတတ်ကြတာ မဟုတ်လား။ ဒီသောက အပူ၊ လောကအပူတွေကြားမှာတော့ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်က အိုအေစစ်လေးတစ်ခုလို့ ထင်မှတ်မိပါတယ်။ အဲဒါကလည်း အခုခေတ်စကားနဲ့ ဆိုရရင် အနှစ်တွေပဲပေါ့။ ဒါတွေကို ဘာနဲ့နှိုင်းလို့ တန်ဖိုးတူ နိုင်လိမ့်မလဲလို့တောင် ညွှန်းချင်တာ။

သူငယ်ချင်းတစ်ယောက်က ငယ်သူငယ်ချင်းဘဝကို ကမ္ဘာမြေကြီးနဲ့ နှိုင်းပြဖူးပါတယ်။ ကမ္ဘာမြေကြီးဆိုတာက တို့တစ်တွေရဲ့ ငယ်သူငယ်ချင်းပဲတဲ့ လေ။ စဉ်းစားကြည့်တော့လည်း ဟုတ်တာပေါ့။ ကမ္ဘာမြေကြီးဆိုတာ ကိုယ်မွေးကတည်းက မကွဲမကွာ အတူပေါင်းဖက်လာကြတာကိုး။ လူသားနဲ့ ကမ္ဘာမြေကြီးရဲ့ သံယောဇဉ်တရားကလည်း မွေးတဲ့အချိန်ကစလို့ သေတဲ့အထိ အတူယှဉ်တွဲ ရှိနေရတာကိုး။ ဒါပေမယ့် လူသားနဲ့ကမ္ဘာမြေကြီးအကြားမှာ ငယ်သူငယ်ချင်းတွေဆိုပေမယ့် နည်းနည်းတော့ ပြောစရာရှိတယ်လို့ မြင်မိတယ်။

အခုဆိုရင် ကမ္ဘာမြေကြီးမှာ အခက်အခဲပေါင်းစုံရှိနေတာကို တွေ့မြင်နေရပါတယ်။ လူသားတွေရဲ့ပယောဂကြောင့် ကမ္ဘာကြီးမှာရာသီဥတုပြောင်းလဲလာတာ၊ ကပ်ရောဂါတွေ ပိုပိုများလာ ရင်ဆိုင်နေကြရပြီ။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာလို့ နောက်ဆက်တွဲအကျိုးဆက်တွေဆိုတာက တစ်နှစ်ထက်တစ်နှစ် ကြောက်ခမန်းလိလိပါပဲ။ မိုးခေါင်တာ၊ ရေကြီးတာ၊ အပူချိန်တွေ တိုးလာနေတာ တွေက လူသားတွေရဲ့ နေ့စဉ်ဘဝတွေကို ထိခိုက်လာနေပြီ။ လူသားတွေက သစ်ပင်တွေ အလွန်အကျွံ ခုတ်ကြ၊ ကာဗွန်ဓာတ်ငွေ့တွေ အလွန်အကျွံ ထုတ်လွှတ်ကြ၊ အစားထိုးမရတဲ့ သဘာဝရင်းမြစ်တွေ အတိုင်းအဆမဲ့ ထုတ်ယူ သုံးစွဲနေကြတာ ကြာတော့ကမ္ဘာမြေကြီးရဲ့ ဂေဟစနစ်တွေ ပျက်စီးလာပြီပေါ့။ ဂေဟစနစ်ပျက်စီးမှုတွေရဲ့ဒဏ်ကို ဆက်ပြီးတွေ့ကြုံရင်ဆိုင်ရဦးမှာ သေချာပါတယ်။ အချိန်မီ ထိန်းသိမ်းတာတွေ၊ အစားထိုးတာတွေ ပြည့်ပြည့်ဝဝလုပ်ပေးဖို့ လိုအပ်နေတာ အထင်အရှားပါပဲ။ အဲဒီတော့ ငယ်သူငယ်ချင်းတွေဖြစ်တဲ့ လူသားနဲ့ကမ္ဘာမြေကြီး ဘယ်သူသစ္စာခဲ့နေပြီလဲလို့သာ မေးလိုက်ချင်မိပါတယ်။

အခုဖြစ်နေတဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားပုံလည်း ကြည့်ပါဦး။ လူတွေကို ဒီကပ်ရောဂါ ဘယ်လိုကူးစက်လာတယ်ဆိုတာ သိပ္ပံပညာရှင်တွေ ကြိုးစား သုတေသနတွေ လုပ်နေဆဲဆိုပေမယ့် လတ်တလော တွေ့ရှိချက်တွေ အရဆို လင်းနို့တွေကနေတစ်ဆင့် ကူးစက်တာလို့ ဆိုပါတယ်။ လင်းနို့တွေ၊ သင်းခွေချပ်တွေဆိုတာ လူသားတွေရဲ့ ပုံမှန်အစားအစာတွေ မဟုတ်ပါဘူး။ လူသားတွေဟာ တစ်နေ့တခြား တောရိုင်းတိရစ္ဆာန်တွေ စားသုံးလာရာကနေ ဖြစ်လာလိုက်တဲ့ ကူးစက်ရောဂါတွေ။ မျိုးသုဉ်းတော့မယ့် တောရိုင်းတိရစ္ဆာန်တွေလည်း ပိုပြီး များလာနေပြီ။ လူသားတွေကြောင့် ကမ္ဘာကြီးရဲ့ တောတောင်ရေမြေ၊ သစ်ပင်၊ တိရစ္ဆာန်တွေအကြားက ဂေဟစနစ်တွေ ပျက်စီးနေတာကို လူသားတွေကိုယ်တိုင်က မထိန်းသိမ်း၊ မစောင့်ရှောက်၊ မကာကွယ်ကြဘူးဆိုရင် ဘယ်သူ့မှာ တာဝန်ရှိလဲ၊ ဘယ်သူတွေ ဆိုးကျိုးတွေခံစားရမလဲဆိုတာ အချိန်မီ စဉ်းစားဆင်ခြင်ကြဖို့ လိုအပ်နေပြီလို့ တိုက်တွန်းချင်မိပါတယ်။ ကမ္ဘာကြီးနဲ့ လူသားအကြား သံယောဇဉ်ဆိုတာ နှစ်သန်းပေါင်းများစွာ ကြာခဲ့ပါပြီ။ ကမ္ဘာမြေကြီးကို အတ္တတွေ၊ လောဘတွေနဲ့ မဆက်ဆံဘဲ ငယ်သူငယ်ချင်း သံယောဇဉ်နဲ့ ပိုပြီး ချစ်ပေးစေချင်လှပါတယ်။

တွေ့ဆုံကြုံကွဲ ဘဝသံသရာထဲမှာ ရေပွက်ပမာရှိနေစဉ်ခဏ ဘယ်လို ကျင့်ကြံနေထိုင်ကြမလဲ၊ ရပ်တည်ကြမလဲဆိုတာ အရေးကြီးလှပါတယ်။ အတ္တ၊ ပရမ္မတ္တ (ယခုခေတ်လိုဆိုရင် win – win ပေါ့) အလယ်အလတ်လမ်းစဉ်က ဟန်ချက်ညီတဲ့၊ သာယာလှပတဲ့ လူလောကကြီးတစ်ခုကို တည်ဆောက်နိုင်မယ်လို့ ထင်ပါတယ်။ လူ့ဘဝတန်ဖိုးလို့ ဆိုလို့ရနိုင်မယ်ထင်ပါတယ်။ သူငယ်ချင်းကတော့ ပြောပါတယ်၊ သူငယ်ချင်းရေ အသက်တွေပိုကြီးလာလေ ငယ်သူငယ်ချင်းတွေက ရှေးဟောင်းပစ္စည်းလိုပဲ ပိုတန်ဖိုးရှိလေကွလို့ဆိုပါတယ်။ မှန်လိုက်လေ။ တန်ဖိုးရှိတဲ့ ငယ်သူငယ်ချင်း သံယောဇဉ်တရားလို ကမ္ဘာမြေကြီးကိုလည်း လေးစားတန်ဖိုးထားကြရင် လူသားတွေအတွက် ကမ္ဘာမြေကြီးက အိုအေစစ်ကြီး ဖြစ်နေဦးမှာပါ။ ။

"အခုဆိုရင် ကမ္ဘာမြေကြီးမှာ အခက်အခဲပေါင်းစုံရှိနေတာကို တွေ့မြင်နေရပါတယ်။ လူသားတွေရဲ့ပယောဂကြောင့် ကမ္ဘာကြီးမှာ ရာသီဥတုတွေပြောင်းလဲလာတာ၊ ကပ်ရောဂါတွေ ပိုပိုများလာ ရင်ဆိုင်နေကြရပြီ။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာလို့ နောက်ဆက်တွဲအကျိုးဆက်တွေဆိုတာက တစ်နှစ်ထက်တစ်နှစ် ကြောက်ခမန်းလိလိပါပဲ"

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ ၂၉ ဒသမ ၅၅ ဧက အကျယ်ရှိပြီး ပေါင်အမြင့် ၁၂ ပေ၊ ပေါင်အကျယ် ၁၅ ပေ၊ အောက်ခြေ ၄၅ ပေရှိ သောက်သုံးရေကန်ကြီးကို အလှူရှင် ဦးမောင်ကျော - ဒေါ်ချိုချိုပြုံး မိသားစု (National Infrastructure Holding Co. Ltd;) ၏ လှူဒါန်းမှုဖြင့် ပြုပြင်တူးဖော်ပြီးစီး၍ မြို့နယ်သို့ လွှဲပြောင်းပေး အပ်ခြင်းအခမ်းအနားကို မေ ၁၇ ရက်က ခရမ်းမြို့နယ် အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် ဦးမောင်ကျော - ဒေါ်ချိုချိုပြုံး တို့အား ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် စည်ပင်အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြစဉ်။

သတင်းစဉ်

တာချီလိတ်မြို့နယ်တွင် လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် သတင်းအရ တာချီလိတ်မြို့ မိုင်းဖုန်း(က) အုပ်စု လွန်းကျိုင်းကျေးရွာရှိ စိုင်းလှရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း လူတစ်ယောက်မှ တွေ့ရှိခြင်းမရှိဘဲ ကားဂိုဒေါင်အတွင်းမှ AK-47 တစ်လက်၊ ၎င်းကျည်အိမ် ကိုးခု၊ ၎င်းကျည် ၅၇ တောင့်၊ ၅ ဒသမ ၅၆ ကျည် ၄၈ တောင့်၊ Lugar ၉ မမကျည် ၂၈ တောင့်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀၊ အိုက်စ် ၁ ကီလိုဂရမ်ခန့် (စုစုပေါင်းမူးယစ်ဆေးဝါး ခန့်မှန်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၃၃၀ ခန့်) အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း။

ပူးပေါင်းအဖွဲ့က လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသော ခြံဝင်းနှင့် ဘယ်ဘက်ရှိ ခြံဝင်းသို့ ဆက်စပ်ထားသည့် မလွယ်ပေါက်တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေရာ လုံးချင်း တစ်ထပ်တိုက်အဆောက် အအုံအတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ သံမှိ ကိုးချောင်း၊ မျောက်တံဆိပ်ပါ အနံ့ဆေးရည် ၁၀ လုံး၊ စတီးမွှေစက် အသေး လေးလုံး၊ ဖန်ပေါင်းချောင် တစ်လုံး၊ ကြွေကန်တော့ တစ်လုံး၊ ကီလိုချိန်ခွင် တစ်ခု၊ ဆေးပြားရေတွက်သည့်ဗန်း တစ်ခု၊ စတီးအိုး နှစ်လုံး၊ ဂေါ်ပြား တစ်ခု၊ ဆန်ခါ သုံးခု၊ ပါကင်ထုပ်စက် တစ်ခု၊ စတီးဇလုံ တစ်လုံး၊ စတီးမွှေစက်အကြီး တစ်လုံး၊ အခြောက် ခံဗန်း တစ်ခု၊ Star Brand အပြာ အရောင်တင်မှုန့် လေးဘူး၊ Food Additives အရောင်တင်မှုန့် သုံးဘူးနှင့် ဆန်ခါအသေး နှစ်ခုတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တာချီလိတ်မြို့မ ရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။

မူဆယ်မြို့အတွင်း ငွေကျပ်သိန်း ၆၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စိုးလှိုင်၊ မင်းထက်ကျော်လင်းနှင့် မောင်မောင်တူးတို့ သုံးဦးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက် နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် မူဆယ်မြို့နယ်အတွင်း ရထိုက်လမ်းဆုံနေရာ၌ စောင့်ဆိုင်းနေစဉ် မူဆယ်မြို့နေ စိုးလှိုင် မောင်းနှင်ပြီး မင်းထက်ကျော်လင်း လိုက်ပါစီးနင်းလာသည့် CANDA-125 ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရာ ၎င်းတို့ နှစ်ဦးကြားတွင် သယ်ဆောင်လာသည့် ပီနံအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ်သိန်း ၂၄၀၀ ခန့်) နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ

ဖမ်းဆီးရမိသူ စိုးလှိုင်အား စစ်ဆေး မေးမြန်းချက်အရ မူးယစ်ဆေးဝါးများ ပို့ခိုင်းသူမှာ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် နယ်မြေ(၁၆)နေ မောင်မောင်တူး ဖြစ်ကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က ၎င်း၏နေအိမ်အားသွားရောက် စစ်ဆေးရာ ကွင်းဆက်တရားခံ မောင်မောင်တူး အား ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများအား ရှာဖွေတွေ့ရှိ ခြင်းမရှိခဲ့ကြောင်းနှင့် မောင်မောင်တူးအား မေးမြန်းချက်အရ မူးယစ်ဆေးဝါးများအား စိုးလှိုင်၏ နေအိမ်သို့ ပို့ဆောင်ထားကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က စိုးလှိုင်၏ နေအိမ်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ထပ်မံရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်းအတွင်း စက္ကူဂျပ်ဖာဖြင့် ထုပ်ပိုးထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၃၆၀၀ ခန့်)နှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

လွှဲပြောင်းအပ်နှံ

အဆိုပါ ဖမ်းဆီးရမိသူများ၊ စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုး ငွေကျပ်သိန်းပေါင်း ၆၀၀၀ ခန့်နှင့် မော်တော်ဆိုင်ကယ်အား မူဆယ်မြို့ရှိ မူးယစ်တပ်ဖွဲ့စုသို့ လွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

မောင်တောမြို့နယ်အတွင်း ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် ည ၉ နာရီခွဲခန့်တွင် (၃)မိုင် စစ်ဆေးဂိတ်၌ ယာဉ်ဝင်၊ ထွက်မှုများအား စစ်ဆေးစဉ် မောင်တော-အငူမော် ကားလမ်းအတိုင်း အငူမော်ဘက်မှ ကျီးကန်းပြင်ဘက်သို့ မောင်လှအေး (ဘ)ဦးကျားတောင် မောင်းနှင်လာသည့် LIFAN အမျိုးအစား မော်တော်ယာဉ် အမှတ် 6C/---- ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ယာဉ်နောက်ခန်းပေါ်တွင် မိုးကာဖြင့်အုပ်ထားသည့် မသင်္ကာဖွယ်ရာ ဆာလာအိတ် သုံးအိတ်အား စစ်ဆေးခဲ့ရာ အိတ်များအတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၈၇၅၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၉၇၅၀ ခန့်) နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

မောင်လှအေး ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

အဆိုပါ မော်တော်ယာဉ်၊ ဖမ်းဆီးရမိသူနှင့် မူးယစ်ဆေးဝါးများအား ပြင်ဖြူနယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

မူဆယ်မြို့ သင်္ချိုင်းအနီး၌ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၁၆ ရက် ည ၇ နာရီခန့်တွင် မူဆယ်မြို့အစွန် သင်္ချိုင်းအနီး၌ ရှာဖွေစစ်ဆေးရာ အမှိုက်ကျင်းအတွင်းမှ မြေစာများဖြင့် ဖုံးအုပ်ထားပြီး ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် ပါရိအမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အမ် ၂၂ မောင်းပြန် ရိုင်ဖယ် သုံးလက်၊ အမ် ၂၂ ကျည် ၁၀၂ တောင့်၊ ပါရိကျည်အိမ် တစ်ခုနှင့် အမ် ၂၂ ကျည်အိမ် သုံးခုတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း။

မူဆယ်မြို့ သင်္ချိုင်းအနီးမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ။

ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ တစ်ဝိုက်အား ဆက်လက်ရှာဖွေရာ ၎င်းနေရာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ တဲပျက်နေရာ၌ ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသော ဘာရက်တာပစ္စတို (ပွိုင့်-၂၅) တစ်လက်၊ ဘာရက်တာပစ္စတို (ပွိုင့်-၂၅)ကျည် ခုနစ်တောင့်၊ ဘာရက်တာပစ္စတို ကျည်အိမ် တစ်ခု၊ လူဂါပစ္စတို တစ်လက်၊ လူဂါပစ္စတိုကျည်အိမ် တစ်ခု၊ ကြိုးဆွဲလက်ပစ်ဗုံး သုံးလုံး၊ လက်ပစ်ဗုံး (အသေး) (ဖြူ့စ်ပါ) နှစ်လုံးတို့အား ထပ်မံ သိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ကံမမြို့၌ တစ်ပတ်အတွင်း မီးလောင်မှု နှစ်ကြိမ်ဖြစ်ကာ နေအိမ် ၁၃ လုံးဆုံးရှုံး

ကံမ မေ ၁၈

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ယနေ့နံနက် ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကာ နေအိမ် ခြောက်လုံး ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

ကံမမြို့နယ် အမှတ်(၃)ရပ်ကွက် ဥယျာဉ်တန်းလမ်း၌ အောင်မိုးလွင် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှ မီးစတင်လောင်ခဲ့ရာ ဦးဝင်းလတ်၏ နှစ်ထပ်နေအိမ် တစ်လုံး၊ ဦးမောင်မောင်စိုး၏ နှစ်ထပ်နေအိမ်တစ်လုံး၊ ဦးကျော်မြင့်၏ နှစ်ထပ်နေအိမ် တစ်လုံး၊ ဒေါ်မိုးဆွေ၏ နှစ်ထပ်နေအိမ် တစ်လုံး၊ ဦးကျော်မင်းထက်၏ နှစ်ထပ်နေအိမ် တစ်လုံးနှင့် ဦးအောင်မိုးလွင်၏ နှစ်ထပ်နေအိမ် တစ်လုံး စုစုပေါင်း နေအိမ် ခြောက်လုံး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ ကံမမြို့မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးရဲညွန့် ဦးဆောင်သော သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံ့သာနယ်မြေမီးသတ်စခန်း၊ သရက်ခရိုင်မီးသတ်စခန်း၊ မင်းတုန်းမြို့နယ်မီးသတ်စခန်း၊ ကံမမြို့နယ် စည်ပင်နှင့် ပြည်မြို့နယ်တို့မှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းခဲ့သည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ကံမမြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း မြို့နယ် မီးသတ်တပ်ဖွဲ့မှ သိရသည်။ အလားတူ မေ ၁၅ ရက်ကလည်း ကံမမြို့နယ် ကြို့ပင်တိုက်နယ် စမ်းရွာ၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ် ခုနစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဝေသူနွယ်(မြန်မာ့အလင်း)

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကာလ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကို မေ ၃၁ ရက်အထိ အချိန်ထပ်တိုး

နယူးဒေလီ မေ ၁၈

အိန္ဒိယနိုင်ငံ၌ အစိုးရက တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့ထားသည့် ကာလကို မေ ၃၁ ရက်အထိ အချိန်ထပ်တိုးလိုက်ကြောင်း သိရသည်။ သို့ရာတွင် နိုင်ငံအတွင်းရှိ ရောဂါဖြစ်ပွားသူ အရေအတွက်နည်းပါးသည့် ဧရိယာများတွင် ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များကို ဖြေလျှော့ပေးထားပြီး စီးပွားရေးလုပ်ငန်းအချို့ကို ပြန်လည်ဖွင့်လှစ်ခွင့် ပေးခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး လူစုလူဝေးထိန်းသိမ်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ဖက်ဒရယ်အစိုးရက ရက်သတ္တနှစ်ပတ်ကြာအောင် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကာလ အချိန်ထပ်တိုးလိုက်ကြောင်း ယခင်ကန့်သတ်ပိတ်ဆို့မှု သက်တမ်းကုန်ဆုံးရက် ဖြစ်သည့် မေ ၁၇ ရက်တွင် ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ မကြာသေးမီက တစ်ရက်အတွင်း ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ၄၀၀၀ အထိ ပေါ်ထွက်လာခဲ့ပြီးနောက် အစိုးရက ထိုသို့လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်သည် ယခုအခါ ၉၀၀၀၀ ကျော်သွားပြီ ဖြစ်သည်။

ပြီးခဲ့သည့်လနောင်းပိုင်းက အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုချမှတ်လိုက်ခြင်းကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်ခဲ့ပြီး ပြည်သူ့အများအပြား အလုပ်လက်မဲ့ ဖြစ်ပွားခဲ့ရသည်ဖြစ်ရာ အစိုးရက ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များကို တစ်ဆင့်ချင်းဖြေလျှော့ပေးရန်အတွက် ၎င်း၏မူဝါဒကို ပြောင်းလဲခဲ့သည်။

ရောဂါကူးစက်မှုနည်းပါးသည့် ဧရိယာများရှိ လက်လီအရောင်းဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်ခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် အကြီးစားစီးပွားရေးအဆောက်အအုံများနှင့် ဖျော်ဖြေရေးကဏ္ဍများကိုမူ ပိတ်ထားဦးမည်ဖြစ်ကြောင်း အစိုးရက မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

မေ ၁၈ ရက်မှစတင်ကာ ရောဂါကူးစက်မှုအခြေအနေ ပေါ်မူတည်လျက် ပြည်နယ်များကို ကန့်သတ်ချက် ဖြေလျှော့သွားမည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

အမေရိကန်၏ စီးပွားရေး ၂၀၂၁ နှစ်ကုန်ပိုင်းလောက်မှ ပြန်ကောင်းလာဖွယ်ရှိကြောင်း ဗဟိုဘဏ်အကြီးအကဲပြော

ဝါရှင်တန် မေ ၁၈

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှု၏ နောက်ဆက်တွဲအကျိုးဆက်ဖြစ်သည့် စီးပွားရေးထိခိုက်မှုကို အမေရိကန်က ထိခိုက်ခံစားခဲ့ရသည်ဖြစ်ရာ စီးပွားရေးပြန်ကောင်းလာရန် လာမည့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်အထိ အချိန်ကြာမြင့်နိုင်ကြောင်း အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျီရွန်းပိုဝဲလ်က ပြောကြားခဲ့သည်။

မေ ၁၇ ရက်က စီဘီအက်စ် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည့် အင်တာဗျူးတစ်ခုတွင် ပိုဝဲလ်က အမေရိကန်၏ စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ ထိုသို့မှတ်ချက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးပြန်လည်ကောင်းမွန်လာစေရေးအတွက် လာမည့်နှစ်ကုန်လောက်အထိ ကြိုးစားရုန်းကန်ရနိုင်ဖွယ်ရှိကြောင်း၊ နိုင်ငံ့စီးပွားရေးအခြေအနေ ပြန်လည်နာလန်ထူလာစေရေးအတွက် ပြည်သူများအနေဖြင့် ယုံကြည်ချက်အပြည့်အဝရှိရန်လိုကြောင်း၊ ကာကွယ်ဆေးရောက်ရှိလာမည့်အချိန်ကို စောင့်ဆိုင်းရမည့် အခြေအနေရှိနိုင်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက သုံးသပ်ပြောကြားခဲ့သည်။

အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျီရွန်းပိုဝဲလ်

ဖက်ဒရယ်အာဏာပိုင်များက အလုပ်လက်မဲ့နှုန်း ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း ခန့်မှန်းထားရာ ယင်းပမာဏသည် မည်မျှအထိ အဆိုးဆုံးအခြေအနေရောက်ရှိနိုင်မည်ကို ဖော်ပြနေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ရှိ ပြည်နယ်အများအပြားတို့တွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အဆိုးဆုံးအခြေအနေရောက်ရှိခဲ့ပြီးနောက်စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်စတင်နေပြီဖြစ်ပြီး မစ္စတာပိုဝဲလ်က ကိုဗစ်-၁၉ တစ်ကျော့ပြန် ဖြစ်ပွားနိုင်သည့် အခြေအနေကြောင့် အထူးသတိထားကြရန် တိုက်တွန်းခဲ့သည်။

အေအက်ဖ်ပီ

လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ မတွေ့ရသည်မှာ ၃၆ ရက်ရှိပြီဖြစ်

ဗီယန်ကျင်း မေ ၁၈

လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူမတွေ့ရသည်မှာ ၃၆ ရက်ဆက်တိုက်ရှိလာပြီဖြစ်ပြီး ကူးစက်ခံရသူဦးရေမှာ ၁၉ ဦးတွင်သာ ရပ်တန့်နေခဲ့သည်ဟု လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖိုသွန်မြောင်ပတ်က မေ ၁၈ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းစောင့်ကြည့်ရေးစင်တာ ၉၁ ခုတွင်စောင့်ကြည့်ခံထားရသူ ၂၅၆၀ ထိရှိကြောင်း ကိုဗစ် -၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအမျိုးသားလုပ်ငန်းအဖွဲ့ကမေ ၁၈ရက်တွင် ပြောသည်။ မေ ၁၇ ရက်ကလည်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လာအိုနိုင်ငံသို့ ကုန်ပစ္စည်းတင်ဆောင်လာသည့် ကားသမားများကို အပူချိန်တိုင်းတာပြီးမှ လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့သည်။

ဆင်ဟွာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားချက်များကို ဂရုမစိုက်သည့်နိုင်ငံများကို ကုလသမဂ္ဂဝေဖန်

ဂျီနီဗာ မေ ၁၈

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ညွှန်ကြားထားသည့် လမ်းညွှန်ချက်များကို မသိကျိုးကျွံပြုခဲ့သည့် နိုင်ငံများကြောင့် ကမ္ဘာကြီးသည်တန်ဖိုးကြီးကြီး ပေးဆပ်နေရကြောင်း ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်က မေ ၁၈ ရက်တွင် ဝေဖန်ပြောကြားလိုက်သည်။

နိုင်ငံအမျိုးမျိုးတို့တွင် ကွဲပြားခြားနားသည့် ညွှန်ကြားချက်အမျိုးမျိုး အထူးသဖြင့် ဝိရောဓိဖြစ်စေသည့် နည်းဗျူဟာအမျိုးမျိုးကို လိုက်နာကျင့်သုံးခဲ့ကြပြီး ကျွန်ုပ်တို့အားလုံးက ယင်းအတွက်တန်ဖိုးကြီးစွာ ပေးဆပ်နေကြရကြောင်း ကုလသမဂ္ဂအထွေအထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

အိန္ဒိယနိုင်ငံ၌ အမ်ဖန် ဆိုင်ကလုန်းမုန်တိုင်း စူပါဆိုင်ကလုန်းမုန်တိုင်းအဖြစ် အင်အားကောင်းလာနိုင်

နယူးဒေလီ မေ ၁၈

အိန္ဒိယနိုင်ငံသို့ ဝင်ရောက်လာသည့် အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်းသည် ညသန်းခေါင်အချိန်တွင် အင်အားပြင်းထန်သည့် မုန်တိုင်းအဖြစ် ပြောင်းလဲလာခဲ့ကာ လာမည့်ခြောက်နာရီအတွင်း စူပါဆိုင်ကလုန်းမုန်တိုင်းအဖြစ် ထပ်မံအင်အားကောင်းလာနိုင်ဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသဌာနက မေ ၁၈ ရက်တွင် သတိပေးလိုက်သည်။

တဖြည်းဖြည်းအင်အားကောင်းလာနေသည့် ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်ဘက်လားပြည်နယ်နှင့် သြရိသကမ်းခြေဧရိယာများသို့ ဝင်ရောက်လာဖွယ်ရှိကြောင်း သိရသည်။ မုန်တိုင်းသည် မေ ၂၀ ရက် ညနေပိုင်းအချိန်လောက်တွင် မြောက်ဘက်ဆီသို့ ဦးတည်နိုင်ကြောင်း၊ ထို့နောက် ဘဂျီလားပင်လယ်အော်အနောက်မြောက်ဘက်ကို ဖြတ်ကျော်ကာ ဒီဂါနှင့် ဟာတီယာကျွန်းအကြားရှိ အနောက်ဘဂျီလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေဒေသကို ဖြတ်ကျော်နိုင်ဖွယ်ရှိကြောင်း အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည့် သတင်းအချက်အလက်အရ သိရသည်။

မုန်တိုင်းအခြေအနေဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးရန် အိန္ဒိယဝန်ကြီးချုပ်နာရင်္ဒြာမိုဒီက ဖက်ဒရယ်ပြည်ထဲရေးဝန်ကြီးဌာနနှင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီတို့မှ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံရှိ ကမ်းခြေတစ်နေရာ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လှိုင်းလေပြင်းထန်မှု အခြေအနေကို တွေ့ရစဉ်။

ထိုင်းရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ ပြန်စတင်မည်

ဘန်ကောက် မေ ၁၈

ထိုင်းနိုင်ငံတွင် ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်သော်လည်း တိုက်ခိုက်ရေးအခန်းများ၊ ချစ်ခန်းကြိုက်ခန်းများနှင့် ကိုဗစ်-၁۹ ကူးစက်နိုင်သည့် လူအချင်းချင်းထိတွေ့မှုများကို ရှောင်ရှားကာ ရိုက်ကူးရေးလုပ်ဆောင်ရမည်ဟု ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနက မေ ၁၈ ရက်တွင် ဆွေးနွေးပြောကြားခဲ့သည်။

ဝန်ကြီးဌာနသည် ပြီးခဲ့သည့်သီတင်းပတ်က ရုပ်ရှင်ထုတ်လုပ်ရေးပေါင်း ၅၀ခန့်နှင့် ဒေသတွင်း တီဗီချယ်နယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကိုဗစ် -၁۹ ကာလအတွင်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများကို မည်သို့ပြန်လည်စတင်ရမည်ကို ဆွေးနွေးခဲ့ကြသည်။

ရိုက်ကူးရေးအဖွဲ့တွင်လူ ၅၀ထက်မပိုရဟု ဆွေးနွေးခဲ့ကြကြောင်း ဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန် ရူပါထဗီဝတ်တနာဂစ် ဘော်ဗွန်က ပြောကြားခဲ့သည်။ ရုပ်ရှင်အဖွဲ့သားများသည် ခန္ဓာကိုယ် အပူချိန်တိုင်းတာရမည်ဖြစ်ပြီး ကိုဗစ် -၁۹ ခြေရာခံသည့် အက်ပလီကေးရှင်းကို အသုံးပြုရမည်ဖြစ်သည်။

ထို့ပြင်နာခေါင်းစည်းလည်း မဖြစ်မနေတပ်ဆင်ရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်သရုပ်ဆောင်များမှတစ်ပါး ရုပ်ရှင်အဖွဲ့သားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး ၂မီတာစီ အကွာတွင် နေရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အဝတ်အစားလဲခန်းများကိုလည်း သီးခြားစီလုပ်ပေးရမည်ဖြစ်ပြီးအခန်းတိုင်းလေဝင်လေထွက်ကောင်းမွန်ရမည်ဖြစ်သည်။ မိတ်ကပ် အနုပညာရှင်များ၊ ဆံပင်ဒီဇိုင်နာများကိုလည်း လူဦးရေလျှော့ချရမည်ဖြစ်သည်။

အလှပြင်ပစ္စည်းများ ၊မိတ်ကပ်လိမ်းသည့်ပစ္စည်းများကိုလည်းမျှဝေသုံးစွဲခြင်းမရှိဘဲ တစ်ကိုယ်ရေတစ်ကာယသာအသုံးပြုရမည်။

နိုင်ငံခြားမှလာရောက်ရိုက်ကူးမည့် ရုပ်ရှင်အဖွဲ့သားများကိုမူ ရိုက်ကူးရေးပြုလုပ်ရန် ခွင့်မပြုသေးပေ။ ဝန်ကြီးဌာနမှတာဝန်ရှိသူများသည် ရိုက်ကွင်းများကို ရုတ်တရက် ရောင်တခင်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ရူပါက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ



ထိုင်းနိုင်ငံရိုက်ကူးရေးလုပ်ငန်းခွင် တစ်ခုကို တွေ့ရစဉ်။

ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်နေရာတွင် စောင့်ကြပ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း တာလီဘန်တို့ ဝန်ခံ

ကဘူးလ် မေ ၁၈

အာဖဂန်ထောက်လှမ်းရေးအေဂျင်စီကို ပစ်မှတ်ထားကာ မေ ၁၈ ရက်က တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု တာလီဘန်တို့က ဝန်ခံပြောကြားခဲ့သည်။

တစ်ပြိုင်တည်းမှာပင် အာဏာခွဲဝေထားသည့်အစိုးရသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် လမ်းစဖြစ်သည့် အကျဉ်းသားလဲလှယ်ရေးအစီအစဉ်ကို အရှိန်မြှင့်တင်နိုင်ရေး တာလီဘန်တို့က တိုက်တွန်းခဲ့သည်။

အရှေ့ပိုင်း ဂါဇာနီပြည်နယ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ထောက်လှမ်းရေးအရာရှိ ခုနစ်ဦးထက်မနည်းသေဆုံးခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာဂျူမာဇာဒါက အေအက်ဖ်ပီသို့ ပြောသည်။ အကြမ်းဖက်သမားများသည် စစ်ဘက်သုံးထရပ်ကားကို အသုံးပြုကာ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဂါဇာနီလုံခြုံရေးတပ်ဖွဲ့မှ ညွှန်ကြားရေးမှူးကိုပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၄၀ ထက်မနည်းဒဏ်ရာရရှိခဲ့သည်။ ကဘူးလ်မြို့မှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဂါဇာနီပြည်နယ်မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးတို့က ကားဗုံးကွဲမှုကိုအတည်ပြုပေးခဲ့သည်။ တာလီဘန်တို့၏ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာ မူဂျာဟစ်က ၎င်းတို့၏တိုက်ခိုက်ရေးသမားများသည် ကားဗုံးခွဲမှုကိုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

အာဖဂန်အစိုးရသည် စစ်မှန်ပြီးရိုးသားမှုရှိသည့် အဖြေရှာညှိနှိုင်းမှုများကို ပြုလုပ်ရမည်ဖြစ်ပြီး အကျဉ်းသားလဲလှယ်ရေးအစီအစဉ်သည် အာဖဂန်ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲမစတင်မီ အပြီးလုပ်ဆောင်သင့်သည်ဟု တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဆူဟေးလ်ရှာဟီရန်ကပြောသည်။

လွန်ခဲ့သောသီတင်းပတ်ကလည်း ကြောက်မက်ဖွယ် တိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့သည့်အတွက် အကြမ်းဖက်သမားများကို ထိုးစစ်ဆင်တိုက်ခိုက်ရန် လုံခြုံရေးတပ်ဖွဲ့အားသမ္မတ အက်ရှရက်ဖ်ဂါနီက အမိန့်ပေးခဲ့သည်။ တာလီဘန်တို့ကမူ ယင်းတိုက်ခိုက်မှုနှစ်ခုမှာ ၎င်းတို့၏တိုက်ခိုက်မှုမဟုတ်ဟု ငြင်းဆိုထားသည်။

အေအက်ဖ်ပီ

အာဖဂန်နိုင်ငံရေးခေါင်းဆောင်များအကြား သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ ပါကစ္စတန်ကြိုဆို

အစ္စလာမ္မာဘတ် မေ ၁၈

နိုင်ငံရေးအရ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေများကို အဆုံးသတ်နိုင်ရေး အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံရေးခေါင်းဆောင်များအကြား သဘောတူလက်မှတ်ရေးထိုးပွဲပြုလုပ်နိုင်ခဲ့ရာ ယင်းဖြစ်စဉ်ကို ပါကစ္စတန်နိုင်ငံက ကြိုဆိုကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၇ ရက်ညပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။ သမ္မတရွေးကောက်ပွဲ၌အာဖဂန်နစ္စတန် သမ္မတ အက်ရှရက်ဖ်ဂါနီနှင့် ၎င်း၏ ပြိုင်ဘက်ဖြစ်သူ အဗ္ဗဒုလာ အဗ္ဗဒုလာ တို့သည် အနိုင်ရကြသည်ဟုအသီးသီးကြေညာခဲ့ကြပြီး အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ကြသည်။

ယခုအခါ ယင်းကဲ့သို့အငြင်းပွားမှုကို အဆုံးသတ်နိုင်ရေးသဘောတူညီမှုတွင် နှစ်ဖက်စလုံးမှလက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်သည်ဟု အာဖဂန်သမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆာဒစ်ဆာဒစ်ကီက ပြောသည်၊

အဗ္ဗဒုလာသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကောင်စီကိုဦးဆောင်မည်ဖြစ်ပြီး ယင်းကောင်စီသည် တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဦးဆောင်သွားမည်ဖြစ်သည်။ အာဖဂန်ပြည်သူများတွက် အလုံးစုံငြိမ်းချမ်းရေးရရှိရေးအတွက်သာ အာဖဂန်ခေါင်းဆောင်များ လုပ်ဆောင်ရမည့် ကာလဖြစ်သည်ဟု ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီလအတွင်းက တာလီဘန်နှင့် အမေရိကန်တို့အကြား သဘောတူညီမှုသည် သမိုင်းမှတ်တိုင်ဖြစ်ပြီး အာဖဂန်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လမ်းစပင်ဖြစ်သည်။

ထို့ပြင် အာဖဂန်နိုင်ငံအတွင်း တာလီဘန်များနှင့်ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နိုင်ရေးအတွက် အရေးပါသည့်ဖြစ်ရပ်လည်းဖြစ်သည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် ငြိမ်းချမ်းပြီး တည်ငြိမ်မှုရှိသော ဒီမိုကရေစီ ဖြစ်ထွန်းလာရေးကို ပါကစ္စတန်နိုင်ငံ မှ ဆက်လက်အကူအညီပေးသွားမည်ဟု ပါကစ္စတန်နိုင်ငံ၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆင်ဟွာ

အာဖဂန်သမ္မတ၏ပြိုင်ဘက် အဗ္ဗဒုလာ အဗ္ဗဒုလာနှင့် အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီ (ယာ) တို့ကို မေ ၁၇ ရက်က တွေ့ရစဉ်။

ကနေဒါလေတပ်မှ လေယာဉ်တစ်စင်းပျက်ကျရာ တစ်ဦးသေဆုံး

အော့တဝါ မေ ၁၈

ကနေဒါနိုင်ငံအနောက်ပိုင်းတွင် တော်ဝင်လေတပ်မှ ဂျက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်အမှူထမ်းတစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် ကိုဗစ် - ၁۹ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှ တိုက်ပွဲဝင်နေကြသူများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် ပျံသန်းခဲ့ခြင်းဖြစ်သည်ဟု ကနေဒါ မီဒီယာများက ပြောသည်။ မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကမ်လုစ်မြို့တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်သည် ကနေဒါလေတပ် နှင်းဂုက်အဖွဲ့မှ ဖြစ်သည်ဟု မီဒီယာများတွင် ဖော်ပြထားသည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ပြောကြားချက်အရ ကနေဒါနိုင်ငံတွင် ကိုဗစ် - ၁۹ ကူးစက်ခံရသူပေါင်း ၇၈၀၀၀ ရှိပြီး လူပေါင်း ၅၉၀၀ သေဆုံးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် - ၁۹ ကူးစက်ခံရသူ နောက်ထပ် ၁၅ ဦးတွေ့ရှိ

ဆိုးလ် မေ ၁၈

တောင်ကိုရီးယားနိုင်ငံတွင် မေ ၁၈ ရက် နံနက်ပိုင်းက ကိုဗစ်-၁۹ ကူးစက်ခံရသူ နောက်ထပ် ၁၅ ဦး တွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၁၀၆၅ ဦးထိ ရှိလာပြီဖြစ်သည်။

နေ့စဉ်တွေ့ရှိမှုစာရင်းမှာ ၂၀ အောက်တွင် ရှိနေသည်မှာ သုံးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။ ယခုတွေ့ရှိရသည့် ကူးစက်ခံရသူ ၁၅ ဦးတွင် ၁၀ ဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လာကြသူများဖြစ်ပြီး နိုင်ငံခြားမှပြန်လာသည့် ကူးစက်ခံရသူပေါင်း ၁၁၇၇ ဦးအထိ ရှိသွားပြီဖြစ်သည်။

ပြည်တွင်း၌ ကူးစက်ခံရသူအရေအတွက်မှာ သုံးရက်ဆက်တိုက် လျော့နည်းခဲ့သည်။ လူတစ်ဦးထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူစုစုပေါင်း ၂၆၃ ဦးရှိလာသည်။ လူနာ ၁၆ ဦးမှာ ပိုးကင်းစင်သွားသည့်အတွက် ဆေးရုံမှဆင်းသွားကြပြီဖြစ်သည်။ စုစုပေါင်းပြန်လည် ကျန်းမာလာသည့်ရာခိုင်နှုန်းမှာ စဂ္ဂ ဒသမ ၅ ရာခိုင်နှုန်းတွင် ရှိသည်။

ဧန်နဝါရီ ၃ ရက်မှစတင်ကာ လူပေါင်း ၇၅၃၀၀၀ ကျော်ကို စစ်ဆေးမှုများပြုလုပ်ပေးခဲ့ပြီး ၎င်းတို့ထဲမှ လူပေါင်း ၇၂၆၀၅၃ ဦးတွင် ရောဂါပိုးမတွေ့ရှိရဘဲ လူပေါင်း ၁၆၀၉၃ ဦးကိုမူ စစ်ဆေးနေဆဲဖြစ်သည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်း တိုထွာ

အီကွေဒေါနိုင်ငံသို့ လာရောက်မည့် ခရီးသွားများ ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးထောက်ခံချက်လို

ကွီတို မေ ၁၈

အီကွေဒေါနိုင်ငံသို့ ဝင်ရောက်မည့်ခရီးသွားအားလုံး ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးထောက်ခံစာ ပြသရန်လိုအပ်သည်ဟု ပြည်ထဲရေးဝန်ကြီး မာရီယာပေါလာ ရိုမိုက မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အခု အသစ်ထုတ်ပြန်လိုက်သည့် ခရီးသွားလာမှုဆိုင်ရာ လိုအပ်ချက်တွင် ယင်းအချက်ကို ထည့်သွင်းထားခြင်းဖြစ်ပြီး မေ ၂၁ ရက်မှ စတင်ကာ သက်ရောက်မှုရှိမည်ဟု သိရသည်။ အီကွေဒေါနိုင်ငံသို့ ခရီးထွက်မလာမီ ၇၂ နာရီ အတွင်း ရယူထားသည့် ဆေးထောက်ခံစာဖြစ်ရမည်ဟုလည်း သိရသည်။

အီကွေဒေါနိုင်ငံသို့ရောက်ရှိလာလျှင်လည်း ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးမှု ခံယူရမည်ဖြစ်သည်။ ယခုသီတင်းပတ်အစောပိုင်းတွင် နယူးယောက်မှ လာသည့်ခရီးသည်နှစ်ဦးတွင် ကိုဗစ် -၁၉ စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ယခုလို အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မတ် ၁၂ ရက်မှစတင်ကာ အီကွေဒေါနိုင်ငံသို့ ဝင်ရောက်လျှင် ၁၄ ရက်ကြာ အသွားအလာစောင့်ကြည့် ကန့်သတ်မှု ခံယူရသည်။

ဆင်ဟွာ

ကမ္ဘာအနှံ့ ကိုဗစ် -၁၉ ကူးစက်ခံရသူဦးရေ ၄ ဒသမ ၇ သန်းနီးပါးရှိလာ

ဝါရှင်တန် မေ ၁၈

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ထုတ်ပြန်သော အချက်အလက်များအရကမ္ဘာအနှံ့ ကိုဗစ် -၁၉ ကူးစက်ခံရသူဦးရေမှာ ၄ ဒသမ ၇ သန်းနီးပါးရှိတော့မည်ဟု သိရသည်။

မေ ၁၇ ရက်တွင် တစ်ကမ္ဘာလုံးအနှံ့ကူးစက်ခံရသူ စုစုပေါင်းမှာ ၄၆၈၆၀၁၂ ဦး ရှိသည်။ အမေရိကန်ပြည်ထောင်စုသည် ကူးစက်မှုအများဆုံးဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၁၄၇၇၈၁၅ ရှိသည်။

ယင်းနောက်တွင် ရုရှား၊ ဗြိတိန်၊ ဘရာဇီး၊ စပိန်နှင့် အီတလီတို့က အသီးသီး ရပ်တည်နေကြသည်။ တစ်ကမ္ဘာလုံးအနှံ့သေဆုံးသူစုစုပေါင်း ၃၁၃၁၂၇ ဦးရှိသည်။

သေဆုံးသူ စာရင်းတွင်လည်း အမေရိကန်က လူပေါင်း ၈၉၀၂၃ ဦးဖြင့် သေဆုံးမှုအမြင့်ဆုံးဖြစ်ကြောင်း သိရသည်၊

အင်နိအိတ်ချ်ကေ

ကိုဗစ် -၁၉ ကို အန်တုရင်း ဆက်လက်ရပ်တည်နိုင်ရေးရုန်းကန်နေရတဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း

ချူးစန္ဒီနွေး

မြောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တူနီးရှားနိုင်ငံဟာ ၂၀၁၅ ခုနှစ်တုန်းက အစွန်းရောက်သမားတွေရဲ့အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ခရီးသွားလုပ်ငန်းကိုထိခိုက်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်း ခရီးသွားကဏ္ဍာ ပြန်လည်ဖွံ့ဖြိုးလာဖို့အတွက် ကြိုးပမ်းခဲ့ကြပါတယ်။

လူသူကင်းမဲ့နေသည့် ဆီဒီဘိုဆက်မြို့မှ ကော်ဖီဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

နောက်ထပ်ပြဿနာတစ်ခု

၂၀၁၅ ခုနှစ်တုန်းက ဖြစ်ရပ်ကနေ ပြန်လည်နာလန်ထူနိုင်တာမှ မကြာသေး နောက်ထပ်ပြဿနာတစ်ခုက ခရီးသွားလုပ်ငန်းကို ရိုက်ခတ်လာပါတယ်။ အဲဒါကတော့ ကိုဗစ် -၁၉ ဗိုင်းရပ်စ်ပါပဲ။ "ပုံမှန်အားဖြင့်ဆိုရင်တော့ အခုအချိန်ဟာ ခရီးသွားရာသီစနေပါပြီ။ ဒါပေမယ့် အခုအချိန်ထိလူတစ်ယောက်မှမရှိသေးဘူး" လို့ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ပိုင်ရှင် မိုဟာမက်ဆက်ဒမ်က ပြောပါတယ်။ သူကတော့ မြို့တော်တူနစ်အနီးက ကမ္ဘာလှည့် ခရီးသွားတွေ သဘောကျနှစ်ခြိုက်စွာ လာရောက်လည်ပတ်လေ့ရှိတဲ့ ဆီဒီဘိုဆက်မြို့မှာ နေထိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ အရင်နှစ်တွေတုန်းက ဒီအချိန်ဆိုရင် လမ်းတွေမှာ လူတွေနဲ့ပြည့်နှက်နေပါပြီ။ အခုတော့ လာလည်သူတစ်ယောက်မှ မရှိတဲ့အတွက် ဆက်ဒမ်ဟာ သူ့ရဲ့ဆိုင်လေးကို တစ်နေ့ကို တစ်နာရီသာ ဖွင့်ပါတယ်။

မျှော်လင့်စရာမရှိတော့

ဆိုင်တွေပြန်ဖွင့်နိုင်ဖို့ လေကြောင်းလိုင်းတွေ ပြန်လည်ပြေးဆွဲမယ့်အချိန်ကို ကျွန်တော်တို့ စောင့်မျှော်နေတာ။ ဒါပေမယ့် ၂၀၂၀ အတွက်တော့ မျှော်လင့်စရာမရှိတော့ပါဘူး။ တူနီးရှားနိုင်ငံမှာ ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၄၅ ဦး ရှိနေပါပြီ။ အခုသီတင်းပတ်ရက်အနည်းငယ်အတွင်းမှာတော့ နောက်ထပ်ကူးစက်ခံရသူ ထပ်မံတွေ့ရှိခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်လည်း မြေထဲပင်လယ်နိုင်ငံတွေထဲမှာ တူနီးရှားနိုင်ငံဟာ ကပ်ရောဂါကိုအသင့်အတင့်ပဲ ဒဏ်ခံရတဲ့နိုင်ငံလို့ ပြောရမှာပါ။ ဒါပေမယ့် ခရီးသွားလုပ်ငန်းမှာတော့ အခြေအနေ မကောင်းလှပါဘူး။

အပန်းဖြေသူမရှိတဲ့ အပန်းဖြေစခန်း

ဒီကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းက ရမယ့်အခွန်ငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ နီးပါး ဆုံးရှုံးသွားပါပြီ။ ၂၀၁၁ ခုနှစ်မှာ အာဏာရှင် ဇင်အယ် အဗ္ဗဒင် ဘင်အလီကို ဖြုတ်ချပြီးတဲ့နောက် ခရီးသွားလုပ်ငန်းဟာ မကြုံဖူးတဲ့အနေအထားနဲ့ ပြန်လည်ဖွံ့ဖြိုးလာပါတယ်။ တူနီးရှားနိုင်ငံဟာ ခရီးသွားလုပ်ငန်းမှာ တာထွက်ကောင်းခဲ့ပြီး ခရီးသွားလုပ်ငန်းက အခွန်ငွေ ၂၈ ရာခိုင်နှုန်းထိ ရရှိခဲ့တယ်လို့ ခရီးသွားလာရေးလုပ်ငန်းက ညှိနှိုင်းရေးမှူး ဖီရီရယ် ဂတ်ဟော့မီကပြောပါတယ်။ ဒါပေမယ့်လည်း မတ်လအတွင်းကစလို့ ကပ်ရောဂါကူးစက်ခံရမှုကို ထိန်းချုပ်ဖို့အတွက် ခရီးသွားလာခွင့်တွေ ကိုကန့်သတ်လိုက်သလို နယ်စပ်တွေကိုလည်း ပိတ်လိုက်ရပါတယ်။ အခုဆိုရင် ပင်လယ် ကမ်းခြေက အပန်းဖြေစခန်းတွေမှာ လာရောက် အပန်းဖြေမယ့်သူမရှိတော့သလို ဟိုတယ်ပိုင်ရှင်တွေဟာလည်း ဒီခရီးသွားရာသီအတွင်းလုပ်ငန်းတွေ မပြိုလဲဘဲ ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းနေကြရပါတယ်။

ဟိုတယ်ပြန်ဖွင့်နိုင်ရေး ညှိနှိုင်းပြင်ဆင်

တချို့သော ဟိုတယ်တွေကတော့ ပိတ်ထားရပြီး တချို့ဟိုတယ်တွေကတော့ အသွားအလာကန့်သတ်ခြင်းခံထားရသူတွေအတွက် တည်းခိုရာနေရာအဖြစ် ပြောင်းလဲလုပ်ဆောင်လာပါတယ်။ ဘာလို့လဲဆိုရင် နိုင်ငံရပ်ခြားကနေ တူနီးရှားနိုင်ငံကိုပြန်လာသူတွေ မနည်းမနောပါပဲ။ ဒီလူတွေဟာ မဖြစ်မနေအသွားအလာကန့်သတ်ခံရမှာဖြစ်ပြီး အဲဒီမှာဟိုတယ်တွေက အသုံးဝင်လာပါတယ်။ ခရီးသွားလာရေးဝန်ကြီး ဌာနကတော့ ဟိုတယ်တွေ ပြန်ဖွင့်နိုင်ရေး ညှိနှိုင်းမှုတွေအတွက် ပြင်ဆင်နေပြီး တချို့ကလည်း ဇွန်လအတွင်းမှာ ပြန်ဖွင့်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။

လုပ်ဆောင်ရမယ့် အချက်များ

ဟိုတယ်အဝင်ဝမှာ အပူချိန်တိုင်းတာတာတွေလုပ်ဆောင်ရမှာဖြစ်ပြီး အခန်းတွေကိုလည်း ပိုးသတ်မှုတွေ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီနောက် ၄၈ နာရီ ကြာအခန်းကိုအလွတ်ထားပြီးမှ သန့်ရှင်းရေးဝင်လုပ်ရမှာလည်း ဖြစ်ပါတယ်။ ဒီအဆင့်တွေကို မလွဲမသွေလုပ်ဆောင်မှသာ လာရောက်တည်းခိုမယ့် ဧည့်သည်တွေရဲ့ယုံကြည်စိတ်ချရမှုကို ရရှိမှာပဲ ဖြစ်ပါတယ်။

၈၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်

ကမ္ဘာ့ကုလသမဂ္ဂ ခရီးသွားလာရေးအဖွဲ့ကြီးကတော့ ၂၀၂၀ ပြည့်နှစ်အတွင်း အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်းဟာ ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားဖွယ်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ တူနီးရှားနိုင်ငံမှာတော့ ခရီးသွားလာရေးလုပ်ငန်းဟာ နိုင်ငံ GDP ရဲ့ ၁၆ ရာခိုင်နှုန်းကို ကိုယ်စားပြုပါတယ်။

နောက်ထပ်အပြောင်းအလဲတစ်ခု

နောက်ထပ်အပြောင်းအလဲတစ်ခုကတော့ ဟိုတယ်တွေမှာ ဘူဖေးကျွေးမယ့်အစား အစားအသောက်တစ်ခုခုကို ပုံသေသတ်မှတ်ပြီး တည်ခင်းဧည့်ခံတာမျိုး၊ တစ်ဦးနဲ့တစ်ဦးနီးနီး ကပ်ကပ်မဖြစ်နေဖို့ ထိုင်ခုံတွေခြားထားတာမျိုး လုပ်ဆောင်ရမယ်လို့ ဟိုတယ်အရောင်း မန်နေဂျာ တစ်ဦးဖြစ်သူ အနစ်ဆူဝီစီက ပြောပါတယ်။ လာရောက်တည်းခိုသူတွေကတော့ ကျန်းမာရေးနဲ့ညီညွတ်မှုရှိဖို့ကိုပဲ ဦးတည်ကြမှာလို့ သူက ဆက်ပြောပါတယ်။ ဒါပေမယ့် တချို့ဟိုတယ်တွေကတော့ ဒေဝါလီခံနေရပြီး ဟိုတယ်ကဏ္ဍမှာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နိုင်ပါ့မလားဆိုတာကတော့ တိတိကျကျမသိရသေးပါဘူး။

၂၀၁၅ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှု

အာဏာရှင် ဘင်အလီ ပြုတ်ကျသွားပြီးတဲ့နောက် တူနီးရှားမှာ နိုင်ငံရေးအရ မငြိမ်မသက်မှုတွေ ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ကလည်း ကမ်းရိုးတန်းအပန်းဖြေစခန်းမှာ ဥရောပအားလပ်ရက် ခရီးထွက်လာသူတွေကိုပစ်မှတ်ထားပြီး အစွန်းရောက်အကြမ်းဖက်သမားတွေက တိုက်ခိုက်မှု ပြုလုပ်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုကြောင့် လူပေါင်း ၆၀ သေဆုံးခဲ့ရပြီး အများစုကတော့ ဗြိတိန်ခရီးသွားတွေပဲ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကြောင့် ခရီးသွား လုပ်ငန်းကို အထိနာခဲ့ရပါတယ်။ နောက်ပိုင်းမှာ တူနီးရှားနိုင်ငံဟာ လုံခြုံရေးကို အထူးတင်းကျပ်ခဲ့ပြီး ခရီးသွား ဝင်ရောက်မှုနှုန်းဟာလည်း တစ်ဖန် ပြန်လည် မြင့်တက်လာပါ တယ်။ မနှစ်တုန်းက ဆိုရင် ၉ ဒသမ ၅ သန်းတောင် လာရောက်လည်ပတ်ခဲ့တာကို တွေ့ရပါတယ်။

နည်းလမ်းတွေရှာဖွေနေ

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းကလည်း ဗြိတိန်ခရီးသွား အော်ပရေတာတစ်ခုဖြစ်တဲ့ သောမတ်စ်ကွတ်အဖွဲ့အစည်း လဲပြိုသွားတဲ့နောက် တူနီရှားကို လာမယ့်ခရီးသွား ၅ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရပြီး ဟိုတယ်တွေကို ရိုက်ခတ်လာခဲ့ပါတယ်။ နိုင်ငံရေးမတည် မငြိမ်ဖြစ်မှုဒဏ်၊ အကြမ်းဖက်သမားတွေရဲ့ဒဏ်ကြောင့် ခရီးသွာလုပ်ငန်း ယိမ်းယိုင်ခဲ့ရပြီးအခုတစ်ဖန်ကပ်ရောဂါနဲ့ ရင်ဆိုင်ရာမှာလည်း တူနီးရှားနိုင်ငံက ခရီသွားလုပ်ငန်း ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး နည်းလမ်းတွေ ရှာဖွေနေပါတယ်။

ရွေးချယ်စရာနည်းလမ်း

ကိုဗစ် -၁၉ ဆက်လက်တည်ရှိနေပြီး ဥရောပကခရီးသွားတွေ ဝင်ရောက်မှုမရှိတာကြောင့် နွေရာသီတစ်နွေလုံးလုပ်ငန်း ရပ်နားထားရပါတယ်။ အခုအချိန်မှာဟိုတယ်လုပ်ငန်းရှင်တွေ၊ ခရီးသွားလုပ်ငန်းရှင်တွေအတွက် ရွေးချယ်စရာ အများကြီးမရှိပါဘူး။ အဲဒါကတော့ နိုင်ငံခြားခရီးသွားတွေကို စောင့်မျှော်တာထက် ပြည်တွင်းခရီးသွားတွေပေါ်မှာ ပစ်မှတ်ထားဆွဲဆောင်ဖို့ရယ် နောက်နှစ်လာမယ့်ခရီးသွားရာသီအတွက် အကောင်းဆုံး ပြင်ဆင်ထားတာရယ် အဲဒီနှစ်ချက်ကလွဲရင် လတ်တလောမှာတော့ ရွေးချယ်စရာ မရှိသေးပါဘူး။

ကိုးကား -အေအက်ဖ်ပီ

> "ဟိုတယ်အဝင်ဝမှာ အပူချိန်တိုင်းတာ တာတွေ လုပ်ဆောင်ရမှာဖြစ်ပြီး အခန်းတွေကိုလည်း ပိုးသတ်မှုတွေ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီနောက် ၄၈ နာရီကြာ အခန်းကို အလွတ်ထားပြီးမှ သန့်ရှင်းရေးဝင်လုပ်ရမှာလည်း ဖြစ်ပါတယ်။ ဒီအဆင့်တွေကို မလွဲမသွေလုပ်ဆောင်မှသာ လာရောက်တည်းခိုမယ့် ဧည့်သည်တွေရဲ့ယုံကြည်စိတ်ချရမှုကို ရရှိမှာပဲ ဖြစ်ပါတယ်"

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၇–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၉၀) ခုတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦး တွေ့ရှိခဲ့ရပါသည်။

၂။ သို့ဖြစ်ရာ (၁၈–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၇) ဦး ရှိပြီဖြစ်ပါသည်။

၃။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာအသစ်အား သက်ဆိုင်ရာဆေးရုံ၌ လွှဲပြောင်း၍ စောင့်ကြည့် ကုသမှုပေးလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိရသူ (၉၇) ဦး အထိရှိလာပြီး သေဆုံးသူ (၆) ဦး ရှိခဲ့ပါသည်။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၈–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁၇–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ် + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၇၆) ခု
(၁၇–၅–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၀၀) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၅) ဦး

၅။ (၁၇–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်+ဒုတိယအသုတ်) အဖြစ် ဓာတ်ခွဲနမူနာ (၃၇၆) ခု နှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၀၀) ခု စုစုပေါင်း (၅၇၆)ခု စစ်ဆေးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၈–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်လိပ်စာ	COVID–19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ	ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ဆေးရုံ ခံယူစေမည့် ဆေးရုံ	COVID–19 ပိုးတွေ့ရှိ/ မတွေ့ရှိ	မှတ်ချက်
185	၄၆ နှစ်	ကျား	တနင်္သာရီတိုင်း ဒေသကြီး	မရှိ	ရှိ (မလေးရှား)	ထားဝယ်ပြည်သူ့ ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
186	၂၂ နှစ်	ကျား	ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်	မရှိ	ရှိ (မလေးရှား)	ဘားအံပြည်သူ့ ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
187	၃၅ နှစ်	ကျား	ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်	မရှိ	ရှိ (မလေးရှား)	ဘားအံပြည်သူ့ ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ ယနေ့ (၁၈–၅–၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေး ပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၀) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ စုစုပေါင်း (၃၅၈) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၈) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၈–၅–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာ များတွင် (၂) ကြိမ် ဆက်တိုက်ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case–36,48,88,114) ရှိသဖြင့် စုစုပေါင်း (၁၀၁)ဦးရှိပြီး ၎င်းတို့အနက် (၈၈)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၇–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၈–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၈) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၈–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၈) ခု
(၁၈–၅–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၇၀) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၁) ဦး

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၁၈၈) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၄) ဦး	(၁၀၁) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ဇယား – ၁

COVID–19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၈–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်လိပ်စာ	COVID–19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ	ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ဆေးရုံ ခံယူစေမည့်	COVID–19 ပိုးတွေ့ရှိ/ မတွေ့ရှိ	မှတ်ချက်
188	၃၅ နှစ်	ကျား	သံတွဲမြို့နယ် ရခိုင်ပြည်နယ်	မရှိ	ရှိ (မလေးရှား)	ခရိုင်ပြည်သူ့ဆေးရုံ သံတွဲမြို့	တွေ့ရှိ	အသွားအလာကန့် သတ်ထားရှိသူ (သံတွဲမြို့နယ်)

ရွှေကူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဒေသန္တရအမိန့်များအား အသံချဲ့စက်ဖြင့် အသိပေး

ရွှေကူ မေ ၁၈

ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ရွှေကူမြို့နယ်အတွင်းရှိ ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အများပြည်သူများ လူစုလူဝေးဖြင့် ကျင်းပသည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ရန်၊ ရုပ်ရှင်ရုံများ၊ ဘော်ဘါဆောင်များ၊ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်းမပြုလုပ်ရန် ဒေသန္တရအမိန့်အား ထုတ်ပြန်သည့်နေ့မှ မေ ၃၁ ရက် အထိဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်ကို ယနေ့ ညနေ ၅ နာရီတွင် ရွှေကူမြို့ပေါ်ရှိ ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် အသိပေးကြေညာခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးခြင်းများဆောင်ရွက်ရာ၌ ရွှေကူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရွှေကူမြို့နယ်လုံးဆိုင်ရာ နာရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်များတွင် ဒေသန္တရအမိန့်များအား လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများ အသိသတိရှိစွာ နေထိုင်သွားလာကြရန်၊ လက်ကို မကြာခဏ ဆေးကြောသန့်စင်ရန်၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာလျှင် သွားလာကြရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်မျိုးအောင်(ပြန်/ဆက်)

ဖိလစ်ပိုင်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



နေပြည်တော် မေ ၁၈

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၁ ဦးအား Air Asia Philippines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့သည်။

ၾကင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့်သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ် နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ (ယာပုံ)

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ဝိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား COVID-19 ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ နိုင်ငံ (ယူအေအီး)၊ ကာတာနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစုစုပေါင်း ၂၀၇၂ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသို့ နှာခေါင်းစည်း ၁၅၀၀ နှင့် ပိုးသတ်လက်သန့်ဆေးရည်ဘူး ၆၀ လှူဒါန်း

ရန်ကုန် မေ ၁၈

Aye Khin Medicine ကုမ္ပဏီ၏ မတည်ပံ့ပိုးကူညီမှုဖြင့် Gold Lite Myanmar ကုမ္ပဏီနှင့် Sawadee Electronic ကုမ္ပဏီတို့ ပါဝင်သည့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံသတင်းစာတိုက်တွင် နှာခေါင်းစည်းအရေ ၁၅၀၀ နှင့် ပိုးသတ်လက်သန့်ဆေးရည်ဘူး ၆၀ တို့ကို လာရောက်လှူဒါန်းရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)မှ စာတည်းမှူး (ရန်ကုန်တာဝန်ခံ) ဦးလှရွှေနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်တစ်ဦးဖြစ်သူ ဦးဇော်ဝင်းညွန့်က "ကျွန်တော်တို့က လှူဒါန်းချင်တဲ့ရည်ရွယ်ချက်တစ်ခုနဲ့ ပူးပေါင်းလှူဒါန်းဖြစ်တာပါ၊ ကျန်တဲ့ရည်ရွယ်ချက်တော့ မရှိပါဘူး၊ အခု ကျွန်တော်တို့ လှူဒါန်းတဲ့ နှာခေါင်းစည်းတွေကလည်း အရည်အသွေးကောင်းမွန်ပါတယ်။ ကောင်းမွန်တဲ့အတွက် သုံးတဲ့နေရာမှာလည်း လုံခြုံမှုရှိသလို မျက်မှန်တပ်တဲ့သူတွေအတွက် ရေငွေ့ရိုက်တာမျိုးတွေလည်း မရှိဘူးဆိုတဲ့ တံုပြန်မှုတွေကို ရရှိပါတယ်။ လှူဒါန်းမှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

အဆိုပါ အဖွဲ့သည် မေ ၁၁ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ နှာခေါင်းစည်းအရေ ၇၂၀၀ ကိုလည်းကောင်း၊ မေ ၁၃ ရက်တွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက်သို့ နှာခေါင်းစည်းအရေ ၉၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့ပြီး ဆက်လက်၍ လှူဒါန်းမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - အေးမင်းသူ

ဟိုပုံးမြို့အဝင်တွင် ဖြတ်သန်းသွားလာသော ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ဟိုပုံး မေ ၁၈

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ယနေ့ နံနက်ပိုင်းကစတင်၍ ဟိုပုံးမြို့ အဝင်ပေါက်တွင် ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်နေဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့များက ဟိုပုံးမြို့အဝင်ပေါက်တွင် ဖြတ်သန်းသွားလာသော ပြည်သူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ ရပ်ဝေးမှ ဝင်ရောက်လာသည့် ပြည်သူများအား စနစ်တကျမှတ်တမ်းကောက်ယူခြင်း၊ အပြင်သို့သွားလာရာတွင် နှာခေါင်းစည်းများ တပ်ဆင်သွားလာစေရန်နှင့် ဆိုင်ကယ်မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းကြရန် စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ ဟိုပုံးမြို့အဝင်ပေါက်တွင် ကျန်းမာရေး စစ်ဆေးပေးခြင်းလုပ်ငန်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေမင်းထွန်း(ဟိုပုံး)

ကိုဗစ်-၁၉ ကာလအလွန် သမဝါယမလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၈

သမဝါယမဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ ဦးစီးမှူးများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာလအတွင်းနှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော သမဝါယမအသင်းများ၏ Contract Farming လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းများ၊ သမဝါယမအရောင်းဆိုင်များကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

သတင်းစဉ်

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်

နေပြည်တော် မေ ၁၈

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

မေ ၁၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လေးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၈ ဦးအထိ ရှိလာ

နေပြည်တော် မေ ၁၈

မေ ၁၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ လေးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ လေးဦးမှာ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ နှစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ တစ်ဦးတို့ ဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၈၈ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့သူ စုစုပေါင်း ၁၀၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၈၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၄၅၆	၁၈၈

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၁၀၁	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၃၄၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၈၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၁၄၈	၅
၂	ပဲခူး	၇	၁
၃	စစ်ကိုင်း	၇	
၄	ချင်း	၇	
၅	ရှမ်း(ရှေ့)	၃	
၆	မန္တလေး	၃	
၇	ရှမ်း(တောင်)	၂	
၈	ရှမ်း(မြောက်)	၂	
၉	နေပြည်တော်	၂	
၁၀	ကရင်	၂	
၁၁	မွန်	၁	
၁၂	မကွေး	၁	
၁၃	ကချင်	၁	
၁၄	တနင်္သာရီ	၁	
၁၅	ရခိုင်	၁	
	စုစုပေါင်း	**၁၈၈**	**၆**

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ပြည်နယ်	တိုင်းဒေသကြီး
ကယားပြည်နယ်	ဧရာဝတီတိုင်းဒေသကြီး

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၈-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

၁၈-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမျှားဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၁၅၃၁၇၂	၃၄၆၇၈၆	၉၁၀၆၁
၂။	ရုရှား	၂၉၀၆၇၈	၇၀၂၀၉	၂၇၂၂
၃။	စပိန်	၂၇၇၇၁၉	၁၉၅၉၄၅	၂၇၆၅၀
၄။	ဘရာဇီး	၂၄၄၀၅၂	၉၄၁၂	၁၆၂၀၁
၅။	ဗြိတိန်	၂၄၀၆၉၅	၈၈၈ဆ	၃၄၆၃၆
၆။	အီတလီ	၂၂၅၄၃၅	၁၂၅၁၇၆	၃၁၉၀၈
၇။	ပြင်သစ်	၁၇၉၅၆၉	၆၁၂၁၃	၂၈၁၀၈
၈။	ဂျာမနီ	၁၇၆၉၃၃	၁၅၄၆၀၀	၈၀၆၂
၉။	တူရကီ	၁၄၉၄၃၅	၁၀၉၉၆၂	၄၁၄၀
၁၀။	အီရန်	၁၂၂၄၆၂	၉၅၆၆၁	၇၀၉၇

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ - ၅ - ၂၀၂၀

	COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
စင်ကာပူ	၂၈၃၄၃	၉၃၄၀	၂၂
အင်ဒိုနီးရှား	၁၈၀၁၀	၄၃၂၄	၁၁၉၁
ဖိလစ်ပိုင်	၁၂၇၁၈	၂၇၂၉	၈၃၁
မလေးရှား	၆၉၄၁	၅၆၁၅	၁၁၃
ထိုင်း	၃၀၃၁	၂၈၅၇	၅၆
ဗီယက်နမ်	၃၂၄	၂၆၃	၀
မြန်မာ	၁၈၈	၁၀၁	၆
ဘရူနိုင်း	၁၄၁	၁၃၆	၁
ကမ္ဘောဒီးယား	၁၂၂	၁၂၂	၀
လာအို	၁၉	၁၄	၀

ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူ ၃၇၄ ဦးအား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိ

ချင်းရွှေဟော် မေ ၁၈

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဧပြီ ၃၀ ရက်မှစတင်ပြီး စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၁၈ ရက် နံနက် ၉ နာရီခွဲက မော်တော်ယာဉ်ခြောက်စီးဖြင့် နေရပ်ပြန်ပြည်သူ ၃၇၄ ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။**(ယာပုံ)**

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ခဲ့သည့် နေရပ်ပြန်ပြည်သူ ၃၇၄ ဦးတွင် အမျိုးသား ၂၂၀ ၊ အမျိုးသမီး ၁၅၄ ဦးတို့ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၆၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၈၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၈၇ ဦး၊ ကချင်ပြည်နယ်မှ လေးဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ဖြစ်ပြီး ၎င်းတို့အား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ အမျိုးသား ၃၂၆၇ ဦးနှင့် အမျိုးသမီး ၂၃၀၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၅၅၆၈ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

COVID-19 ရောဂါကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလ ကြာမြင့်လာပါက စိတ်ဖိစီးမှုကာလသည်လည်း ကြာမြင့်လာမည်ဖြစ်ပါသည်။ စိတ်ဖိစီးမှုကာလကြာမြင့်မှုအပေါ် မူတည်၍ စိတ်ဖိစီးမှုကို စတင်သိရှိပြီး တုံ့ပြန်ရန် ပြင်ဆင်သည့်အဆင့်၊ ခံနိုင်ရည်ရပြီး ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်နှင့် စိတ်မောပန်းကျဆင်းသည့် အဆင့်ဟူ၍ အဆင့် (၃) ဆင့်ကို လူတိုင်းရင်ဆိုင်ကျော်လွှားရနိုင်ပါသည်။ COVID-19 ရောဂါ ကူးစက်မှုကြောင့် ပြည်သူများ ကျန်းမာရေးအတွက် စိုးရိမ်ရမှုနှင့်အတူ အလုပ်အကိုင်ပြဿနာ၊ ငွေရေးကြေးရေးအခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ COVID-19 ရောဂါနှင့် စပ်လျဉ်းပြီး ခွဲခြားဆက်ဆံခံရတတ်ခြင်းနှင့် အပြစ်တင်ခံရခြင်း စသည့် အမျိုးမျိုးသော စိတ်ခံစားရမှုနှင့် စိတ်ဖိစီးမှုများ ဖြစ်လာတတ်ပါသည်။ ကောင်းစွာအိပ်မပျော်ခြင်း၊ အစားအသောက်မမှန်ခြင်းကြောင့် ကိုယ်အလေးချိန်တက်ခြင်း/ကျခြင်း၊ စိုးရိမ်စိတ်များခြင်း၊ စိတ်တည်ငြိမ်မှုမရခြင်း၊ အာရုံမစိုက်နိုင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အထီးကျန်ခံစားရခြင်းများသည် စိတ်ဖိစီးမှုကို စတင်သိရှိပြီး တုံ့ပြန်ရန်ပြင်ဆင်သည့်အဆင့်ကို ကျော်ဖြတ်နေရချိန် ခံစားရမှုများဖြစ်ပါသည်။

ထိုစိတ်ဖိစီးမှုများသည် အချိန်အတိုင်းအတာတစ်ခု၌ ခံနိုင်ရည်ရရှိလာပြီး စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရပြီး ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်သို့ ကူးပြောင်းနိုင်ရန် လိုအပ်ပါသည်။ ထိုသို့ ဖြစ်မလာဘဲ ကာလအတန်ကြာ ဆက်လက် စိတ်ဖိစီးမှုခံစားရပါက စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားတတ်ပြီး စိတ်ဓာတ်အလွန်အမင်း ကျဆင်းခြင်း၊ ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းလုံးဝမရှိတော့ခြင်း စသည့်နောက်ဆက်တွဲဆိုးရွားမှုများ ရှိလာနိုင်ပါသည်။

ဤ COVID-19 ကာလတွင် တာဝန်ရှိ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များကို မဖြစ်မနေ အပြည့်အဝ လိုက်နာရမည်ဖြစ်သောကြောင့် စိတ်ဖိစီးမှုများ ထပ်ဆောင်းဖြစ်ပေါ်နိုင်သည်ဟု ယူဆနိုင်သော်လည်း ချမှတ်သည့် စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရရှိကာ ရင်ဆိုင်ဖြေရှင်းနိုင်သောအဆင့်သို့ ကူးပြောင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကိုလည်း ဆက်လက်ဖြေရှင်းနိုင်စွမ်း ရှိလာမည် ဖြစ်ပါသည်။

ထို့အပြင် ပြည်သူများအနေဖြင့် အချိန်ကာလ မသတ်မှတ်နိုင်သေးသော COVID-19 ကာလကို အောင်မြင်စွာကျော်ဖြတ်ရန် စိတ်ဖိစီးမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းတတ်ရန်လိုအပ်ပါသည်။ အဓိကအရေးကြီးသည်မှာ ဤအချိန်တွင် COVID-19 ကြောင့် မိမိသာမက လူတိုင်း စိတ်ဖိစီးမှုများခံစားနေရသည်ဟူသောအချက်ဖြစ်ပါသည်။ ဤအချက်သည် မိမိ၏စိတ်ဖိစီးမှုများကို အဓိကလျော့ကျစေပြီး မိမိ၏ အတ္တစိတ်ကိုလည်း လျော့နည်းသွားစေသကဲ့သို့ အခြားသူများအပေါ်တွင်လည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပွားစေနိုင်ပါသည်။ ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးနှင့် တစ်ဦးအကြား အမုန်းတရားပွားများမှုကို လျော့နည်းစေပြီး ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်း မြင့်မားစေသဖြင့် COVID-19 ကာလနေထိုင်မှုပတ်ဝန်းကျင်တွင် စိတ်ဖိစီးမှုများလျော့ကျစေပါသည်။ ကြုံတွေ့ရသော ကိစ္စများကို ဒေါသစိတ်ဖြင့် ဖြေရှင်းခြင်းမပြုဘဲ မိမိကိုယ်ကို အမြဲသတိထားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်ရသူများနှင့် ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ ကျန်းမာရေးအခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသော အာဟာရမှီဝဲခြင်း၊ လုံလောက်သော အိပ်စက်အနားယူခြင်းများကို ပြုလုပ်ခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်လိုက်မာန်ပါပြုမူဆောင်ရွက်ခြင်းနှင့် အရက်/မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို ရှောင်ရှားခြင်းတို့သည် စိတ်ဖိစီးမှုများကို လျှော့ချနိုင်ပြီး စိတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းခြင်း အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၁၈

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးဈေးချိုတော် မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ရှင်းလင်းပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၁၈

မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ယာယီပိတ်ထားခဲ့သည့် ဈေးချိုတော်၊ မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေးများအား ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရှင်းလင်းပြင်ဆင်ထားရှိမှု အခြေအနေများအား မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က မေ ၁၈ ရက် ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ ဌာနမှူးများနှင့်အတူ ရတနာပုံဈေး၊ ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာ အဆောက်အအုံအတွင်း၌ ဖွင့်လှစ်ကြမည့် ဈေးဆိုင်ခန်းများအတွက် လေဝင်လေထွက်ကောင်းမွန်စွာ ရှင်းလင်းထားရှိမှုနှင့် ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးအကျိုးတော်ဆောင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မန္တလေးမြို့တော်ဝန်သည် ဈေးချိုအနီးတွင် ဆောင်ရွက်လျက်ရှိသည့် ပလက်ဖောင်းနှင့် ရေမြောင်းများ တည်ဆောက်ခြင်း၊ သန့်စင်ခန်းများ ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဈေးချိုတော်၊ မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေး အဆောက်အအုံများ အတွင်းရှိ ဈေးဆိုင်ခန်းများအား လေဝင်လေထွက်ကောင်းမွန်၍ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မေ ၁၆ ရက်မှစ၍ ဈေးအသီးသီးရှိ အကျိုးတော်ဆောင်များ၊ ဈေးသူ ဈေးသားများနှင့် ဈေးဌာနဝန်ထမ်းများ ပူးပေါင်းကာ လျှောက်လမ်းများ ကျယ်ပြန့်စေရန်နှင့် အဆောက်အအုံအတွင်း အလင်းရောင်လုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ခြင်းများအပြင် သတ်မှတ်ရေယာထက်ကျူးကျော်၍ ခင်းကျင်းထားသော ပစ္စည်းများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဈေးများအား ကျန်းမာရေးနှင့်အညီ ရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးပါက သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရခိုင်ပြည်နယ်အတွင်းရှိ ရဲမှုထမ်းဟောင်းများအား စားသောက်ကုန်များ ထောက်ပံ့

စစ်တွေ မေ ၁၈ – ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး သွားလာမှုကန့်သတ်ချက်များရှိလာသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ရဲမှုထမ်းဟောင်းများ စားသောက်ရေး အခက်အခဲမရှိစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို မေ ၁၈ ရက်က စစ်တွေမြို့ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့ ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ ဂစ္ဆပခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရဲမှုထမ်းဟောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၇၁ ဦးကို ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ခဲ့သည်။ ယနေ့ပြုလုပ်သည့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများသို့ ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား၌ ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ၁၆ ရက်စာ စားသုံးနိုင်ရန်အတွက် ဆန် ၂၆ ပေါင်၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ပဲ ၄၈ ကျပ်သား အမယ်လေးမျိုး ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မောင်စိန်လွင်

✪ *ကျောဖုံးမှ*

စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသောက်ဆိုင်ရှိ ဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်း လမ်းညွှန်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဝန်ထမ်းများနှင့် စားသုံးသူများအား စစ်ဆေးပေးရန် အလှည့်ကျ တာဝန်ချထားရမည်။

၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအား နေ့စဉ် ကိုယ်အပူချိန် တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိစစ်ဆေး၍ ကိုယ်အပူချိန်မြင့်တက်ခြင်း (သို့မဟုတ်) သံသယလက္ခဏာများရှိပါက စားသောက်ဆိုင်အတွင်းသို့ လုံးဝ ဝင်ခွင့်မပြုရပါ။

၃။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကောင်းမွန်မှသာ အလုပ်ဆင်းရမည်။ မိမိကိုယ်တိုင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း စသည့်ရောဂါလက္ခဏာ တစ်ခုခုခံစားရပါက အလုပ်နား၍ လိုအပ်သောဆေးကုသမှု ခံယူရမည်။

၄။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် စားသုံးသူများနှင့်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ရောနှောနေထိုင်ခြင်း မပြုစေဘဲ (၆) ပေ အကွာအဝေးမှ နေထိုင်သွားလာစေရမည်။

၅။ စားသောက်ဆိုင်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက တစ်ယောက်နှင့် တစ်ယောက် အနည်းဆုံး (၆) ပေ အကွာအဝေးတွင် နေရာချထားပေးရမည်။

၆။ စားသုံးသူများအား ငွေရှင်းပြေစာနှင့် ငွေရယူခြင်း၊ ငွေပြန်အမ်းခြင်းလုပ်ငန်းများကို စားပွဲထိုးများနှင့် ဆောင်ရွက်ခြင်းမပြုစေဘဲ သီးခြားဝန်ထမ်းများအား တာဝန်ပေးရမည်။

၇။ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield)၊ ခါးစည်းရှေ့ကာ (Apron)နှင့် လက်အိတ်စသည်တို့ကို ဝတ်ဆင်ရမည်။ ခါးစည်းရှေ့ကာ(Apron) ကို မကြာခဏ လဲလှယ်ရမည်။

၈။ ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် မကြာခဏစနစ်တကျ ဆေးကြောရပါမည်။ (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀) %ပါသော လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောရပါမည်။

၉။ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ် အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်နှင့် အသုံးပြုပြီးသော တစ်ရှူးကို စနစ်တကျ စွန့်ပစ်ပြီး လက်ကိုဆေးကြောရမည်။

၁၀။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရမည်။

၁၁။ လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက အလုပ်မှ ချက်ချင်းအနားပေး၍ နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သောဆေးကုသမှု ခံယူရမည်။

စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသုံးသူများသည် မိမိတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့် သံသယလက္ခဏာ တစ်ခုခုခံစားရပါက စားသောက်ဆိုင်သို့ လုံးဝ မသွားသင့်ပါ။

၂။ အသက်အရွယ်ကြီးသူများ၊ ကိုယ်ခံအားနည်းသူများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာရောဂါရှိသူများသည် စားသောက်ဆိုင်သို့ လုံးဝ မသွားသင့်ပါ။

၃။ စားသောက်ဆိုင်အတွင်းသို့ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield) ပါမှသာ ဝင်ရောက်ရန်။

၄။ စားသုံးသူများသည် ဆိုင်အတွင်းသို့ မဝင်မီ လက်ဆေးရမည်။

၅။ စားသောက်ဆိုင်တွင် အချိန်ကြာမြင့်စွာ မထိုင်သင့်ပါ။

၆။ စားသုံးသူများသည် စားပွဲမျက်နှာပြင်များ၊ ပရိဘောဂများအား ထိတွေ့မိပါက အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ (Hand gel) ဖြင့် လက်သန့်စင်ပြီးမှသာ အစားအစာ စားသုံးရမည်။

၇။ စားသောက်ဆိုင်တွင် သန့်စင်ခန်းအသုံးပြုပါက ရေနှင့်ဆပ်ပြာဖြင့် လက်ကို ဆေးကြောရမည်။

၈။ စားသောက်ဆိုင်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိပါက အဝတ်အစားများအား ချက်ချင်းလဲလှယ်၍ ၎င်းအဝတ်အစားများကို ချက်ချင်းလျှော်ဖွပ်ရန် လိုအပ်ပါသည်။

အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ

၁။ စားပွဲမျက်နှာပြင်များ၊ ကုလားထိုင်များ၊ ကောင်တာများ၊ တံခါး လက်ကိုင်များကို (70%) Alcohol ဖြင့် မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရမည်။

၂။ ဆိုင်အတွင်း သန့်ရှင်းရေးတာဝန်များအတွက် သီးခြားဝန်ထမ်းများ တာဝန်ချထားရမည်။ စားပွဲထိုးများမှ မဆောင်ရွက်ရပါ။

၃။ သန့်စင်ခန်းများ၏ သန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်ရမည်။

၄။ ဆိုင်ဝန်ထမ်းများအားလုံး တစ်ကိုယ်ရေသန့်ရှင်းရေး (လက်မကြာခဏဆေးကြောရန်၊ လက်အိတ် တပ်ထားသော်လည်း ဟိုကိုင် ဒီကိုင်မလုပ်ရန်) ပညာပေးရေးနှင့် လိုက်နာဆောင်ရွက်မှုရှိစေရန် ကြပ်မတ်ရမည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ရန်ကုန်ရွှေဈေးကွက် ယနေ့ပြန်ဖွင့်ပြီ

ရန်ကုန် မေ ၁၈

ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်သောအားဖြင့် အခြားအခြားသော လုပ်ငန်းများ ယာယီပိတ်သိမ်းခြင်းနှင့် အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ရုံးကို မတ် ၂၃ရက်က စတင်ပိတ်ထားခဲ့သည်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ညွှန်ကြားသတ်မှတ်စည်းကမ်းများနှင့်အညီ ယနေ့မှစတင်၍ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ဦးမျိုးမြင့်က ပြောကြားသည်။

ပြန်ကြားရေးမှူး ဦးအေးချိုက "အခုအသင်းရုံး ပြန်ဖွင့်တဲ့အခါမှာ လှေကားအတက်အဆင်းကို တစ်ယောက်ချင်းပဲ အဆင်းအတက်လုပ်စေပါတယ်။ အသင်းရုံးခန်းထဲဝင်သူ အားလုံးအပူချိန်တိုင်းတယ်။ လက်ဆေးဆပ်ပြာရည်နဲ့ဆေးခိုင်းတယ်။ နှာခေါင်းစည်းကို အမြဲတမ်း တပ်ခိုင်းထားတယ်။ နေရာထိုင်ခင်းကအစ စနစ်တကျ စီစဉ်ပေးထားတယ်။ ကိုယ့်ထိုင်ခုံကနေ ကိုယ် အရောင်းအဝယ်စကားပြောကြ၊ အသင်းရုံးလာသူ အားလုံးရဲ့အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်ကအစ သေသေချာချာ မှတ်တမ်းတင်ထားတယ်"ဟု ပြောသည်။

ကိုဗစ် ၁၉ ကာလအတွင်းအသင်းရုံးခန်းတွင် ရွှေအရောင်းအဝယ်ပြုလုပ်ရာ၌ အသင်းဝင်တိုင်း သတ်မှတ်စည်းကမ်းများကို အတိအကျအမြဲလိုက်နာကြရမည်ဖြစ်ပြီး အဖွဲ့ဝင်ခြောက်ဦးပါသော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နေ့စဉ်စောင့်ကြည့်သွားမည်ဟု သိရသည်။

ယနေ့ရွှေဈေးအဖွင့်၌ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၆၀ ဖြစ်ပြီး မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၃၆၀၀၀ ဖြင့် ဈေးစဖွင့်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်း ၄၀၀၀ ကျော်ရှိပြီး ထပ်မံစာရင်းပေးသွင်းထားသူ ၂၀၀၀ နီးပါးရှိ

မန္တလေး မေ ၁၈

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်- ၁၉ နှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်းဆောင်ရွက်နေသူ ၄၀၀၀ ကျော်ရှိပြီး ထပ်မံစာရင်းပေးသွင်းထားသူ ၁၈၀၀ ကျော်ရှိကြောင်း ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း လူမှုကူညီရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်းဆောင်ရွက်နေသူ ၄၀၄၃ ဦးရှိပြီး ထပ်မံစာရင်းပေးသွင်းထားသူ ၁၈၀၀ ကျော် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လက်ရှိစေတနာ့ဝန်ထမ်းဆောင်ရွက်နေသူ ၄၀၀၀ ကျော်တွင် အမျိုးသားအများစုဖြစ်နေပြီး အမျိုးသမီးစေတနာ့ဝန်ထမ်းများ လိုအပ်လျက်ရှိကြောင်း၊ ကန့်သတ်စောင့်ကြည့်နေရာများတွင် ကျား/မ ခွဲခြားကာ ဆောင်ရွက်သည့်အတွက် အမျိုးသမီးစေတနာ့ဝန်ထမ်းများ နည်းနေကြောင်း ၎င်းကပြောသည်။

မြို့နယ်အလိုက် စေတနာ့ဝန်ထမ်းအဖွဲ့များဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း ကိုဗစ်- ၁၉နှင့် ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများကို သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာနများမှ သင်တန်းပေးထားပြီးဖြစ်ကြောင်း၊ ကူညီဆောင်ရွက်ပေးသည့်အခါတွင် အမျိုးသား/အမျိုးသမီးလည်းရှိသည့်အတွက် အမျိုးသားအချင်းချင်း၊ အမျိုးသမီးအချင်းချင်း ကူညီဆောင်ရွက်ပေးသည်မှာ ပိုပြီးအဆင်ပြေကြောင်း ၎င်းကဆက်လက်ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သင်တန်းပေးလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈- ၅ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၂၉၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၂၄၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁၅၆၇၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၂၇၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၂၂၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁၅၄၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၄၄၀/၄၈၀	ကျပ်	၄၇၀/၅၀၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၄၅၀/၄၉၀	ကျပ်	၄၈၅/၅၁၅	ကျပ်
အောက်တိန်း ၉၂	၃၄၀/၃၈၅	ကျပ်	၄၁၀/၄၃၀	ကျပ်
အောက်တိန်း ၉၅	၄၈၀/၅၀၀	ကျပ်	၅၄၅/၅၇၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၄၀၆	.	၅
ဥရောပ	တစ်ယူရို	ကျပ်	၁၅၂၀	.	၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၈၅	.	၈၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၀၂	.	၄
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၁၀	.	၉
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၀၆	.	၄၀
တရုတ်	တစ်ယွမ်	ကျပ်	၁၇၉	.	၆၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈	.	၅၁၅
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၃	.	၉၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၁	.	၇၁
ထိုင်း	တစ်ဘတ်	ကျပ်	၄၃	.	၈၉၈

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၅၀၀	၁၀၅၀၀	၁၉၀၈	၂၀၁၅၉၅၀၀
MTSH	၃၆၅၀	၃၆၅၀	၅၃၆	၁၉၇၁၄၀၀
MCB	၈၃၀၀	၈၃၀၀	၀	၀
FPB	၂၃၅၀	၂၄၀၀၀	၂၇၃	၆၅၂၉၀၀၀
TMH	၂၇၅၀	၂၇၅၀	၂၄	၆၆၀၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေဘိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု လုပ်ငန်းများကြည့်ရှု

မုံရွာ မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ရွှေဘိုခရိုင် စီမံ ခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများသည် ယမန်နေ့က ဝက်လက်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ် အကူအညီဖြင့် ဆောင်ရွက်နေသည့် စိုင်နိုင်ကွေ့-မင်းကျီ-ကျတောက်တိုင်-မြင်းသည် -ကွန်ဆိပ်လမ်းကို ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရွာတော်ကုန်းကျေးရွာ အဆင့်မြှင့် လယ်ယာမြေဖော်ဆောင်ခြင်းလုပ်ငန်းများ ပြီးစီးမှုနှင့် ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းနယ်မြေ ဟန်လင်းမြို့ဟောင်း ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် ရွှေဘိုခရိုင်သို့ ရောက်ရှိခဲ့စဉ်။

အဆိုပါ လမ်းသည် ၂၀ ဒသမ ၄၂၄ ကီလိုမီတာ ကွာဝေးပြီး မူလကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေကျပ် ၆၁၈၅ ဒသမ ၄၇၄ သန်း အကုန်အကျခံ၍ Mann Pyi Dagon ကုမ္ပဏီနှင့် Royal Golden Power ကုမ္ပဏီတို့မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလမ်း ပြီးစီးသွားပါက ကျေးရွာပေါင်း ၁၂ ရွာရှိ လူဦးရေ ၁၄၁၂၂ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝက်လက်မြို့နယ် ရွာတော်ကုန်းကျေးရွာတောင်သူများအတွက် စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်းအဖြစ် အဆင့်မြှင့်လယ်ယာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရွာတော်ကုန်းကျေးရွာ အဆင့်မြှင့်လယ်ယာမြေဖော်ဆောင်ခြင်းလုပ်ငန်းကို JICA(ODA Loan)မှ ထောက်ပံ့ပေးလျက်ရှိပြီး တောင်သူ ၆၇ ဦး၏ ဧရိယာစုစုပေါင်း ၃၁၅ ဒသမ ၀၉ ဧကကို စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထွန်းကိုကို(ယင်းမာပင်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဥပဒေချုပ်ရုံးတွင် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး အသိပညာပေးဟောပြော

မော်လမြိုင် မေ ၁၈

ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူ ဖြစ်စေမည့် နှာခေါင်းစည်းစနစ်တကျ တပ်ဆင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ နှာခေါင်းစည်း ၂၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

အသိပညာပေး ဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်ဥပဒေချုပ်ရုံးရှိ ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး အသိပညာပေးဟောပြော၍ နှာခေါင်းစည်း ၂၀၀၀ ကိုပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဒေါ်အေးအေးမို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

ဝေလင်း(ပြန်/ဆက်)

စက်စဲ(ဓမင်းဆိပ်) ၌ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ ပြုလုပ်

သံဖြူဇရပ် မေ ၁၈

သံဖြူဇရပ်မြို့နယ် စက်စဲ(ဓမင်းဆိပ်)ကျေးရွာ မူလတန်းလွန်ကျောင်းရှေ့ ပင်လယ်ပြင် သို့ အတက်/ အဆင်းလမ်းပြုလုပ်သည့် ကျေးရွာဖွံ့ဖြိုးရေးကုန်ထုတ်လမ်း အရှည်ပေ ၁၅၀၊ အနံ ၁၈ ပေ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်က ကျင်းပရာ မွန်ပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဦးထွန်းဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဥာဏ်ဟိန်းနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဝင်းတို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

စက်စဲ (ဓမင်းဆိပ်) ကျေးရွာ မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ)အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၅ ခုနှစ် မတ်လမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ငါးနှစ်ကာလအတွင်း အတိုးရငွေကျပ် ၃၄၅ သိန်းကျော် ရရှိခဲ့ပြီး အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအနက်မှ ငွေကျပ်သိန်း ၇၀ ဖြင့် စက်စဲ (ဓမင်းဆိပ်)ကျေးရွာပြည်သူများနှင့် ရေလုပ်သားများအတွက် အလွန်အရေးပါသော အဆိုပါ ကွန်ကရစ်လမ်းကို ဖောက်လုပ်ခဲ့ရာ ယခုအခါ ရေလုပ်သားများအတွက် အဓိက ကုန်ထုတ်လမ်းအဖြစ် အသုံးပြုနိုင်တော့မည့်လမ်းတစ်လမ်းဖြစ်သည်။ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးအေးသီ(သံဖြူဇရပ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ကမမောင်းမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၁၈

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၁၆ ရက်က ဖာပွန်ခရိုင် ကမမောင်းမြို့ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမမောင်းမြို့ အမှတ် (၄) ရပ်ကွက်ရှိ ကိုးနဝင်း ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ကုသလအား ဖူးမြော်ကြည်ညိုရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် ဖာပွန်ခရိုင်အတွင်းရှိ ဝေးလံခေါင်သီသော ကျေးရွာများမှ လာရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၄၃၀ အတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် တစ်နှစ်စာ ဆန်ဖိုး အလှူငွေကျပ်သိန်း ၃၀၀ အနက်မှ ဒုတိယ ခြောက်လစာအတွက် ဆန်ဖိုး ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းကာ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကျေးလက်ရေရရှိမှုများကို ကြည့်ရှုစဉ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမမောင်းမြို့ အမှတ် (၂) ရပ်ကွက်ရှိ မြို့တွင်း တူးမြောင်းနေရာကို ကြည့်ရှုစစ်ဆေးရာ အဆိုပါ နေရာသည် နှစ်စဉ်မိုးရာသီရောက်တိုင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရေး ဘားအံမြို့နယ်အတွင်းရှိ နွေရာသီရောက်တိုင်း နှစ်စဉ်ရေရှားပါးမှုနှင့် ကြုံတွေ့ရလေ့ရှိသော သံလွင်အနောက်ခြမ်းရှိ ရေတွင်းကုန်း၊ နတ်ကုန်း၊ ၄က်ပျောတောနှင့် ကော့ပတိုင် ကျေးရွာတို့မှ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပြည်နယ်ဝန်ကြီး ဦးကျော်ကျော်ဝင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကချင်ပြည်နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

တနိုင်း မေ ၁၈

ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများသည် မေ ၁၆ ရက်က တနိုင်းမြို့ တိန်ကောက်ကျေးရွာအနောက်(စိုင်ရော်ကွင်း)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုများ၊တနိုင်းမြို့ ဒူးကောင်း ရပ်ကွက်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဆောက်လုပ်မည့်နေရာကို ကြည့်ရှု စစ်ဆေးခြင်း၊ ဒူးကောင်းရပ်ကွက်ရှိ နောင်ခေါင်းပါကုန်ထုတ်လမ်းဆောင်ရွက်နေမှု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေနုတ်မြောင်းဆောင်ရွက်နေမှုနှင့် တံတား ဆောင်ရွက်မည့်အခြေအနေ၊ မြို့နယ်သမဝါယမ ဦးစီးဌာနရုံး ဆောက်လုပ်နေမှု၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အမှုတွဲခန်း တည်ဆောက်နေမှုများကို ကွင်းဆင်း စစ်ဆေးသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် တနိုင်းမြို့နယ် မိုင်းခွန် ကျေးရွာအုပ်စုမှ တင်ပြထားသည့် လယ်ယာကုန်ထုတ်လမ်းများအား ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဝါဝါ(ပြန်/ဆက်)

သျှင်ဒီသာပြာမုက် ကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသမိုင်းတွင် ပုဂံခေတ်နှောင်းပိုင်းကာလ၌ မွန်ဂိုဘုရင် ကူဗလိုင်ခန်နှင့် ငြိမ်းချမ်းရေး စကားဆိုခဲ့သည့် ဆရာတော် သျှင်ဒီသာပြာမုက်ကို အလွန်ထူးချွန်သည့် သံတမန်အဖြစ် အသိအမှတ်ပြုကြရသည်။ ဆရာတော်သည် မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံသို့ စစ်ချီရန်ပြင်နေသည့် မွန်ဂိုဘုရင်နှင့် ဆွေးနွေးညှိနှိုင်းပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ချိန်တွင် မိမိ၏ အောင်မြင်သော သံတမန်ခရီးမှတ်တမ်းကို ကျောက်စာရေးထိုး၍ ပုဂံမြို့ မင်္ဂလာစေတီ အုတ်ခုံရင်ပြင်ပေါ်တွင် အနောက်ဘက်ရှိ အုတ်ဂူငယ်အတွင်း၌ စိုက်ထူခဲ့သည်။ ယခုအခါတွင် ယင်းကျောက်စာကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်စာတိုင်အမှတ် (၁၁၀) အဖြစ် အများပြည်သူများအား ပြသထားသည်။

မျက်နှာနှစ်ဖက်ရေးထိုးထားသည့် သျှင်ဒီသာပြာမုက် ကျောက်စာသည် အမြင့် ၁၆၆ စင်တီမီတာ၊ အကျယ် ၆၄ ဒသမ ၅ စင်တီမီတာနှင့် အထူ ၁၉ စင်တီမီတာရှိကာ စာကြောင်းရေ ၅၂ ကြောင်း ပါရှိသည်။ ကျောက်စာပါ အမည်အရ သျှင်ဒီသာပြာမုက်ဖြစ်သော်လည်း ရှင်ဒီသာပါ မောက်ကျောက်စာဟု ထင်ရှားခဲ့သည်။ ကျောက်စာတွင် ကျောက်စာရေးထိုးသည့် ခုနှစ်ကို သက္ကရာဇ် ၆၄၇ ခု မြိုက် (သို့)ဝဲ နှစ်ဟု ဖော်ပြကာ ပြည်အနောက်ဘက် လှည်းကျ အရပ်၌ ပုဂံဘုရင် နေထိုင်ကြောင်းမှ အစချီကာ ရေးထိုးခဲ့သည်။

(ပုဂံခေတ် ကျောက်စာအရေးအသားအရ ခုနှစ်သက္ကရာဇ်ထဲမှ ၂ နုတ်ပြီး ၁၂ ဖြင့် စားပါက ၉ ကြွင်းသည့် ခုနှစ်သည် မြိုက္ကသိုဝ်နှစ်ဖြစ်သည်။ အချို့ ကျောက်စာများတွင် မိဂသီနှစ်ဟု ရေးထိုးသည်။)

မြန်မာ့စွယ်စုံကျမ်းတွင် ဒီသာပြာမုက်သည် သက္ကတဆန်ဆန်ရေးထားသော ပါဠိဘာသာ ဒီသာပါမောက္ခဖြစ်၍ မြန်မာဘာသာအားဖြင့် အရပ်မျက်နှာတို့၏ အကြီးအမှူး ကမ္ဘာကျော်ဆရာဟု အနက်ရကြောင်း ဖော်ပြထားသည်။ ထို့အတူ ဒီသာပြာမုက်ဟူသည့်အမည်ကို ပထမဆုံးတွေ့ရှိ ရသည့်နေရာသည် 'တရုတ်ရန်ကို ရှောင်ရှာသည့် တရုတ်ပြေးမင်း(တရုက်ပိယ်) ဆည်းကပ်သော မင်းဆရာ' ဟု ပါရှိသည့် ပုဂံပြတိုက် ကျောက်စာနံပါတ် (၃၃) ဖြစ်ကြောင်း ရေးသားထားသည်။

အေဒီ ၁၃ ရာစုနှောင်းပိုင်းတွင် မွန်ဂိုတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဝင်ရောက်ရန် ကြံစည်ခဲ့ကြသည်။ ယင်းအချိန်တွင် ပုဂံ ဘုရင်နရသီဟပတေ့သည် ဆရာတော်သျှင်ဒီသာပြာမုက် (ရှင်ဒီသာပါမောက်) ကို တရုတ်နိုင်ငံ တယ်တူ(ယခု ဘေဂျင်း) သို့ စေလွှတ်ကာ မွန်ဂိုဘုရင် ကူဗလိုင်ခန်နှင့် သွားရောက်ဆွေးနွေးစေခဲ့ရာ သျှင်ဒီသာပြာမုက် ဦးဆောင် သည့် သံအဖွဲ့သည် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးကို အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။

သမိုင်းနောက်ခံ

ခရစ်နှစ် ၁၂၇၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်ခြားဒေသ၌ နှစ်နိုင်ငံအကြား စစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုတိယအကြိမ်ဖြစ်ပွားသည့် စစ်ပွဲတွင် မွန်ဂိုတို့သည် ငဆောင်ချမ်းနှင့်ကောင်းတုံသို့ ဝင်ရောက်လာခဲ့ကြပြီး ၁၂၇၈ ခုနှစ် နွေရာသီတွင် ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ နောင် ခြောက်နှစ်အကြာတွင် မွန်ဂိုတို့သည် ငဆောင်ချမ်းနှင့် ကောင်းစင်ကို ထပ်မံတိုက်ခိုက်ခဲ့ရာ ခရစ်နှစ် ၁၂၈၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် ကောင်းစင်ကျခဲ့ပြီး မွန်ဂိုစစ်သူကြီး ယွမ်ရှီအန်(Yuan Shih-an)က ယင်းဒေသကို စောင့်ကြပ်၍ စားနပ်ရိက္ခာများ စုဆောင်းခဲ့သည်။ ထို့နောက် ယင်းဒေသ ပထဝီဝင်မြေပုံနှင့် စစ်ရေးအစီရင်ခံစာကို မွန်ဂိုဘုရင် ကူဗလိုင်ခန်ထံသို့ ပေးပို့ခဲ့သည်။

သျှင်ဒီသာပြာမုက်ကျောက်စာ

မွန်ဂိုတို့သည် ငဆောင်ချမ်း ကောင်းစင်တိုက်ပွဲကို အနိုင်ရပြီးနောက် မြန်မာတို့အညံ့ခံကာ ယင်းတို့လက်အောက်သို့ ဝင်လာလိမ့်မည်ဟု ယူဆကာ သံနှစ်ဦးကို စေလွှတ်၍ အညံ့ခံရန် ဆင့်ဆိုခဲ့သည်။ မြန်မာဘက်မှ မည်သို့မျှ မပြန်ကြားခဲ့ဘဲ ဧရာဝတီမြစ်ကြောင်းအတိုင်း ကောင်းစင်မှ တကောင်းသို့ စုန်ဆင်းကာ တကောင်း (သင်းတွဲ)တွင် တပ်ချ၍ ဧရာဝတီ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာမည့် မွန်ဂိုတို့ကို ခုခံရန် ပြင်ဆင်ခဲ့သည်။ မွန်ဂိုတို့က တကောင်းသို့ ရဟန်းတော်တစ်ပါးကို စေလွှတ်ကာ ဖျောင်းဖျစေခဲ့သော်လည်း မြန်မာတို့က ယင်းရဟန်းတော် ကို သတ်ဖြတ်ခဲ့သည်ဟုဆိုရာ စစ်မက်ဖြစ်ပွားနေစဉ် ရောက်ရှိလာသူသည် ရဟန်းအစစ်လော၊ ဘာသာရေးအရေခြုံထားသည့် သူလျှိုလောဟု မခွဲခြားနိုင်သဖြင့် ကွပ်မျက်လိုက်ခြင်း ဖြစ်နိုင်ကြောင်း သုတေသနမှူး ဦးရည်စိန်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် မွန်ဂိုတပ်များသည် တကောင်း၌ တပ်စွဲနေ သည့် မြန်မာတို့ကို အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သဖြင့် ၁၂၈၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် တကောင်းကျခဲ့သည်။ မွန်ဂိုတို့သည် မလည်အထိဆင်းလာ၍ တကောင်းနှင့် မလည်ကို သိမ်းပိုက်ပြီး စစ်သူကြီး ခဒိုင်(Qadai)နှင့် ဗိုလ်ချုပ်ဘုတုမန် (Butuman) ဦးစီးသည့် စစ်သည် ၅၀၀၀ က ယင်းနယ်ကို စောင့်ကြပ်ခဲ့ကြသည်။

မွန်ဂိုတို့သည် ငစဉ်ကူ အရပ်အထိ ရောက်ခဲ့ဟန်ရှိကာ ကောင်းစင်မှ ငစဉ်ကူအထိ နေရာဒေသများကို မြန်(နိုင်ငံ) ချီတက်ရေးနယ်ဟု ဖွဲ့စည်း၍ ယူနန်နယ်ခွဲဟု ခေါ်ဆိုခဲ့ကြကာ ၁၂၈၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် ကျန်ဝမ် (Chan Wan) အား မြန်(နိုင်ငံ) ချီတက်ရေးနယ်၏ သူပုန်များ ဆင့်ခေါ်ရေးနှင့် နှိမ်နင်းရေးအရာရှိအဖြစ် ခန့်ထားခဲ့သည်။ ယင်းတို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ချီတက်တိုက်ခိုက်ရန် ရည်ရွယ်ခဲ့သော်လည်း တရုတ်-မြန်မာ နယ်ခြားဒေသတွင် ပုန်ကုန်ထကြွနေသည့် မောရှမ်းများကို နှိမ်နင်းတိုက်ခိုက်နေရသဖြင့် တစ်နှစ်ကြာသည်အထိ မြန်မာနိုင်ငံအလယ်ပိုင်းကို မတိုက်ခိုက်နိုင်ခဲ့ချေ။

မြန်မာတို့ တပ်ပျက်ပြီဟု ကြားချိန်တွင် ပုဂံဘုရင် နရသီဟပတေ့သည် ပုဂံမှ အောက်ဘက်သို့ စုန်ဆင်းသွားခဲ့သဖြင့် တရုတ်ပြေးမင်းဟု အမည်တွင်ခဲ့သည်။ နရသီဟပတေ့သည် ပြည်အနောက်ဘက်ရှိ လှည်းကျအရပ်၌ နှစ်နှစ်နီးပါးနေထိုင်ခဲ့ချိန်အတွင်း မွန်ဂိုတို့သည် ပုဂံကို လာရောက်တိုက်ခိုက်ခဲ့ခြင်း မရှိသော်လည်း တစ်ချိန်ချိန်တွင် ကျိုန်းသေလာရောက်တိုက်ခိုက်လိမ့်မည်ဟု တွက်ဆခဲ့သည်။ ထို့ကြောင့် နရသီဟပတေ့သည် မွန်ဂိုဘုရင်နှင့် စေ့စပ်ရန် ဆုံးဖြတ်ခဲ့ကာ အမတ်အနန္တပိစည်နှင့် မဟာပိုတို့ ကို ၁၂၈၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် တကောင်းသို့ စေလွှတ်ခဲ့သည်။ ယင်းတို့သည် မွန်ဂိုအဖွဲ့နှင့် မဆွေးနွေးမီ တကောင်းတွင် တပ်စွဲထားသည့် မွန်ဂိုစစ်သည်များကို အောက်ပိုင်းသို့ စေလွှတ်ရေးကို ရပ်စဲထားစေလိုကြောင်း စာလွှာပို့ခဲ့သည်။

သံအဖွဲ့နှစ်ဦးသည် မွန်ဂိုတို့နှင့် ပဏာမဆွေးနွေးခဲ့ကြ ပြီး နောက်နှစ်လ အကြာတွင် ကောင်းစင်၌ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။ အနန္တပိစည်က ကူဗလိုင်ခန် မင်းကြီးက စေ့စပ်ဆွေးနွေးမှုကို သဘောတူညီပါက မြန်မာဘက်မှ ရာထူးကြီးမြင့်သော အရာရှိတစ်ဦးကို တရုတ် နေပြည်တော်သို့ စေလွှတ်ပါမည်ဟု အဆိုပြုခဲ့သည်။

သျှင်ဒီသာပြာမုက်၏ တရုတ်ပြည်ခရီး

အနန္တပိစည်၊ မဟာပိုနှင့် မွန်ဂိုတို့ ထပ်မံဆွေးနွေးရမည့် အချိန် နီးကပ်လာချိန်တွင် သုသုတ္တာကီ ဦးဆောင်သော မွန်ဂိုစစ်သည် ၂၀၀၀၀ သည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ချီတက်တိုက်ခိုက်ရန် တကောင်း၌တပ်စွဲနေကြောင်းနှင့် ဆရာတော်ပုညစမ္ဘီကာနှင့် သီရိစမ္ဘီကာ ဦးဆောင်သည့် အပါး ၇၀ ပါရှိသည့် သံဃာအဖွဲ့တစ်ဖွဲ့လည်း ပါဝင်ကြောင်း သတင်းများရရှိခဲ့သည်။ ယင်းအဖွဲ့မှ သံဃာ အပါး ၇၀ သည် ပုဂံသို့ သာသနာပြုကြွမည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း ယူဆမှုများလည်း ရှိခဲ့သည်။ ထိုအချိန်တွင် ကူဗလိုင်ခန် သည် မြန်ကျင် (Mien chumg) အမည်ရှိ နယ်ကို ဖွဲ့စည်း၍ မင်းသား ဆုဆုတေဂိ(နံ) (သုသုတ္တာကီ) ကို မြန်ကျင် ဘုရင်ခံအဖြစ် ၁၂၈၆ ခုနှစ် မတ်လ ၃ ရက်တွင် ခန့်အပ်ခဲ့သည်။ မြန်ကျင်သည် ပုဂံကိုဗဟိုပြုသော မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သည်။

ထို့ကြောင့် အနန္တပိစည်နှင့် မဟာပိုတို့သည် ဆွေးနွေးပွဲသို့ မိမိတို့ နှစ်ဦးတည်းသာသွားလျှင် မွန်ဂိုဘုရင် နှင့် ပိုင်နိုင်စွာ ဆွေးနွေးနိုင်မည် မဟုတ်ကြောင်း သိရှိခဲ့ကာ ဘုရင့်ဆရာတော် သျှင်ဒီသာပြာမုက်ကို စေလွှတ်လျှင် ပိုမိုသင့်လျော်မည်ဟု ဘုရင်နရသီဟပတေ့ထံ လျှောက်ထားခဲ့ဟန်ရှိကြောင်း ဦးရည်စိန်၏ စာတမ်းတွင် ဖော်ပြခဲ့သည်။

ထို့ကြောင့် ဆရာတော် သျှင်ဒီသာပြာမုက် ဦးဆောင်သော အဖွဲ့သည် သစ်ဆိမ့်နှင့်ဟန်လင်းမှ တကောင်းသို့ ကြွခဲ့သည်။ တကောင်းသို့ ရောက်ရှိချိန်တွင် မွန်ဂိုတို့က သံအဖွဲ့သည် ဘုရင်စေလွှတ်သောအဖွဲ့မဟုတ်ဘဲ အမတ်စေလွှတ်သည့်အဖွဲ့သာ ဖြစ်သည်ဟုဆိုကာ တရားဝင်လက်ခံခြင်း မပြုခဲ့သည့်အပြင် ဆရာတော်မှလွဲ၍ သံအဖွဲ့ဝင်များကို ဖမ်းဆီးထားဟန်ရှိခဲ့သည်။ မွန်ဂိုတို့က ဆရာတော်သည် ဘုရင့်သံတမန်မှန်လျှင် ပြည်ဝင်ခွင့်ပြုမည်ဟု ဆိုသဖြင့် ယင်းသတင်းကို ပုဂံဘုရင်ကြားလျှင် မင်းတို့ကား တမန်ကို မချုပ်ရာဟု ဆိုကာ မိမိ၏ သံတမန်ခန့်အပ်လွှာကို ပေးပို့ခဲ့သည်။ ပုဂံဘုရင် နရသီဟပတေ့ မိန့်ကြားခဲ့သည့် 'မင်းတို့ကား တမန်ကို မချုပ်ရာ' ဟူသည့် စကားသည် သံတမန်လောကတွင် ယနေ့တိုင် ထင်ရှားခဲ့ပြီး သျှင်ဒီသာပါမုက်ကျောက်စာတွင် 'မင်တိုဝ်ကာ တန်မန်ကိုဝ် မချုပ် ရျာ' ဟု ဖတ်ရှုကြရပေသည်။

တကောင်းသို့ ရောက်ရှိနေပြီး မွန်ဂိုတပ်များ ပုဂံသို့ ချီတက်တိုက်ခိုက်လျှင် လိုက်ပါကြရမည့် သံဃာတော်များသည် ဆရာတော်သျှင်ဒီသာပြာမုက် တကောင်းသို့ ရောက်ရှိလာချိန်တွင် ဆရာတော်အား ပူဇော်ကြကာ ကူဗလိုင်ခန်မင်းကြီးနှင့်တွေ့လျှင် ယင်းတို့အား ပုဂံသို့ စေလွှတ်ခြင်းမပြုရန် ပြောတော်မူပါဟု ပန်ကြားခဲ့ကြသည်။

ဆရာတော် ဦးဆောင်သည့် သံအဖွဲ့သည် တကောင်းမှ ယူနန်မြို့တော် ယဆည်သို့ ရောက်ရှိချိန်တွင် မိုးကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ယဆည်တွင် ဝါဆိုပြီးမှ တရုတ်နိုင်ငံသို့ ကြွခဲ့ရာ ၁၂၈၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် တယ်တူ (ဘေဂျင်း)သို့ ရောက်ရှိခဲ့သည်။ ကူဗလိုင်ခန်က ဆရာတော်နှင့် သံအဖွဲ့ကို ကောင်းမွန်စွာ ခရီးဦးကြိုဆိုပြီး သံအဖွဲ့သည် စစ်ရေးအတွက်မဟုတ်ဘဲ သာသနာရေးအတွက်သာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဆရာတော်၏ ရှင်းလင်းပြောဆိုမှုများ

ဆရာတော် သျှင်ဒီသာပြာမုက် နှင့် ကူဗလိုင်ခန်တို့ တွေ့ဆုံစဉ် ဆရာတော် မိန့်ကြားခဲ့သည့် စကားများကို သုတေသနမှူး ဦးရည်စိန်၏ မှတ်တမ်းတွင် ဤသို့ဖော်ပြခဲ့သည်။

မဟာရာဇ်။

ဤစစ်သည် သူရဲနှင့် သံဃာတို့သည် (မြန်မာနိုင်ငံအလယ်ပိုင်းသို့ ရောက်ရှိသော်) ဆန်စားရမှသာလျှင် အသက်ရှင်နိုင်ပါမည်၊ စပါးဟူသည် တိုင်းပြည်စည်ပင်သာယာဝပြောရေး၏ အရင်းအမြစ်မဟုတ်ပါလော၊ သို့သော် ယခုအခါ စစ်ဘေးစစ်ဒဏ်ကြောင့် ရဟန်းသံဃာများပင် နေပြည်တော်ကို စွန့်ခွာကြလေပြီ၊ ကောက်ပဲသီးနှံ စိုက်ပျိုးသူမရှိ၍ ဆန်မရှိတော့ပြီ၊ စစ်သည် သူရဲတို့သည် ဆန်မစားရဘဲ ထန်းကိုသာ စားနေပါလျှင် ဝမ်းနာ၍ သေကျေ ကြမည် မဟုတ်ပါလော၊ သူရဲများ သေကျေနေကြသည်ကိုတွေ့လျှင် ကျန်ရှိသော သံဃာများလည်း နေပြည်တော်ထဲသို့ မဝင်ဝံ့တော့ဘဲ ပြေးလွှားရင်းနှင့်ပင် ပျံလွန်တော်မူမည်၊ ဤသို့ဖြစ်လျှင် မင်းကြီး၏ ရည်မှန်းချက်သည် ပြည့်ဝ အောင်မြင်ပါမည်လော။

စာမျက်နှာ ၂၂ သို့

> "အေဒီ ၁၃ ရာစုနှောင်းပိုင်းတွင် မွန်ဂိုတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဝင်ရောက်ရန် ကြံစည်ခဲ့ကြသည်။ ယင်းအချိန်တွင် ပုဂံဘုရင်နရသီဟပတေ့သည် ဆရာတော် သျှင်ဒီသာပြာမုက် (ရှင်ဒီသာပါမောက်) ကို တရုတ်နိုင်ငံ တယ်တူ (ယခု ဘေဂျင်း)သို့ စေလွှတ်ကာ မွန်ဂိုဘုရင် ကူဗလိုင်ခန်နှင့် သွားရောက်ဆွေးနွေးစေခဲ့ရာ သျှင်ဒီသာပြာမုက် ဦးဆောင်သည့် သံအဖွဲ့သည် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးကို အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့"

ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ပိုးသတ်ဆေးဖျန်း

ဟားခါး မေ ၁၈

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် ဟားခါးမြို့အတွင်း ကိုဗစ်-၁၉ ထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံနံရံများ၊ တံခါးပေါက်များနှင့် ရုံးပတ်ဝန်းကျင်များကို ပိုးသတ်ဆေးများ ပက်ဖျန်းပြီးနောက် ဝန်ထမ်းများ နေသည့် လိုင်းခန်းများ၊ အရာရှိနေအိမ်များကို ပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ ပိုးသတ်ဆေးများ ပက်ဖျန်းကြရာ ဗိုလ်မှူးကြီးသန့်ဇင်ဦးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ကျော်တို့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ပိုးသတ်ဆေးများ ဖျန်းပေးစဉ်။

ဟားခါးမြို့အတွင်းရှိ ဌာနဆိုင်ရာများ၊ ရုံးအဆောက်အအုံများ၊ ဘာသာရေးကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် အသွားအလာကန့်သတ်ထားရှိသည့်နေရာများကို ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

အင်းစိန်မြို့နယ်သို့ ကိုဗစ်-၁၉ ကာကွယ်ရေးနှာခေါင်းစည်းများ လှူဒါန်းပေးစဉ်။

အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းများလှူဒါန်း

ရန်ကုန် မေ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမရှိစေရန်၊ လိုအပ်သည်များ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၁၀၀၀၀ လာရောက်လှူဒါန်းခြင်းကို ယမန်နေ့က အင်းစိန် (GTI)ကန့်သတ်စောင့်ကြည့်စင်တာ၌ လှူဒါန်းသည်။

လှူဒါန်းရာတွင် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် နေရာများတွင် သုံးစွဲနိုင်ရန်အတွက် တရုတ်နိုင်ငံဖန်းဟွာဂရု(ပ်) ကုမ္ပဏီမှ MD ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက နှာခေါင်းစည်း အခု ၁၀၀၀၀ ကို လာရောက်လှူဒါန်းရာ မြို့နယ်၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တိုင်းဒေသကြီး(၁) လွတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ တိုင်းဒေသကြီး(၂) လွတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စိန်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဇွဲထက်ကို(ပြန်/ဆက်)

မြိတ်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့

မြိတ် မေ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျား ရပ်ကွက် အရာရှိရိပ်သာလမ်း မြိတ်မြို့နယ် ရဲတပ် ဖွဲ့မှူးရုံးရှိ ဓမ္မာရုံ၌ ယမန်နေ့က မြိတ်ခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီမှ ရဲတပ်ဖွဲ့ဝင် အရာရှိ/အခြားအဆင့် ၁၅၅ ဦးတို့အား အခြေခံ စားသောက်ကုန်ပစ္စည်းလေးမျိုး ထောက်ပံ့ ပေးအပ်သည်။

အခြေခံစားသောက်ကုန်များ ပေးအပ်ရာ တွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဒေါ်ရီရီချိုက အမှာစကားပြောကြားပြီး ခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက အခြေခံစားသောက်ကုန်ပစ္စည်းလေးမျိုး ထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း နှင့် တာဝန်ရှိသူများက အခြေခံစားသောက်ကုန်ပစ္စည်း လေးမျိုးတို့အား ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင် ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးချိုလွင်နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ပေးအပ်စဉ်။

အဆိုပါ အခြေခံစားသောက်ကုန်လေးမျိုးကို မြိတ်မြို့နယ်အတွင်းရှိ ရဲစခန်းအသီးသီးတွင် တာဝန်ထမ်းဆောင် လျက်ရှိသော အရာရှိ/အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၅၅ ဦး တို့ကို တစ်ဦးလျှင် ဆန်ငါးပြည်အိတ် တစ်အိတ်၊ ဆီ ၃၀ ကျပ်သား တစ်ဘူး ၊ မာမီးခေါက်ဆွဲခြောက်ငါးထုပ်၊ ငါးသေတ္တာဘူး ငါးဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

မိုင်းယောင်း၌ ပိုးသတ်ဆေးဖျန်း

မိုင်းယောင်း မေ ၁၈

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ စောင့်ကြည့်ရေး စခန်း အသွားအလာကန့်သတ်နေရာအဖြစ် ဖွင့်လှစ်အသုံးပြုခဲ့သော စာသင်ဆောင်များကို ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းမှ အသင်းသူ၊ အသင်းသားများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုနှင့်အညီ ပိုးသတ်ဆေးဖျန်းခဲ့ခြင်းဖြစ်သည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

မိတ္ထီလာ၌ ရဲမှူထမ်းဟောင်းအသင်းဝင်များအား အခြေခံစားသောက်ကုန် ထောက်ပံ့

မိတ္ထီလာ မေ ၁၈

မိတ္ထီလာမြို့နယ်၌ ရဲမှူထမ်းဟောင်းအသင်းဝင်များအား အခြေခံစားသောက်ကုန် ၁၁ မျိုးကို ယမန်နေ့က ပေါက်ချောင်း အားကစားကွင်း၌ ထောက်ပံ့ပေးအပ်သည်။

ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် မိတ္ထီလာမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် စားဝတ်နေရေးအခက်အခဲမရှိသော်လည်း ရဲမှူထမ်းဟောင်းများအနေဖြင့် စားဝတ်နေရေးအခက်အခဲရှိသဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ရဲမှူထမ်းဟောင်းအသင်းဝင် ၆၆ ဦးအား အခြေခံစားသောက်ကုန်များဖြင့်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကြက်ဥ၊ ကုလားပဲ၊ ကြာဆန်၊ ငါးသေတ္တာ ၊ ခေါက်ဆွဲ၊ ရေသန့်နှင့် နှာခေါင်းစည်းများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဦးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

စာမျက်နှာ ၂၁ မှ

ဥယျာဉ်စိုက်သော ယောက္ချားတို့သည် ရေသွန်းလောင်း၍ အပင်ကို ကြီးထွားစေပါသည်၊ အညွှန့်ကို မဆိတ်ကြပေ၊ သစ်ပင် သီးသောအခါ အသီးကို စားရန်သာ (မျှော်မှန်းကြပါသည်)။ တမ္ဘီ၀(တံပြတိုက်)ဟုခေါ်သော ပုဂံကို ရေသွန်းလောင်းပါ၊ ပြည်ကငယ်ပင် ငယ်သော်လည်း ထိုပြည်၏ သာသနာသည် မြင့်မြတ်ပါသည်၊ မင်းကြီးမှာလည်း ဘုရားဆုကို တောင်းသောသူတစ်ဦးပင် မဟုတ်တုံလော၊ ဤသို့ဆိုလျှင် အဖဂေါတမ၏ သာသနာတော်ကို မဖျက်ဆီးသင့်ပေ။

မင်းကြီးတိုက်ခိုက်အောင်မြင်ခဲ့သော တိုင်းပြည်များသည် များလည်းများပေသည်၊ ကြီးလည်းကြီးပေသည်၊ တမ္ဘီ၀ဖြစ်သော ပုဂံသည် ပြည်ငယ်တစ်ခုသာတည်း၊ သာသနာထွန်းကားနေသောကြောင့် ဘုရားလောင်းတို့က မြတ်နိုးကြပါသည်၊ မင်းကြီး၊ စစ်သည် သူရဲတို့ကို မစေလွှတ်ပါနှင့်၊ ငါတို့ကောက်ပဲသီးနှံများကို စိုက်ပျိုးပါဦးမည်၊ ကောက်ပဲသီးနှံစိုက်ပျိုး၍ ပြီးစီးသော အချိန်ကျမှ ဝင်လာပါ။

ဆရာတော်က ဤသို့ မိန့်ဖြွက်လျှင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ကူဗလိုင်ခန်သည် ဆရာတော်၏ ပိုင်နိုင်သော မိန့်ကြားချက်များကို လက်ခံကာ 'ပဏ္ဍိတ် ပြောဟောသောအမိန့်တော်တွင် တပည့်တော်အဖို့လည်း ပါဝင်သည်။ ပဏ္ဍိတ်ပြန်ကြွတော်မူပါ၊ ထွက်ပြေးသွားခဲ့သမျှသော သူတို့ကို ပြန်ခေါ်တော်မူ၍ ကောက်ပဲသီးနှံစိုက်ပျိုးကြပါ၊ ပြီးစီးသောအခါ တပည့်တော်အား လူလွှတ်၍ အကြောင်းကြားပါ' ဟု ဆိုကာ ဆရာတော်၏ တောင်းဆိုချက်များ အောင်မြင်ပြီးဆုံးခဲ့ပေသည်။

ဆရာတော် သျှင်ဒီသာပြာမုက်၏ သံတမန်ခရီးသည် အသွားအပြန် တစ်နှစ်ဝန်းကျင်ကြာမြင့်ခဲ့ကာ ၁၂၈၆ ခုနှစ် ဇန်နဝါရီလဝန်းကျင်တွင် တယ်တူမှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး ထိုနှစ်ဧပြေလနှင့် မေလဝန်းကျင်တွင် ပုဂံဘုရင်နရသီဟပတေ့ရှိသည့် လှည်းကျသို့ ပြန်လည် ရောက်ရှိခဲ့သည်။

ဆရာတော်၏ အောင်မြင်သော သံတမန်ခရီးကို အလွန်နှစ်သက်အားရတော်မူသော ပုဂံဘုရင်နရသီဟပတေ့သည် ဆရာတော်အား လယ်ပယ် ၈၀၀ ၊ ကျွန်နှင့် နွားများ လှူဒါန်းခဲ့သည်။ ဆရာတော်သည် ယင်းအလှူအရပ်ရပ်ကို ရတနာသုံးပါးကို ရည်မှန်းလျက် ပန်းပွတ်ရပ်စေတီ၌ လှူဒါန်းခဲ့ကြောင်း ကျောက်စာရေးထိုးခဲ့သည်။ ထိုအချိန်တွင် စေတီတော်တန်ဆောင်းကြီးက ပြီးဆုံးပြီး စာသင်တိုက်က မပြီးသေးကြောင်းနှင့် မိဖုရားက သစ်နှင့် ဝတ္ထုများလှူဒါန်းကြောင်း ကျောက်စာတွင် ရေးထိုးခဲ့သည်။ ပန်းပွတ်ရပ်စေတီသည် ပုဂံမင်္ဂလာစေတီဖြစ်၍ မိဖုရားသည် မိဖုရားစောဟု ယူဆရကြောင်း စာတမ်းတွင် ဖော်ပြထားပေသည်။

နရသီဟပတေ့သည် ပုဂံသို့ ပြန်ရန် ပြည်သို့ လာခဲ့စဉ် သားတော် ပြည်စားက လုပ်ကြံခဲ့သဖြင့် ၁၂၈၇ ခုနှစ်တွင် ကံကုန်ခဲ့သည်။ ပုဂံဘုရင် လုပ်ကြံခံရပြီးနောက် ယူနန်နယ်မှ မွန်ဂိုများသည် မြန်မာနိုင်ငံအလယ်ပိုင်းကို တိုက်ခိုက်ရန် ကူဗလိုင်ခန်မင်းကြီးထံ ပန်ကြားခဲ့သော်လည်း ကူဗလိုင်ခန်က ခွင့်မပြုခဲ့သဖြင့် ကူဗလိုင်ခန်၏ မြေးယူနန်မင်းသား အဲဆန်တဲမူး (Asan Tamur) သည် အခြားမင်းသားများနှင့်ပေါင်း၍ ပုဂံသို့ ချီတက်တိုက်ခိုက်ခဲ့ရာ မွန်ဂိုစစ်သည် ၇၀၀၀ ကျဆုံးခဲ့သည်။

သျှင်ဒီသာပြာမုက်၏ သံတမန်ခရီးသည် တကောင်းကျပြီးနောက် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံက တရားဝင်စေလွှတ်ခဲ့သည့် ငြိမ်းချမ်းရေးခရီးဖြစ်ကာ မြန်မာနှင့် တရုတ်နှစ်ဖက်စလုံးတွင် မှတ်တမ်းအထောက်အထားများ ရှိခဲ့ သည်။ တရုတ်မှတ်တမ်းများတွင် ရှေ့ပိုင်းပဏာမ ဆွေးနွေးပွဲအကြောင်းများ ပါရှိ၍ မြန်မာဘက်မှ အထောက်အထားမှာမူ တရားဝင်စေ့စပ်ဆွေးနွေးမှုများကို မှတ်တမ်းတင်ထားသည့် ကျောက်စာဖြစ်သည်။ ထို့ကြောင့် တရုတ်မြန်မာနှစ်ဖက်မှတ်တမ်းများကို ဆက်စပ်၍ သမိုင်းဖြစ်ရပ်များကို ဖော်ထုတ်နိုင်ခဲ့သည်။

အနန္တပိစည်နှင့် မဟာပိုတို့ ပထမအခေါက်သွားခဲ့သည့် ပဏာမဆွေးနွေးပွဲအပြီးတွင် ပုဂံဘုရင် နရသီဟပတေ့သည် သျှင်ဒီသာပြာမုက်ကို မွန်ဂိုဘုရင် ကူဗလိုင်ခန်နှင့် တိုက်ရိုက်ဆွေးနွေးရန် သံအဖွဲ့ခေါင်းဆောင်အဖြစ် စေလွှတ်ခဲ့ပြီးနောက် ဆရာတော်ရေးထိုးခဲ့သည့် ကျောက်စာသည် ခိုင်မာသော သမိုင်းမှတ်တမ်းဖြစ်လာခဲ့သည်။ ထို့အတူ ဆရာတော်၏ ထူးချွန်သော သံတမန်ရေးရာ၊ နှုတ်မှု စွမ်းရည်များကြောင့် သျှင်ဒီသာပြာမုက်ကျောက်စာသည် သုတေသီများ အထူးစိတ်ဝင်စားကြသည့် မြန်မာ တရုတ်ဆက်ဆံရေးမှတ်တမ်း တစ်ရပ်ဖြစ်လာခဲ့ပေသည်။

တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

နေပြည်တော် မေ ၁၈

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို မေ ၁၁ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၇ မြို့နယ်ရှိ နေရာ ၁၄၈ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၁ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၅ ကီလိုဂရမ်၊ ရေ ဂါလန် ၇၅၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၂ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၆ မြို့နယ်ရှိ နေရာ ၁၀၉ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၁၆၀၊ ပိုးသတ်ဆေးမှုန့် ၂၆ ကီလိုဂရမ်၊ ရေ ဂါလန် ၁၁၁၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ထို့အတူ မေ ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၃ မြို့နယ်ရှိ နေရာ ၁၄၆ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၄၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၄ ကီလိုဂရမ်၊ ရေ ဂါလန် ၁၀၈၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

မေ ၁၄ ရက်က သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၅၂ မြို့နယ်ရှိ နေရာ ၁၁၃ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၂၄၁ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၃ ကီလိုဂရမ်၊ ရေ ဂါလန် ၁၅၈၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

သတင်းစဉ်

မေ ၁၁ ရက်က ချင်းပြည်နယ် တွန်းဓမြို့တွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

မေ ၁၁ ရက်က ကယားပြည်နယ် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအုပ်စု ကဒါးလားဘုန်းကြီးကျောင်းတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

မေ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် မီးသတ်ယာဉ်များဖြင့် COVID-19 ကာကွယ်ဆေး ဖျန်းစဉ်။

မေ ၁၂ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် မီးသတ်ယာဉ်များဖြင့် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

မေ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

မေ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးရှေ့ရပ်ကွက်တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

မေ ၁၄ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မီးသတ်ယာဉ်များဖြင့် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

မေ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်း မီးသတ်ယာဉ်များဖြင့် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် မြန်မာနိုင်ငံဘက်သို့ ဦးတည်မည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

နေပြည်တော် မေ ၁၈

ယနေ့ ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် (AMPHAN) သည် မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပါရာဒစ်ပ်မြို့၊ (ဩရိသ) ၏ တောင်ဘက် ရေမိုင် ၃၅၀ မိုင်ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ်ပူပါရာမြို့၏ တောင် - အနောက်တောင်ဘက် ရေမိုင် ၅၀၀ မိုင်ခန့်၊ မြန်မာနိုင်ငံ၊ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၀၀ မိုင်ခန့် နှင့် ပုသိမ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၅၀၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု နေပါသည်။

စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့် ဟု သတ်မှတ်ပါသည်။

စူပါဆိုင်ကလုန်းမုန်တိုင်း၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြန်မာစံတော်ချိန် ည ၉ နာရီခွဲအချိန်တွင် မြောက် လတ္တီကျူ ၁၄ ဒသမ ၅ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၆ ဒသမ ၄ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား ၉၂၀ ဟက်တိ ပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၀ မိုင်နှုန်း ဖြစ်ပါသည်။

နောက် ၆၀ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက် - အရှေ့ မြောက်ဘက်သို့ကွေ့ကာ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်

အဆိုပါ စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ အရှိန်ကြောင့် ၁၈-၅-၂၀၂၀ မှ ၂၁-၅-၂၀၂၀ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။

အသိပေးနှိုးဆော်ချက်

အဆိုပါ စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ အရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည့် အခြေအနေများကို မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး သွားလာနေကြသော ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကောင်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/လေ

ဒလမြို့နယ်၌ သောက်သုံးရေကန်ပေါင်း ၃၂၉ ကန်ရှိသည့်အနက် ကန် ၂၅၀ ခန့် ခန်းခြောက်မှုဖြစ်ပေါ်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ယခုနှစ် နွေရာသီကာလ၌ အပူရှိန် မြင့်မားမှုကြောင့် မြို့ပေါ်ရှိရပ်ကွက်များနှင့် ကျေးရွာများအပါအဝင် ရေကန်ပေါင်း ၃၂၉ ကန်ရှိသည့်အနက် သောက်သုံးရေကန်ပေါင်း ၂၅၀ ခန့် ရေခန်းခြောက်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ရပ်ကွက်တွေနဲ့ ကျေးရွာတွေမှာ ရေကန်ပေါင်း ၃၀၀ ကျော်ရှိတယ်။ ဒါပေမယ့် ၂၅၀ နီးပါးလောက်က ရေခန်းခြောက်သွားတယ်။ ဒါကလည်း အပူရှိန်မြင့်မားတာလည်း ပါတယ်။ မိုးရွာတာလည်း နောက်ကျတယ်။ လူဦးရေလည်း တစ်နေ့ထက်တစ်နေ့ ပိုပိုများလာတယ်။ ရေလိုအပ်ချက် ပမာဏကလည်း ပိုများလာတာ ဖြစ်ပါတယ် " ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က ပြောသည်။

လက်ရှိအချိန်တွင် ဒလမြို့ပေါ်ရှိ ရပ်ကွက် ၂၄ရပ်ကွက်အတွက် ရေပိုက်လိုင်းစနစ်ဖြင့် စည်ပင်ရေသန့်ဌာန၏ ရေပေးဝေနိုင်မှုအတိုင်းအတာမှာ ၂၄ ရာခိုင်နှုန်းသာ ပေးဝေနိုင်ပြီး ၇၅ မှော်စက်ရပ်ကွက်မှာ ရေသန့်စက်ကို ရာခိုင်နှုန်းကို ပေးဝေနိုင်မှုမရှိကြောင်း၊ သောက်သုံးရေကန်များကိုသာ အဓိကအားထား သုံးစွဲနေရသည့်အတွက် မေလဆန်းမှစပြီး ရေလိုအပ်ချက်များလာမှုကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒလမြို့နယ်ရေပေးဝေရေးရုံးမှ သောက်သုံးရေများကို စည်ပင်ဌာနပိုင်ရေသယံဇာတများ၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့၊ တပ်မတော်ရေတပ်တို့မှ သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

"UN အဖွဲ့အစည်းကရေရှားပါးတဲ့ အပ်ချက်ကို ဖြည့်ဆည်းပေးဖို့အတွက် ဆည်းပေးနိုင်မှာ ဖြစ်ပါတယ် " ဟု လာပြီး တည်ဆောက်ပေးထားတာ ရှိပါတယ်။ တစ်ရက်ကို ၂၀ လီတာဘူး ၅၀၀နဲ့ ၆၀၀ ကြားထုတ်ပေး နိုင်ပါတယ်။ ဒါကတော့ ရပ်ကွက်တစ်ခုအတွက် တစ်ဖက်တစ်လမ်းကနေ ရေရှားပါးမှုကို ဖြေလျှော့ပုံပိုးပေးနေတဲ့အနေအထား ဖြစ်ပါတယ်။ ဒလမြို့နယ် ၂၄ ရပ်ကွက်ရဲ့ကျန်နေတဲ့ ရေလိုအပ်ချက် ၇၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးဖို့အတွက် ဂျပန်နိုင်ငံ အစိုးရအကူအညီနဲ့ YCDC ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီးတော့ တွံတေးမြို့နယ် အပိုင်း ဘုရားကြီးစုကျေးရွာက မြေ ၁၈ ဧကကျော်ကိုဝယ်ယူပြီး တွံတေးတူးမြောင်းက ရေကိုသန့်စင်ပြီးတော့ ဒလမြို့နယ် ၂၄ ရပ်ကွက်ရဲ့ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ အတွက် ရပ်ကွက်တစ်ခု ခုနှစ်စီ ရေသန့်ပေးနိုင်ဖို့ ရည်မှန်းပြီး ရေသန့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ယခုအခါ ရေပိုက်လိုင်း ဆက်သွယ်ခြင်းနှင့် မြေအောက်သွင်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

အုတ်တွင်းမြို့နယ် ဘုတလက်ကျေးရွာ ချောင်းရေတိုက်စားမှု ကာကွယ်ရန် မိုးမကျမီ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရ

အုတ်တွင်း မေ ၁၈

ပဲခူးတိုင်းဒေသကြီးအုတ်တွင်းမြို့နယ် ဘုတလက်ကျေးရွာတွင် လက်ပံခုံချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျမှုဖြစ်ပေါ်နေသည်။

ကမ်းပါးပြိုကျမှုသည်လူနေအိမ်များနှင့် အနီးဆုံးကို ရောက်ရှိနေပြီဖြစ်၍ ဒေသခံပြည်သူများ စိုးရိမ်မှုများရှိနေကြောင်း သိရှိရသဖြင့် အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကျော်သူ၊ ဦးစီးအရာရှိ ဦးအောင်မြချိုနှင့် တာဝန်ရှိသူများသည် ချောင်း ရေတိုက်စားမှု ဖြစ်ပွားနေသည့်ဘုတလက်ကျေးရွာသို့ ယနေ့နံနက်ပိုင်းက သွားရောက်စစ်ဆေးသည်။

''ချောင်းရေတိုက်စားမှုကို အမြန်ဆုံးကာကွယ်နိုင်ဖို့ တိုင်းဒေသကြီးဝန်ကြီးကို တင်ပြထားပါပြီ။ လုပ်ငန်းကုန်ကျစရိတ်ကတော့ ငွေကျပ်သိန်း ၅၀ ကျော်လောက်တော့ ကုန်မယ်။ ဘုတလက်ရွာက လူနေအိမ်ခြံစည်းရိုးနားအထိ ရောက်နေတော့ ဒေသခံတွေအနေနဲ့ စိုးရိမ်မှုတွေလဲ ရှိနေတယ်''ဟု ဦးစီးအရာရှိက ပြောသည်။

ချောင်းရေတိုက်စားသည့် နေရာကို ရေကာတန်း၊ မျောတိုင်တုတ်ရိုက်ခြင်းတို့ကို မိုးမကျမီဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

'' ကမ်းပါးပြိုကျမှုတွေကို အမြန်ဆုံး ဆောင်ရွက်ပေးစေချင်တယ်။ ကျွန်တော်တို့ ကျေးရွာအနေနဲ့ကျတော့လဲ ငွေကြေးအားဖြင့် ဘယ်လိုမှမတတ်နိုင်ကြဘူး။ အခု ပြိုကျတာတွေက အိမ်တွေနဲ့ အတော်နီးနေပြီဆိုတော့ စိုးရိမ်ရတာပေါ့။ မိုးမကျမီဆောင်ရွက်ပေးနိုင်ရင်တော့ အဆင်ပြေသွားမှာပါ'' ဟု ဒေသခံတစ်ဦးက ပြောသည်။ **သန်းလွင်**

ရှေးဟောင်းဘုရားစေတီများပြုပြင်မွမ်းမံနိုင်ရန်အတွက် ရေလှူ

ညောင်ဦး မေ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးလောင်ဖျားကျေးရွာအုပ်စု လယ်ကန်ကျေးရွာအနီးတွင် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်းပြီး ရှေးဟောင်းဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ညွှန်ကြားမှုဖြင့် ညောင်ဦးမြို့နယ် စဉ်ကူနယ်မြေမီးသတ်စခန်းမှ ဘုရားစေတီများပြုပြင်မွမ်းမံရာတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေယာဉ်တစ်စီးဖြင့် ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းသည်။

အဆိုပါ ဘုရားစေတီများသည် ပုဂံခေတ် အေဒီ ၁၃ ရာစုခန့် က ဘုရားစေတီများဟု ခန့်မှန်းသိရှိရပြီး စုစုပေါင်း ဘုရားစေတီ ၁၁ ဆူခန့် ရှိကြောင်း သိရသည်။

ယခုအခါတွင် ယင်းဘုရားစေတီများကို ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်းပြီး ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် စဉ်ကူနယ်မြေမီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး တပ်ကြပ်ကြီး ဇော်မင်းသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားစေတီများ အဆင်ပြေစွာ ပြုပြင်မွမ်းမံနိုင်ရေးအတွက် မီးသတ်ရေယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ ကို ရေလှောင်အုတ်ရေကန်အတွင်း ဖြည့်တင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ညောင်ဦးခရိုင် ရဲမှူးထမ်းဟောင်းများအား ရိက္ခာများ ထောက်ပံ့စဉ်

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးထမ်းဟောင်း ၃၇ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာများ ထောက်ပံ့ပေးအပ်

ညောင်ဦး မေ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ရဲမှူးထမ်းဟောင်းများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မှူးဗိုလ်မှူးချုပ်ကျော်ကျော်က ဆန်၊ ဆီ၊ ဆားနှင့် ပဲရိက္ခာများကို မေ ၁၈ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ပထမဦးစွာ တပ်နယ်မှူးဗိုလ်မှူးချုပ်ကျော်ကျော်က ရဲမှူးထမ်းဟောင်းများအား အားပေးစကား ပြောကြားပြီး ၁၆ ရက်စာအတွက် ရဲမှူးထမ်းဟောင်းတစ်ဦးလျှင် ဆန် ၅ ပြည် ၆ ဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သားနှင့် ပဲ ၄၈ ကျပ်သားနှုန်းစီဖြင့် စုစုပေါင်း ဆန် ၈ အိတ်၊ ဆီ ၁၁ ပိသာ၊ ဆား ၁၀ ပိသာ၊ ပဲ ၁၇ ပိသာတို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ထောက်ပံ့ရိက္ခာများကို ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးထမ်းဟောင်းများ အိမ်အရောက် ကူညီပို့ဆောင်ပေးခဲ့သည်။

ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မှူးဗိုလ်မှူးချုပ် ကျော်ကျော်၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်ဝင်းဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ညောင်ဦးမြို့ ကျောက်ပန်းတောင်း မြို့များမှ ရဲမှူးထမ်းဟောင်း ၃၇ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖေလိန်း(ပုဂံ)

မော်လမြိုင်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် အသိပညာပေး

မော်လမြိုင် မေ ၁၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွှေ့လျားစာကြည်တိုက်ယာဉ်ဖြင့် "ကိုဗစ်-၁၉ အသိပညာပေး" နှင့် "ငလျင်ဘေး အသိပညာပေး" သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ စျေးများသို့ သွားရောက် ဖြန့်ဝေပေးခဲ့သည်။

မော်လမြိုင်မြို့ တပ်နယ်စည်ပင်သာယာစျေး၊ ဖားအောက်စျေးနှင့် စျေးကြိုကားဝင်းများရှိ စျေးရောင်း၊ စျေးဝယ်သူများနှင့် ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို လိုက်လံရှိုးဆော်ပေးခြင်းနှင့် "မိမိကစ ကာကွယ်စို့" သတင်းစကားလက်ကမ်းစာစောင်နှင့် "ငလျင်ဘေး အသိပညာပေး" သတင်းစကားလက်ကမ်းစာစောင်တို့ကို အခမဲ့ လိုက်လံဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့မှ အခြေခံလူတန်းစားများသို့ ဟင်းစားငါးနှင့်နှာခေါင်းစည်းများ စဉ်ဆက်မပြတ်လိုက်လံထောက်ပံ့လှူဒါန်းလျက်ရှိ

ကော့သောင်း မေ ၁၈

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတ အဖွဲ့မှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း စားသောက်ရေးကိစ္စများ အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် မြို့ပေါ်ရပ်ကွက်တချို့မှ အခြေခံလူတန်းစားမိသားစုများအတွက် အခက်အခဲများ တစ်စိတ်တစ်ဒေသ အဆင်ပြေစေရန် မေ ၁၈ ရက်က အေးရိပ်ငြိမ်ရပ်ကွက် ပြည်သူများအား ဟင်းစားငါးနှင့် နှာခေါင်းစည်းများ လိုက်လံထောက်ပံ့လှူဒါန်းလျက် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် အသိပညာပေးလုပ်ငန်းများ စဉ်ဆက် မပြတ်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့၌ ဟင်းစားငါးနှင့်နှာခေါင်းစည်းများ လိုက်လံလှူဒါန်းစဉ်

အဆိုပါပရဟိတ အဖွဲ့ဝင်များက ကော့သောင်းမြို့၏ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းကုမ္ပဏီများ၊ မိုလ်ဘိုင်းဖုန်း အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖ အလှူရှင်များ ဝိုင်းဝန်းပူးပေါင်းလှူဒါန်းကူညီမှုဖြင့် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများမှ အခြေခံလူတန်းစားမိသားစုများ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကြောင့် စားဝတ်နေရေးအခက်အခဲဖြစ်ပေါ်နေမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးအသိ သတိဖြင့် နေထိုင်ကြရေး၊ မလိုအပ်ပါက အိမ်ပြင်သို့မထွက်ကြဘဲ မိမိအိမ်တွင်နေထိုင်ကြရေး၊ မဖြစ်မနေအပြင်ထွက်ပါက နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ကြခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအား ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြရန် လိုက်လံရှိုးဆော် အသိပညာပေးကာ နှာခေါင်းစည်းများအား လူတစ်ဦးချင်းစီသို့ ဝေငှလှူဒါန်းပေးခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

စလင်းမြို့နယ်၌ သောက်သုံးရေဖူလုံစေရေးအဝိစိစက်ရေတွင်း တူးဖော်ပြီး စင်မြင့်ရေစင်တည်ဆောက်

စလင်း မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မင်းလျင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉- ၂၀၂၀ခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးရည်ရွယ်၍ အဝိစိ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

မင်းလျင်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉ - ၂၀၂၀ခု ဘဏ္ဍာနှစ်တွင်မူလခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၅၀သန်းဖြင့် လေးလက်မ GI ၆၀၀ပေ အဝိစိစက်ရေတွင်း တစ်တွင်း၊ အလျား ၁၀ပေ အနံ၈ပေ အမြင့် ၈ပေရှိသော ရေစက်ရုံတစ်ခု၊ ဂါလန် ၂၄၀၀ဆံ့စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများအား တင်ဒါအောင်မြင်သော မြင့်မိုရ်စံထားကုမ္ပဏီမှ ဇန်နဝါရီလ အတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်း တူးဖော်ပြီးစီးနေပြီဖြစ်ပြီး တစ်နာရီလျှင် ရေ ဂါလန် ၁၈၀၀ထိထွက်ရှိကာ၊ ရေစက်ရုံ နှင့် စင်မြင့်ရေစင်မှာလည်းမကြာမီပြီးစီးတော့မည် ဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြသည်။

အဆိုပါ ကျေးရွာတွင် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပါက အိမ်ခြေ ၁၀၃အိမ်မှ လူဦးရေ ၄၉၅ ဦးအပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ ရာသီမရွေး သောက်သုံးရေ ဖူလုံစေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ(စလင်း)

မင်းလျင်ကျေးရွာ၌ အဝိစိစက်ရေတွင်းတူးဖော်ပြီးရေစင် တည်ဆောက်နေစဉ်

မွန်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်း (အငြိမ်းစား) များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

မော်လမြိုင် မေ ၁၈

အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ မွန်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်း (အငြိမ်းစား)များအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စသည့် ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က မော်လမြိုင်မြို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရုံးရှိ ရာမညဇာနည်ခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်က "ကိုဗစ် ရောဂါ ဖြစ်နေတဲ့အချိန်မှာ အလုပ်အကိုင်တွေ၊ သွားရေးလာရေးတွေ ခက်ခဲတယ်။ အားလုံးကျပ်တည်းနေတဲ့ အတွက်ကြောင့် ရဲဝန်ထမ်းဟောင်းတွေအပေါ်မှာ ရိက္ခာလေးမျိုးနဲ့ ၁၆ ရက်စာ ကူညီပေးဖို့ ထောက်ပံ့တဲ့ပုံစံမျိုး ဖြစ်ပါတယ်" ဟု ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ရခြင်း ရှင်းလင်းပြောကြားပြီး ရဲဝန်ထမ်းဟောင်း (အငြိမ်းစား) ဦးအောင်မင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်ဦး၊ တပ်မတော် အရာရှိကြီးများနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က မွန်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်း (အငြိမ်းစား) ၁၅၅ ဦးတို့အား တစ်ဦးလျှင် ဆန် ၅ ပြည် ၆ ဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သားနှင့် ကုလားပဲ ၄၈ ကျပ်သား တို့ကို ၁၆ ရက်စာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဝေလင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား စစ်ဆေးပြီးပါက ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်

မန္တလေးမြို့ရှိ ဟိုတယ်တစ်ခုကို တွေ့ရစဉ်။

မန္တလေး မေ ၁၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီးစီးပါက ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများသည် ဒုတိယ ဦးစားပေးတွင် ပါဝင်ကြောင်း သိရသည်။

အကြမ်းဖျင်းအားဖြင့် လိုက်နာရန်အချက် ၅၀ ကျော် ရှိပြီး ဖွင့်လှစ်လိုသော ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ တင်ပြလာပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်း စစ်ဆေးသွားမည်ဟုမြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးမင်းနိုင်က ပြောသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင်ကျန်းမာရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်မည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိစစ်ဆေး သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများသည် မတ်လမှ စတင်၍ ပိတ်ထားရသဖြင့် ဝင်ငွေမရှိဘဲ နစ်နာမှုများ ရှိခဲ့ကြောင်း တိုင်းဒေသကြီးအတွင်းတွင် ဟိုတယ်နှင့်တည်းခိုခန်းအချို့ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်မှုများရှိသလို ခရီးသွားနည်းခြင်း ကိုဗစ်ထိန်းချုပ်နိုင်သည်အထိ စောင့်ပြီးမှ ဖွင့်လှစ်မည့် လုပ်ငန်းရှင်များလည်းရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ်စာရင်းများအရ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း စာရင်းများမှာ မန္တလေးမြို့တွင် ၂၉၁ ခု(အခန်းပေါင်း၉၀၇၃)၊ပုဂံညောင်ဦးတွင် ၉၆ ခု(အခန်း ပေါင်း ၃၂၅၅) နှင့်အခြားမြို့များအပါအဝင် ၄၀၁ ခု(အခန်းပေါင်း ၁၄၅၂၀)ရှိပြီး ထပ်တိုးများလည်း ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ပဲခူးမြို့ပေါ်နေရာရှစ်ခု၌ နှာခေါင်းစည်းတပ်ဆင်သွားလာခြင်းမရှိသူများအား အသိပညာပေး

ပဲခူး မေ ၁၈

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန်အတွက် ပဲခူးမြို့ပေါ်ရှိနေရာ ရှစ်နေရာတွင် နေအိမ်ပြင်ပသို့ သွားလာသူများအား မဖြစ်မနေ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်သွားလာကြရန် ဌာနဆိုင်ရာပေါင်းစုံပါဝင်သော အဖွဲ့များမှ အသိပညာပေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ပဲခူးမြို့ပေါ်တွင် ရွှေမော်ဓောဘုရား အနောက်ဘက်မှ၊ သနပ်ပင်လမ်း စိုက်ပျိုးရေးရုံးရှေ့၊ ဆံတော်တွင်းလမ်း ဥဿာသီရိ ကျောင်းရှေ့၊ တောင်ငူလမ်းမ၊ ဘုရင့်နောင်ဧည့်ရိပ်သာရှေ့၊ အထွေထွေရောဂါကုပြည်သူ့ဆေးရုံရှေ့၊ ပဲခူးတက္ကသိုလ်ရှေ့၊ မြို့ရှောင်လမ်းနှင့် ပဲခူးမြို့တွင်းစျေးများ စသည့် နေရာများ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အတိုင်း မေ ၁၇ ရက်မှ ၂၀ ရက်အထိ နေအိမ်ပြင်ပသို့ နှာခေါင်းစည်း တပ်ဆင်သွားလာခြင်း မရှိသူများကို အသိပညာပေးကာလ အဖြစ်သတ်မှတ်ကာဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အသိပညာပေးကာလအတွင်း စီမံခန့်ခွဲရေးနည်းလမ်းဖြင့် နှာခေါင်းစည်းကို စနစ်တကျ လုံခြုံစွာ တပ်ဆင်ခြင်း မရှိသူများအား ငွေကျပ် ၁၀၀၀ ဖြင့် နှာခေါင်းစည်း နှစ်ခု ဝယ်ယူတပ်ဆင်ခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာအသီးသီး၌ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ နှာခေါင်းစည်း တပ်ဆင်သွားလာခြင်း အသိပညာပေး လုပ်ငန်းဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ဟိန်းကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ဆွေတို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းများ ဖြန့်ဝေဖြည့်ဆည်းပေးကြောင်း သိရသည်။

ပဲခူးမြို့ပေါ်တွင် အသိပညာပေးခြင်း ကာလကို မေ ၁၇ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ အရေးယူခြင်းကာလကို မေ ၂၁ ရက်မှ ၃၁ ရက်အထိသတ်မှတ်ပြီး နှာခေါင်းစည်းကို စနစ်တကျ လုံခြုံစွာ တပ်ဆင်ခြင်းမရှိပါက ငွေကျပ် ၂၀၀၀ ဖြင့် နှာခေါင်းစည်း နှစ်ခု ဝယ်ယူတပ်ဆင်ခြင်း ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ပဲခူးမြို့ပေါ်တွင် နှာခေါင်းစည်းများတပ်ဆင်ရေး အသိပညာပေးနေစဉ်။

ကျောက်ဆည်ရှိ အောင်မြင်နေသော နွေနှမ်းစိုက်ခင်း

ကျောက်ဆည်မြို့နယ်တွင် နွေနှမ်း ဧက ၆၀၀ စိုက်ပျိုးထား

ကျောက်ဆည် မေ ၁၈

ကျောက်ဆည်မြို့နယ် ပွတ်တိုင်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိရာ နွေနှမ်းစိုက်တောင်သူများသည် ဧက ၆၀၀ ကျော် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေနှမ်းများစိုက်ပျိုးရာတွင် ၂၀၂၀ ပြည့်နှစ် မတ်လဒုတိယပတ်တွင် စတင်စိုက်ပျိုးကြရာ နှမ်းမျိုးများစွာရှိသည့်အနက် နှမ်းဖြူနှင့် နှမ်းနက်များကို အဓိကထားစိုက်ပျိုးကြပြီးတစ်ဧကလျှင် နှမ်းနှစ်ပြည်နှုန်းဖြင့် နှမ်းတစ်ပြည်ကို ငွေကျပ် ၆၀၀၀ ပေး၍ ဝယ်ယူရကြောင်း၊ တစ်ဧက ၁၂ တင်း ထွက်ရှိပြီး နှမ်းဖြူတစ်တင်းလျှင်ငွေကျပ် ၄၀၀၀၀ နှုန်းရောင်းချရကြောင်း သိရသည်။

နွေနှမ်းများ စိုက်ပျိုးပြီး ဇွန်လဆန်းပိုင်းတွင် ရိတ်သိမ်းကြရမည်ဖြစ်ရာ ယခုနှစ်သည် နှမ်းသီးနှံအကြိုက် မိုးအသင့်အတင့်ရွာသွန်းမှုကြောင့် နှမ်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ နှမ်းစေ့များကိုခါခြင်းများ ဆောင်ရွက်ရာတွင် တစ်ဧကကုန်ကျငွေ ကျပ် ၇၂၀၀၀ ရှိကြောင်းတစ်ဧက ၁၂ တင်းထွက်ရှိရာ တစ်တင်းလျှင် နှမ်းများရောင်းချရချိန်၌ ငွေကျပ် ၄၀၀၀၀ ရရှိသောကြောင့် နွေနှမ်းစိုက်တောင်သူများ အဆင်ပြေကြောင်း ပွတ်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်ကျော်မြင့်ထံမှ သိရသည်။

တင်တင်ထွေး(ပြန်/ဆက်)

စေတုတ္တရာတွင် ကော်ဖီစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းပညာပေး

စေတုတ္တရာ မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စေတုတ္တရာမြို့နယ်အတွင်း ကော်ဖီစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး သက္ကယ်တောင်ကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာများမှ ကော်ဖီစိုက်တောင်သူများအား သက္ကယ်တောင်လမ်းခွဲအနီး ဦးမောင်မြင့် စိန်တလုံးသရက်ခြံ၌ ယမန်နေ့က ကွင်းဆင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ် (၅၀)နေ ဦးသန့်ဇော် အသက် (၇၆)နှစ်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကောင်းရာသုဂတိလားပါစေ။

ယဉ်ယဉ်အေးနှင့် မိသားစု
ညွှန်ကြားရေးမှူး(အုပ်ချုပ်မှု)
လမ်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးသန့်ဇော် အသက်(၇၆)နှစ်
အထွေထွေမန်နေဂျာ(အုပ်ချုပ်မှု)(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ် ၅၀နေ ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကောင်းရာ သုဂတိလားပါစေ။

ဆရာ၏တပည့်များ
အေးအေးစိုး၊ သန်းသန်းလှ၊ ဥမ္မာသန့်၊
ဝေဝေထွန်း၊ တင်တင်လှိုင်၊ ယဉ်ယဉ်အေး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးပြည့်စုံကျော်
အသက်(၃၉)နှစ်

ဦးကျော်ညွှန့်-ဒေါ်သန်းမြင့် တို့၏သားထွေး ဦးပြည့်စုံကျော်သည် ၁၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာမွန်ရာ ဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါ သည်။

ဂေါပကအဖွဲ့၊ မဟာရွှေစည်ကြီးစေတီတော်
ကန့်ဘလူမြို့

ဦးတင်မောင်
(ပြည်မြို့)
အသက်(၉၂)နှစ်

ပြည်မြို့၊ ပြည်တော်သာရပ်ကွက်နေ (ဒေါ်စိန်းရီ)၏ခင်ပွန်း၊ ဦးအောင်သိန်းညွန့်-(ဒေါ်သန်းသန်းဦး)၊ ဦးဌေးဦး(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်/ရေ)-ဒေါ်နိုင်နိုင်မော်(ပဋ္ဌကြယ်စင်)၊ ဦးကျော်မင်းဦး-ဒေါ်ဝင်းဝင်းခိုင်(ပတ္တမြား)၊ ဦးစိုးဝင်း(SB)-ဒေါ်ခင်မွန်အေးတို့၏ဖခင်၊ ဦးကျော်ကျော်-ဒေါ်ခင်သန္တာဦး(ဆရာမ)၊(ဦးသောင်းထိုက်ဦး)-ဒေါ်လှလှမြင့်(စာရင်းစစ်မှူး)၊ ဦးကျော်ထက်ဦး-ဒေါ်နော်ဇာ(ရန်ကုန်)၊ ကိုထင်လင်းအောင်၊ မထူးမွန်အောင်၊ ကိုကောင်းလှိုင်ဟိန်း-မရတနာဦး၊ မဟန်သီဦး၊ မသိမ့်မွန်စိုး၊ ကိုအောင်ကောင်းမြတ်-မဝင့်အိဖြူ၊ ကိုဝင်းမော်ဦး၊ ကိုလူမင်းခန့်တို့၏ အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးဘသိန်းတင်
(ထားဝယ်/ပုလော)

အသင်းဝင်အမှတ် -၅၀၆

အသက် (၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဆရာစံမြို့သစ်နေ ဒေါ်သန်းမြ၏ခင်ပွန်းသည် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ သာယာဝတီမြို့ ထောင်ကြီးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ **အမှုဆောင်အဖွဲ့**

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

ဦးထွန်းသိန်း(မာန်အောင်)
အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမ ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် (၂၂)၊ (၄)လွှာနေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်(စည်းရုံးရေးမှူး)ဖြစ်သူ (ဦးချစ်ထွန်းဖြူ)-ဒေါ်စိန်ရင်ဦးတို့၏ သား၊ ဒေါ်ခိုင်ရွှေညွန့် (မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ ခင်ပွန်းသည် ၁၇-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ **(အမှုဆောင်အဖွဲ့)**

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၅-၂၀၂၀ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၃၀)ပါ ဦးဘိုဝင်း အသက်(၆၈)နှစ် နာရေးကြော်ငြာတွင် ဒေါက်တာ ချောစုဗိုလ်(YGH) အစား ဒေါက်တာ ခင်ချောစုဗိုလ်(YGH)၏ဖခင် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးဝင်းထိုက်စိုး
အသက် (၄၈)နှစ်

ရန်ကုန်မြို့နေ အထည်ကုန်သည် (ဦးဘသန်း-ဒေါ်ကျင်)၊ မန္တလေးမြို့နေ သစ်ဘရားသား (ဦးဘစ်)-ရွှေမန်းအထည်စက် (ဒေါ်တင်မေ)တို့၏မြေး၊ မြောက်ဒဂုံမြို့၊ (၃၀)ရပ်ကွက်၊ ငွေသီရိ (၁)လမ်း၊ ခြံအမှတ် (၇၃၅)နေ ဦးစိုးတင့် (MEIC/JVC8(GM)နှင့် (ဒေါ်အမာတင်)တို့၏ သား၊ (မောင်သန်းထိုက်စိုး)၏ ညီ၊ ဦးသက်ပိုင်စိုး-ဒေါ်မြတ်မြတ်စိုး တို့၏အစ်ကို မောင်ဝင်းထိုက်စိုး သည် ၁၈-၅-၂၀၂၀ရက် နံနက် ၁:၄၀နာရီတွင် ကွယ်လွန်သူ၏ ဆန္ဒအလျောက်အတိုင်း ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးကျော်သာ-ဒေါ်ရွှေစိန်တို့၏သား မောင်ကျော်ခိုင်ဝင်း(S/DGNMTT 042250) သည် မိဘဆိုဆုံးမမှုကို မခံယူဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

ဦးကျော်သာ-ဒေါ်ရွှေစိန်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်သန်းရှင်(ထားဝယ်မြို့)
အသက်(၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညံ့ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၃၅နေ (ဦးဘအေး-ဒေါ်အုန်းစိန်)တို့၏သမီး၊ (ဦးနေဝင်း ၊ ပြည်တွင်းအခွန်)၏ဇနီး၊ (ဦးတင်ကြည်၊ ကုန်သွယ်/လယ်ယာ၊ငြိမ်း)-ဒေါ်အေးအေးကြူ (ယာဉ်/စက်၊ ငြိမ်း)၊ (ဒေါ်စန်းစန်းရီ၊ အထက -၃၊ ငြိမ်း)တို့၏ အစ်မ၊ ဒေါက်တာဇော်မိုးဝင်း(ကထိက၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်)-ဒေါက်တာဇွန်ပွင့်ရွှေ(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်)၊ဒေါ်အေးအေးလွင် (ဦးစီးအရာရှိ၊စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်တက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်၊ မောင်စည်သူဝင်းပြည့်(အထက-၃၊ ထားဝယ်မြို့)၏ အဘွား၊ Dr. Tsuyoshi Hasegawa -Dr. ဝေဝေသက်တင်၊ ဦးလှိုင်ဖြိုးအေး-ဒေါ်မဥ္ဇူသင်း (UAB Bank)တို့ ၏ ကြီးကြီး၊ Goshi Hasegawa ၊ မောင်လှိုင်ဘုန်းပြည့်သော်တို့၏ဘွားဘွားကြီးသည် ၁၇-၅-၂၀၂၀ရက် ည ၈:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့် အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ အမှတ် (၁၀၀)၊ ကန်တော်လမ်းနေ ဦးမြဦး(ဒုအရာခံဗိုလ်၊ ငြိမ်း)၏ဇနီး၊ တပ်ကြပ်ကြီးအေးနိုင်-ဒေါ်မြင့်မြင့်ဦး၊ (ဦးမင်းအောင်)-ဒေါ်အေးအေးမာ၊ ဦးတင်ထွန်းအောင်-ဒေါ်ကြည်ကြည်ဦး(ထ-ခွဲ၊ အလက-၁) သင်္ဃန်းကျွန်း၊ ဦးလှဦး(ဒုအရာခံဗိုလ်-ငြိမ်း)-ဒေါ်သင်းသင်းရီ(ဦးစီးအရာရှိ၊ ရေပေးဝေရေးဌာန၊ ရန်ကုန်စည်ပင်)၊ အရာခံဗိုလ်စိုးနိုင်(တပ်မတော်လေ)၊ ဒေါ်လှိုင်လှိုင်အောင်၊ ဦးစိုးလွင်(ဒုမန်နေဂျာ၊ YUPT)-ဒေါ်စန္ဒာ၊ ဦးတင်လှထွန်း (လက်ထောက်ညွှန်ကြားရေးမှူး) (ရေပေးဝေရေးဌာန)၊ ရန်ကုန်စည်ပင်)-ဒေါ်ဥမ္မာ၊ ဦးနေဝင်း (S.H Shipping)-ဒေါ်ဥမ္မာတင်(ထွေ/အုပ်၊ သာကေတမြို့နယ်) တို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း

PuTual Kap Cin (Naulak)
တပ်ကြပ်ကြီး(ငြိမ်း)
အသက်(၇၈)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အန်းလန်းကျေးရွာနေ (Pu Khan Za Vungh – Pi Vung Kha Don)တို့၏သား၊ (Pi Luan Ngaih Niang), (Pi Niang Ngaih Man),(Pi Dim Gawh Cing) တို့၏မောင်၊ Pi(Go Man),(Pi Go Lan Cing)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၈-က) ရပ်ကွက်၊ ရွက်လှလမ်း၊ အမှတ် ၁၃၃နေ Pi Dim Suan Niang ၏ ချစ်လှစွာသော ခင်ပွန်း၊ Nu Lun Man Cing (Australia) Nu, Tin Lam Man , Nu , Zen Ngaih Lun, Tg Vungh Sian Mang တို့၏ ချစ်လှစွာသောဖခင်၊ Lia Niang Manlian (Australia), Tg Cin Lian Khai (Australia), Lia Cing San Lun, Lia Niang Zam Cing တို့၏ အဘိုးသည် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဦးမောင်မောင်လေး
စိန့်ပေါလ်ကျောင်းသားဟောင်း
(St.Paul 1962-63/1973-74)
အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ 91-A-3/3 နေ (ဦးခင်မောင်ကြီး-ဒေါ်မြအုန်း)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်ညွန့်ညွန့်တင်)တို့၏သားမက်၊ ဒေါ်စန္ဒာ၏ခင်ပွန်း၊ ကိုနေဝင်း-မမို့မို့ဝင်း၊ ကိုနေလင်းမောင်တို့၏ ဖခင်ကြီး၊ မဖူးပွင့်ပြည့်စုံ(ခ)(ဂူဂူး)၊ မောင်ကောင်းမြတ်သူရိန်(ခ)(တုံတုံ)တို့၏ အဘိုးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၀ရက် (သောကြာနေ့)တွင် ရက်လည်အရှုဏ်ဆွမ်းကပ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မမကြီး
(သီရိမြိုင် ပလတ်စတစ်ရောင်းဝယ်ရေး)
အသက်(၉၄)နှစ်

မန္တလေးမြို့နေ(ရဲဝန်ထောက် ဦးစက်ဝက်-ဒေါ်ကွေ)တို့၏သမီး၊ မန္တလေးမြို့၊ လမ်း ၈၀၊ ၂၉ x ၃၀ ကြား၊ တရုတ်တန်း၊ အမှတ် ၁၉၉၊ ချမ်း အေးသာဇံမြို့နယ်နေ (ဗိုလ်မှူးသန်းမောင်၊ စဉ့်ကိုင်မြို့နယ်၊ တရားသူကြီးဥက္ကဋ္ဌ၊ ငြိမ်း)၏ဇနီး၊ ဒေါ်လှလှသန်း၊ ဦးမောင်မောင်(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ လျှပ်စစ်)၊ မြန်မာနိုင်ငံ သတင်းစာ၏ ဆရာအသင်း၊ ရန်ကုန်တိုင်းအမှုဆောင်)-ဒေါ်ဆွေဆွေသန်း၊ ဒေါ်သန်းသန်းအေး (သီရိမြိုင် ပလတ်စတစ်ရောင်းဝယ်ရေး)၊ (ဦးသောင်းတင်)၊ဦးမြင့်သန်း-ဒေါ်စိုးစိုး၊ ဒေါ်နွဲ့နွဲ့သန်း(အထက်တန်းရှေ့နေ)၊ ဗိုလ်မှူးကြီးအောင်မျိုး(DSA-31)-ဒေါ်သင်းသင်းသန်း တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အေးရိပ်ငြိမ် သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ရင်မြ
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၉(မြေညီထပ်)နေ (ဦးစံဝ-ဒေါ်အေး)တို့ ၏သမီး၊ (ဦးထွန်းရွှေ)၏ဇနီး၊ (ဦးသန်းမောင်)၏ညီမ၊ (ဒေါ်ရင်လှ)၊(ဒေါ်မြတင်)တို့၏ အစ်မ၊ ဦးဝင်းမြင့်-ဒေါ်သစ်သစ်ရွှေ တို့၏မိခင်၊ မနွယ်နီအေး၏ အဘွားသည် ၁၈-၅-၂၀၂၀ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဂန္ထဝင် အဆိုတော် ဦးမောင်မောင်သန်း
(တိမ်ပြာသောနေ့)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ် ၃၁၄နေ (ဒေါ်ခင်လေးမြင့်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကံညွန့်-ဒေါ်စန္ဒာနိုင်၊ (ဦးကျော်ကျော်ဦး)-ဒေါ်စန္ဒာအောင်တို့၏ ဖခင်၊ မြေး လေးယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၅:၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန့်ဇော်(ဝါးခယ်မ)
အထွေထွေမန်နေဂျာ(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုခမ္မာလမ်း၊ အမှတ်၅၀ နေ (ဦးတင်အေး-ဒေါ်စန်းတင်) ဝါးခယ်မမြို့တို့၏ သား၊ (ဒေါ်ခင်သန်းဆွေ)(အထက-၃၊ ဒဂုံ)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်မွန်စီတို့၏ အစ်ကို၊ ဒေါက်တာ စိုးမင်း(ခွဲစိတ်အထူးကု ဆရာဝန်)-ဒေါ်ချိုပြုံးဇော်၊ ဦးရဲမင်းဇော်(ညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းမျိုးထက် တို့၏ဖခင်၊ မနှင်းအိချို၊မဝင်းရူပါမင်း၊ မောင်မင်းခန့်ဇော်တို့ ဘိုးဘိုးကြီးသည် ၁၈-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်လွှာ

ဒေါ်သွယ်သွယ်ဝင်း
အသက်(၃၉)နှစ်

၁၅-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပြီဖြစ်သော ဒေါ်သွယ်သွယ်ဝင်းအား ၂၀၁၈ခုနှစ်မှစတင်၍ မကျန်းမာစဉ်ကာလတစ်လျှောက်လုံးဂရုစိုက် ကုသပေးခဲ့ကြသော ကန်သာယာဆေးရုံ၊ အမှတ် (၁)တပ်မတော်ဆေးရုံ၊ အမှတ်(၂) တပ်မတော်ဆေးရုံတို့မှ သမားတော်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝါယမ(သဒ္ဓမ္မဇောတိကဓဇ)
မဟာ ပဋ္ဌာန်းဆရာတော်
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း ၃လမ်း၊ သုဓမ္မာတိုက်ကျောင်း ဘဒ္ဒန္တဝါယမ(သဒ္ဓမ္မဇောတိကဓဇ)မဟာပဋ္ဌာန်းဆရာတော်ကြီးသည် (၁၃၈၂ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်) ၁၈-၅-၂၀၂၀ ရက်(တနင်္လာနေ့)နံနက် ၉:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း တပည့်ရဟန်းရှင်လူ ဒါယကာ ဒါယိကာမအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ **တပည့် ဒါယကာ ဒါယိကာမများ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်(ကြည်စတိုး)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ် ၅၄နေ (ဦးစံမင်း-ဒေါ်စောရင်)တို့၏သမီး၊ ဦးကြီးငွေ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်ငွေ၊ ဒေါ်ကြည်ကြည်ရွှေ၊ ဦးထွန်းငွေ-ဒေါ်အုန်းမြင့်၊ ဦးညွန့်ငွေ-ဒေါ်ခင်သီသီ တို့၏မိခင်၊ ဒေါ်ညွန့်မေ၏ အစ်မကြီး၊ မောင်အောင်ဆန်းညွန့်ဝေ၊မရွှန်းပပသူ၊ မအိနန္ဒာခိုင်၊ မအိသန္တာခိုင်တို့၏ ဘွားဘွားကြီးသည် ၁၈-၅-၂၀၂၀ရက်(တနင်္လာနေ့) နံနက်၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးထွန်းလွင်ငြိမ်း(သွေးရောဂါ အထူးကုဆရာဝန်ကြီး)၏မိခင် ဒေါ်ချိုက်ဘိ(ခ) ဒေါ်ငြိမ်းငြိမ်း အသက်(၉၀)သည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သွေးရောဂါ အထူးကုဌာန
မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးထွန်းလွင်ငြိမ်း (သွေးရောဂါ အထူးကုဆရာဝန်ကြီး)၏မိခင် ဒေါ်ချိုက်ဘိ(ခ) ဒေါ်ငြိမ်းငြိမ်း အသက် (၉၀)သည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သွေးရောဂါပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘိုးရွှေ
အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁၅၄)၊ ပထမထပ်(ယာ)၊ (၃၇)လမ်းနေ ဒေါ်စောရင်၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းခိုင်-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်-ပါမောက္ခဒေါက်တာသန်းသန်း ထိုက်(စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ မယဉ်မင်းသန့်၊ မထက်ရည်ဝင်းတို့၏ချစ်လှစွာသောအဘိုးသည် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြဟန်
ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၄၁၃)နေ ဒေါ်ထားထားအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဦးဟန်-ဒေါ်ချိုဇင်ဖြူ၊ ဦးအောင်ကိုဟန်-ဒေါ်သန်းသန်းဆွေ၊ ဦးပြည့်ဖြိုးဟန်တို့၏ဖခင်၊ မဟန်သီဦး၊ မောင်ဖြိုးစည်သူဟန်၊ မောင်သန်းဝင်းဟန်-မစိုးစန္ဒာဦး၊ မောင်ဟန်ညီညီတို့၏ အဘိုးသည် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

အလွန်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်(AMPHAN) နှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၁၈

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၈-၅-၂၀၂၀) နေ့(၁၄:၀၀) အချိန် ထုတ်ပြန်သည့် စူပါဆိုင်ကလုန်းမုန်တိုင်း သတင်းအမှတ်စဉ် (၁၄/၂၀၂၀) အရလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနမှ လေ့လာဆန်းစစ်တွေ့ရှိချက်များအရလည်းကောင်း ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော စူပါဆိုင်ကလုန်းမုန်တိုင်း (Super Cyclonic Storm) အမ်ဖန် (AMPHAN)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့်အခြေအနေမရှိဘဲ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း သိရှိရပါသည်။

အဆိုပါ အဖျက်စွမ်းအားကြီးမားသော စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် (AMPHAN)သည် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားနိုင်ဖွယ်မရှိသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် (၁၈-၅-၂၀၂၀)နေ့မှ (၂၁-၅-၂၀၂၀)နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်း နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ ခန့်မှန်း(၂၀-၅-၂၀၂၀)နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း) စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ရေဦး၊ ကန့်ဘလူမြို့တို့နှင့် မကွေးတိုင်းဒေသကြီး (အထက်ပိုင်း) ပခုက္ကူ၊ ဆော၊ ဂန့်ဂေါ၊ ပေါက်၊ ထီးလင်း၊ ကျောက်ထု၊ ချောက်၊ မြိုင်နှင့် ရေစကြိုမြို့နယ်များတွင် တစ်နာရီလေတိုက်နှုန်း(၃၀-၃၅)မိုင်နှုန်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေ၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များနှင့် ချင်းပြည်နယ် ဖလမ်းနှင့် တီးတိန်မြို့တို့တွင် တစ်နာရီလေတိုက်နှုန်း(၄၀-၄၅) မိုင်နှုန်းဖြင့် လည်းကောင်း၊ ချင်းပြည်နယ် ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့တို့တွင် တစ်နာရီလေတိုက်နှုန်း (၅၀-၆၀) မိုင်နှုန်းဖြင့် လည်းကောင်း တိုက်ခတ်နိုင်ကြောင်း လေ့လာခန့်မှန်းလျက်ရှိပါသည်။

ယခင် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်တွင် ရေကြီး၊ မြေပြိုမှုများလည်းရှိခဲ့ကာ လူ ၃၅ ဦးသေဆုံး၊ ၁၀ ဦး ပျောက်ဆုံးခဲ့သည့်အပြင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်မှုနှင့် ချောင်းရေတွင်မျောပါမှုကြောင့် သေဆုံးသူ ၉ ဦးနှင့် ပျောက်ဆုံးသူ ၃ ဦး ရှိခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးလျက်ရှိ

နေပြည်တော် မေ ၁၈

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေး ကော်မတီအား (၂၈-၄-၂၀၂၀) ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) ဖြင့် ဖွဲ့စည်းခဲ့သည်။

ကော်မတီအနေဖြင့် ဖြစ်စဉ်အမှန်ကို စုံစမ်းစစ်ဆေးဖော်ထုတ်သိရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ်သို့ (၁၂-၅-၂၀၂၀) ရက်မှ (၁၅-၅-၂၀၂၀) ရက်အထိ မြေပြင်ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် နိုင်ငံတကာစံနှုန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကော်မတီသို့ ဆက်သွယ်သတင်းပေးပို့လိုသည်များရှိပါက အောက်ပါ E-mail လိပ်စာ၊ WhatsApp နှင့် Viber နံပါတ်များသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း အသိပေးထားသည်။

E mial-vechcoms@gmail.com

WhatsApp – +959440254439

Viber – +959440254439

သတင်းစဉ်

စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ

စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရှိရန် အချက်များ

၁။ ဆိုင်သို့ရောက်ရှိလာသည့် စားသုံးသူများအားလုံးကို အဝင်ဝတွင် အပူချိန်တိုင်းရန်နှင့် လက်ဆေးစေရန်။

၂။ စားသုံးသူများ ထိုင်မည့်နေရာသည် လေဝင်၊ လေထွက်ကောင်းသောနေရာဖြစ်ရမည်။ လေအေးပေးစက် တပ်ဆင်ထားသော အခန်းဖြစ်ပါက ပြတင်းပေါက်များ ဖွင့်ထားရမည်။

၃။ တစ်ယောက်ချင်းစီ စားနိုင်ပြီး တစ်ဦးနှင့်တစ်ဦးကြားတွင် ကတ်ထူပြား၊ မှန်ပြား၊သစ်သားပြားတို့ဖြင့် အကန့်ကန့်ထားပေးပြီး စားသောက်နိုင်ရေး စီစဉ်ပေးရမည်။

၄။ အတူလာရောက်သည့် ငါးဦးထက် မပိုသော မိသားစုဖြစ်ပါက Distancing စားပွဲတွင် အတူထိုင်နိုင်အောင် စီစဉ်ပေးရမည်။

၅။ ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသော အစားအစာ (Buffet, Self-service) များ ရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။

၆။ ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်/ ဇွန်းများသာ အသုံးပြုရမည်။

၇။ အစားအသောက်စာရင်း(Menu)အား ချိတ်ဆွဲထားခြင်း သို့မဟုတ် စားပွဲမှန်အောက်၌ထား၍ဖြစ်စေ ထည့်သွင်းပေးထားရမည်။

၈။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေး ပိုစတာများ၊ ဗီနိုင်းများကို လူအများမြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရှိရမည်။

၉။ ငွေရှင်းကောင်တာမှ ငွေလက်ခံသည့် စနစ်ဖြစ်ပါက စားသုံးသူနှင့်တိုက်ရိုက်ထိတွေ့မှု မရှိစေရန် ကောင်တာရှေ့တွင် မှန်ကာထားရမည်။

၁၀။ ဆိုင်အတွင်း အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ(Hand gel) အလွယ်တကူထားရှိပေးရမည်။ သန့်စင်ခန်းအတွင်း ရေနှင့်ဆပ်ပြာကို အလွယ်တကူ ထားရှိပေးရမည်။

၁၁။ စားသုံးသူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ (Mask)၊ မျက်နှာကာများ (Face Shield) ကို ဆိုင်အတွင်း သို့မဝင်မီ တပ်ဆင်နိုင်ရန် မှန်ကန်သောဈေးနှုန်းများဖြင့် ရောင်းချပေးရမည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ✪

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးသွားမည်



စာ ›› ၉

COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ ›› ၁၅

ဖီလစ်ပိုင်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

စာ ›› ၁၆

မန်ယူတို့ ဂရီရယ်လစ်ချ်ကို ခေါ်ယူမည်ဆိုက ပေါင်သန်း ၈၀ ပေးချေရမည်

အက်စ်တွန်ဗီလာအသင်းမှ ဂျက်ဂရီရယ်လစ်ချ်သည် ယခုနွေရာသီတွင် အိုးထရက်ဖို့ဒ်သို့ နည်းပြဆိုးလ်ရှား ခေါ်ယူလိုနေသည့် အဓိက ကစားသမားများထဲမှ တစ်ဦးဖြစ်သည်။ သို့သော်လည်း အက်စ်တွန်ဗီလာအသင်းသည် အဆိုပါ ကစားသမားအပေါ် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးဖြင့်သာ ရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ မန်ယူနည်းပြ ဆိုးလ်ရှားကလည်း လာမည့်ရာသီတွင် ကွင်းလယ်အင်အားကို ဖြည့်တင်းလိုနေကြောင်း သိရသည်။

အက်စ်တွန်ဗီလာအသင်းသည် ၎င်းတို့အသင်းအနေဖြင့် တန်းဆင်းရခဲ့လျှင်တောင် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့်သာ ရောင်းချဖွယ်ရှိနေသည်။ အက်စ်တွန်ဗီလာအသင်းသည် အဆိုပါ ကစားသမားကို အသင်းတွင် ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေသည်။ အသက် (၂၄ နှစ်)အရွယ်ရှိ ဂရီရယ်လစ်ချ်သည် အင်္ဂလန်တွင် တံခါးပိတ်ဖြင့် ဘောလုံးပွဲများ ပြန်လည်ကစားပါက တန်းဆင်းရမည့် အန္တရာယ်မှ လွတ်မြောက်နိုင်ရန် အသင်းအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ကစားဖွယ်ရှိနေသူ ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ကိုဗစ်-၁၉ ကြောင့် ပွဲစဉ်များ ရပ်နားထားချိန်တွင် ၂၈ ပွဲ ကစားထားပြီး ရမှတ် ၂၅ မှတ်ဖြင့် တန်းဆင်းဇုန် အန္တရာယ်အတွင်း ကျရောက်နေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက်
စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၁၉၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်

မန္တလေးတိုင်းဒေသကြီး

ဆောင်းပါး – နန္ဒာဝင်း၊ ဓာတ်ပုံ – တာရာ၊ တိုင်းဒေသကြီး (ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်

မန္တလေးကို မြန်မာမင်းများလက်ထက်က တမွဒီပတိုင်းဟု ခေါ်ခဲ့ကြသည်။ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်တို့ ထွန်းပေါက်ဖွားရာဒေသဟု ပညာရှင်များက သတ်မှတ်ခဲ့ကြသည်။ ကျုံးနှင့် မြို့ရိုးကာရံထားသော မန္တလေးနန်းတော်ကြီးသည် ကုန်းဘောင်မင်းဆက်၏ ဘုရင်များ စိုးစံခဲ့သောနေရာဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုတို့ စုဝေးရာဒေသဖြစ်သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၏ အဓိကစီးပွားရေးဗဟိုချက်ဖြစ်သည်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ချိတ်ဆက်ရန် အချက်အချာနေရာတွင်တည်ရှိပြီး အာရှအမြန်လမ်းများသည် မန္တလေးမြို့မှ တစ်ဆင့် ဖြတ်သန်းလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ကာ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူဝါဒ

ထို့အတူ နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးစသည့် မူဝါဒများကို မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရည်မှန်းချက်

ထို့အတူ ပြည်သူလူထုနှင့် လက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ထောင်ရာတွင် နိုင်ငံရေး ကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းစဉ်များ

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစိုးရဌာနများ၊ *အချပ်ပို (ခ) သို့*

မန္တလေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရစဉ်။

- ❑ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဖီးနစ်မြို့က ပေးအပ်သော ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ရရှိခဲ့
- ❑ အာဆီယံဒေသအတွင်း မြို့ပေါင်း ၂၆ မြို့မှ Smart City ဖြစ်ရန် အလားအလာ အကောင်းဆုံး ထိပ်တန်း ၁၀ မြို့တွင် မန္တလေးမြို့သည် အဆင့် ၅ တွင် ပါဝင်ခဲ့ပြီး Most Promising Top 10 Smart Cities 2019 အဖြစ် အသိအမှတ်ပြုခြင်းခံရ

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၁၉၊ ၂၀၂၀

အချပ်ပို (က) မှ

အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်အတွက် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွတ်တော်က အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်း၊ အရေးယူဆောင်ရွက်မှုများကို တိုင်းဒေသကြီးလွတ်တော်သို့ ပြန်လည်အစီရင်ခံခြင်း၊ နယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးလွတ်တော်သို့ တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေး

ထို့ပြင် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလုပရေးနှင့် မြို့နေလူထု စိတ်ချမ်းမြေ့ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် လေးနှစ်တာကာလအတွင်း အခြေခံအဆောက်အဦဖြစ်သည့် လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။

မြို့တွင်းယာဉ်အန္တရာယ်ကင်းရှင်းရေး

မြို့တွင်းယာဉ်ကြောကျပ်တည်းမှု လျှော့ချစေရေး၊ ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရေးတို့အတွက် Down Town ဧရိယာဖြစ်သည့် Road Side Car Parking နေရာ ၁၉၁၉ ခုတို့တွင် သာမိုပလတ်စတစ်ဖြင့် ဆေးလိုင်းရေးဆွဲနိုင်ခဲ့သည်။

မြို့တော်အတွင်း ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းဆုံများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မြို့နယ်ခြောက်မြို့နယ်တွင် လေးနှစ်တာကာလအတွင်း ရိုးရိုးမီးပွိုင့် ၅၂ ခု၊ SCATS စနစ် မီးပွိုင့် ၅၀ နှင့် Individual Loop Sensor မီးပွိုင့် နှစ်ခုတပ်ဆင်နိုင်ခဲ့သည်။ SCATS စနစ်သုံး မီးပွိုင့် ၅၀ ၌ မီးပွိုင့်များတွင် ဖြတ်သန်းသွားလာသော ယာဉ်နံပါတ်များ မှတ်တမ်းရယူထားနိုင်သော ANPR Camera အလုံး ၁၅၀၊ မီးပွိုင့်များတွင် 360 Degree လှည့်ပတ်စောင့်ကြည့်နိုင်သော PTZ Drone Camera အလုံး ၅၀၊ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များ မှတ်တမ်းရယူနိုင်သော e-Police Camera ၆၃ ခု၊ Parking ရပ်တန့်ထားမှု စောင့်ကြည့်မှတ်တမ်းရယူနိုင်သော Parking Traffic PTZ Camera တစ်ခုတို့ကို တပ်ဆင်၍ နေ့စဉ်စောင့်ကြည့်မှတ်တမ်း ရယူလျက်ရှိသည်။

ထို့ပြင် Control Center တွင် SCATS Software ဖြင့် SCATS မီးပွိုင့် ၅၀ ကို ထိန်းချုပ်လျက်ရှိပြီး Intelligent Traffic Monitor System Platform Software ဖြင့် ယာဉ်နံပါတ်ပြားများ မှတ်တမ်းရယူခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြစ်မှုများဖြစ်သော Red Light Running, Over Lane Line, Lane Provisions Violation, Illegal Lane Change နှင့် Wrong Way Driving Function စသည်ဖြင့် မှတ်တမ်းရယူ ဆောင်ရွက်လျက်ရှိသည်။

ရေဆိုးစွန့်ထုတ်သန့်စင်စက်ရုံများ တည်ဆောက်

ထို့အတူ မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Mandalay Urban Services Improvement Project– MUSIP) ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေနှင့် ဆက်စပ်ရရှိသော ကူညီထောက်ပံ့ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်း၏ လုပ်ငန်းအစိတ်အပိုင်းများအနေဖြင့် သင်္ဘော Interceptor (ရေဆိုးနှင့် မိုးရေခွဲခြားစွန့်ပစ်ခြင်း)၊ ၃၈ လမ်း သင်္ဘောမြောင်းဆုံတွင် ရေဆိုးစွန့်ထုတ်စက်ရုံ တည်ဆောက်ခြင်း၊ ရွှေတောချောင်းမြောင်းကို မိုးရေနှင့် အိမ်သုံးစွန့်ပစ်ရေ ခွဲခြားစွန့်ပစ်သည့်စနစ် အဆင့်မြှင့်တင်ခြင်း၊ အမရပူရမြို့နယ် ရွှေခဲရေဆိုးစွန့်ထုတ်စက်ရုံ တည်ဆောက်ခြင်းနှင့် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ညီအစ်မမြို့တော်တည်ထောင်ခြင်း

ထို့ပြင် မန္တလေးမြို့နှင့် ဘူလ်ဆန်မြို့တော်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်စေရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ ဘူလ်ဆန်မြို့နှင့် မန္တလေးမြို့တို့အကြား ညီအစ်မမြို့တော် တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဘူလ်ဆန်မြို့မှ ဆေးအဖွဲ့ (Medical Team) ကို မန္တလေးမြို့ အနီးဝန်းကျင်ရှိ ကျေးလက်ဒေသများသို့ စေလွှတ်နိုင်ရေးကို ဆွေးနွေးခဲ့ကြသည်။

ထို့ကြောင့် ဘူလ်ဆန်မြို့မှ ဆရာဝန်၊ သူနာပြု၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ အဖွဲ့ဝင် ၂၅ ဦးပါဝင်သည့် အဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ အမရပူရ မြို့နယ် စာတော်ကျေးရွာတွင် ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၄၄၇၇ နှင့်ညီမျှသော ဆေးဝါးများကို လှူဒါန်းခဲ့သည်။

မန္တလေးမြို့ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး

ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဖီးနစ်မြို့က ပေးအပ်သော ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ရရှိခဲ့ပြီး ဆုပေးအပ်ပွဲအခမ်းအနားကို မန္တလေးမြို့ ကွန်ဗင်းရှင်းစင်တာ၌ ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက်တွင် ကျင်းပနိုင်ခဲ့သည်။

ထို့ပြင် အာဆီယံဒေသအတွင်း မြို့ပေါင်း ၂၆ မြို့မှ Smart City ဖြစ်ရန် အလားအလာ အကောင်းဆုံးထိပ်တန်း ၁၀ မြို့တွင် မန္တလေးမြို့သည် အဆင့် ၅ တွင် ပါဝင်ခဲ့ပြီး Most Promising Top 10 Smart Cities 2019 အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။

အလားတူ မန္တလေးမြို့တော်နေ ပြည်သူများအပါအဝင် မသန်စွမ်းသူများ အသုံးပြုနိုင်ရန် အများသုံးသန့်စင်ခန်းကို ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ ၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၌ ဆောင်ရွက်ခဲ့ရာ Design & Environment System, Amenities & Facilities, Cleanliness and Safety များအပေါ် Criterion အဖြစ် သတ်မှတ်ပြီး ASEAN Public Toilet Awards 2019 – 2020 ဆုကို အဆိုပါသန့်စင်ခန်းက ရရှိခဲ့သည်။

ထို့ပြင် Asian-Oceanian Computing Industry Organization (ASOCIO) သည် မြန်မာနိုင်ငံ မြို့တော်ကြီးများ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုအတွက် ASOCIO 2019 Smart City Award ဆုကို မန္တလေးမြို့က ရရှိခဲ့သည်။ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် GovInsider Innovation Awards အဖွဲ့အစည်းနှင့် UN Economic & Social Commission for Asia Pacific (UNESCAP) တို့က မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်အောင် Electronic နည်းပညာများနှင့် ဆန်းသစ်တီထွင်ပြီး ဆောင်ရွက်ခဲ့မှုများအပေါ် အသိအမှတ်ပြု ရွေးချယ်ပေးအပ်သည့် Rising Star Award ဆုကိုလည်း ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဆုလက်ခံရယူနိုင်ခဲ့သည်။

ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း World Heritage Centre သို့ စာပေးပို့တင်ပြခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ အဇာတိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ကျင်းပသည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံမှ ပုဂံဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (World Cultural Heritage Site in Myanmar) အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။

မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ

မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူစေရေးအတွက် လေးနှစ်တာကာလအတွင်း မြို့ပြလမ်းလုပ်ငန်းများဖြစ်သည့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်းနှင့် ဂျင်း/ဂဝံလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြို့ပြတံတားလုပ်ငန်း၊ Box Culvert ၊ သစ်သားတံတား၊ ရေပြွန်နှင့် ရေကျော်တံတားများကို ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် မြို့ပြရေပေးရေးလုပ်ငန်း၊ ကျေးလက်စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်၊ ကန်၊ တူးမြောင်းများ ပြုပြင်ခြင်းလုပ်ငန်း၊ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးလုပ်ငန်း၊ လယ်ယာမြေ ရေနစ်မြုပ်မှုမှ ကာကွယ်ရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း၊ မြစ်ရေတင်လုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်အတွက် ကုန်ထုတ်လမ်းနှင့် တံတားများပြုပြင်ခြင်းတို့ကို နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လေးနှစ်တာကာလအတွင်း စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၉၀၉ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၅၈ ခု၊ ရေဘေးကာကွယ်ရေးလုပ်ငန်း ၁၂ ခု၊ အခြားဆက်စပ်လုပ်ငန်းများ ၃၁၉ ခု၊ ဆည်မြောင်းရေသောက်စနစ်များ ပြုပြင်ခြင်းလုပ်ငန်း ၁၀၉၇ ခု၊ ဆည်/ကန်ငယ်များ ပြုပြင်ခြင်းလုပ်ငန်း ၁၅၆ ခုနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ၃၃ ခု စုစုပေါင်းလုပ်ငန်း ၂၆၉၅ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လေးနှစ်တာကာလအတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာ ၁၀၃၈ ရွာမှ အိမ်ခြေ ၁၉၄၆၈၈ အိမ်ရှိ လူဦးရေ ၉၆၆၂၅၅ ဦးအတွက် ရေတွင်း/ရေကန်၊ စိမ့်စမ်း၊ အခြားလုပ်ငန်း ၁၀၄၄ ခု စုစုပေါင်းငွေကျပ်သန်း ၁၁၃၈၉ ဒသမ ၃၁၁၈ သန်း ကျခံဆောင်ရွက်ခဲ့သည်။

လျှပ်စစ်ဓာတ်အားပေးရေး

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦတစ်ခုဖြစ်သည့် လျှပ်စစ်ကဏ္ဍတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် လေးနှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၅၂၇၄၀ ဒသမ ၅၃၈ သန်းဖြင့် ကျေးရွာပေါင်း ၂၉၇၆ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသပြည်သူများအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို NEP စီမံကိန်းဖြင့် Solar သုံးစွဲမှုကို ဆောင်ရွက်ခဲ့ရာ ကျေးရွာ ၁၂၁ ရွာအတွက် ငွေကျပ် ၃၉၉၃ ဒသမ ၇၇၇ သန်း ကျခံဆောင်ရွက်ခဲ့သည်။

အချပ်ပို (ဂ) သို့

မန္တလေးမြို့ ၆၆ လမ်း ကျုံးအရှေ့ဘက်ရှိ ပလက်ဖောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။ ထွန်းထွန်းနိုင်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ကင်းတားရေလွှဲဆည် လက်ဝဲမြောင်းမကြီးကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

အချပ်ပို (၁) မှ

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းဦးစီးဌာနနှင့် B.O.T ကုမ္ပဏီများမှ ကတ္တရာ ကွန်ကရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ကတ္တရာလမ်း အနိမ့်အမြင့် ညှိခြင်း၊ ဒုံပေါက်များတူးထုတ်၍ ကတ္တရာခင်းခြင်း၊ မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်း၊ မြေကာနံရံတည်ဆောက်ခြင်း၊ ပေ ၂၀ အောက် တံတား၊ ပေ ၂၀ နှင့် ပေ ၅၀ အောက် တံတား၊ ပေ ၅၀ နှင့် ပေ ၁၀၀ အောက် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၉၈၈ သန်းနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၃၆၉၇ ဒသမ ၁၇၀၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်းတံတားများ

ထို့အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသနေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ကျေးရွာချင်းဆက်လမ်းများ၊ တံတားများဆောက်လုပ်ခြင်း၊ သဘာဝဘေးဆိုင်ရာကိစ္စရပ်များအတွက် ဆောင်ရွက်ပေးခြင်းတို့ကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ၊ သဘာဝဘေးရန်ပုံငွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ၊ UNICEF နှင့် JICA အထောက်အပံ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနှင့် နိုင်ငံတော်သမ္မတ လှူဒါန်းငွေတို့ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

စီမံကိန်းဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ

မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုတွင် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေရရှိရေး၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများအတွက် ဒေသခံပြည်သူများ ငွေထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် JICA မှ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် BAJ မှ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမျူးရုံးအနေဖြင့် လေးနှစ်တာကာလအတွင်း အထက်တန်းကျောင်း ၁၀၀၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀၂၇ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၆၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၄၈၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၀၈၅ ကျောင်း၊ မူလတန်းကျောင်း ၉၈၂၂ ကျောင်း၊ မူလတန်းခွဲကျောင်း ၃၀၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောင်းပြင်ပပညာရေး (မူလတန်း) အခြေခံကစခန်း ၃၂ ခု ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍ

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဟူသော ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုကျန်းမာရေးအတွက် လိုအပ်သော ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများကို ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့၍ အသစ်တည်ဆောက်ပေးခဲ့ရာ လေးနှစ်တာကာလအတွင်း ကျေးလက်ကျန်းမာရေးဌာန ကိုးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ တို့ကို အသစ်တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဆောင်ရွက်မှု

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်စစ်ဆေးကုသရေး တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ (Surveillance and Respond Team – SRT) ကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၃၄ ဦးတို့ဖြင့် ဖွဲ့စည်းထားရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း ရောဂါဝင်ရောက်နိုင်ဖွယ်ရှိသည့် နေရာများတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါအတည်ပြုလူနာနှင့် သံသယလူနာများအတွက် ရောဂါစစ်ဆေးခြင်းနှင့် ကုသမှုခံယူနိုင်မည့် သီးခြားလူနာခန်းများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရောဂါနှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် နောက်ဆုံးရသတင်းအချက်အလက်များ အချိန်မီသတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် နေပြည်တော်နှင့် အခြားပြည်နယ် / တိုင်းဒေသကြီးများကို ညှိနှိုင်းပေါင်းစပ်၍ သတင်းအချက်အလက်များ ရယူခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး

မန္တလေးတိုင်းဒေသကြီး အတွင်းမှ အားကစားမောင်မယ်များ ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းရေးအတွက် ပြည်တွင်းပြိုင်ပွဲများ၊ နိုင်ငံတကာပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများကို လက်ခံကျင်းပခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများအနေဖြင့် 20th Asean Age Group Chess Championship 2019 ပြိုင်ပွဲ၊ World 6 Red Snooker & World Team Snooker Championship 2019 ပြိုင်ပွဲ၊ ၂၀၁၉ ခုနှစ် (၆၁) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲနှင့် 5th Takuya Taniyama Cup Karate Championship 2019 ပြိုင်ပွဲတို့ကို နိုင်ငံတကာမှ ပြိုင်ပွဲဝင်အသင်းများ ဖြင့် အောင်မြင်စွာ ကျင်းပခဲ့သည်။

လူထုအားကစားလှုပ်ရှားမှုများ

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုတွင် ၂၀၁၆ ခုနှစ်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အတက်ကြွဆုံး လှုပ်ရှားဆောင်ရွက်မှု ပထမဆု၊ ၂၀၁၇ ခုနှစ်တွင် အတက်ကြွဆုံး လှုပ်ရှားဆောင်ရွက်မှု ပထမဆုနှင့် ၂၀၁၉ ခုနှစ်တွင် အတက်ကြွဆုံးလှုပ်ရှားဆောင်ရွက်မှု နှစ်သိမ့်ဆုတို့ ရရှိခဲ့သည်။

နိုင်ငံ့လက်ရွေးစင်များမွေးထုတ်

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လေးနှစ်တာကာလအတွင်း ကြက်တောင်၊ ဘီလိယက်နှင့် စနူကာ၊ ဟော်ကီ၊ ရေကူး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပီတန်း၊ ရိုးရာခြင်းလုံး၊ ဝူရှူး၊ ဘောလုံး၊ ဖုဆယ်ဘောလုံး၊ ဘော်လီဘောနှင့် ပြေးခုန်ပစ်စသည့် အားကစားနည်းများမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

အိမ်ရာတည်ဆောက်ရေး

ပြည်သူများ နေထိုင်မှုအဆင်ပြေစေရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုက် ၂၁ လုံးမှ အခန်း ၅၀၄ ခန်း၊ ထပ်မံပြီးစီးမည့် တိုက် ၂၃ လုံးမှ အခန်း ၅၅၂ ခန်းကို မြို့နယ် ခြောက်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများကို ပွင့်လင်းမြင်သာစွာ မဲနှိုက်၍ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဒုတိယကာလတို ငါးနှစ်စီမံကိန်းတွင် အိမ်ခန်းပေါင်း ၂၀၀၀ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်တွင် ဝန်ထမ်းသုံးဦးလျှင် အိမ်ခန်းတစ်ခန်းနှုန်းချထားပေးရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချပ်ပို (၃) သို့

မန္တလေးမြို့ ၃၅ လမ်းရှိ ခုံးကျော်တံတားကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ၄၅ x ၄၆ လမ်းကြား၊ စံပယ်လမ်းနှင့် ယုဇနလမ်းကြားရှိ တန်ဖိုးမျှတအိမ်ရာ စီမံကိန်းကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၁၉၊ ၂၀၂၀

ကျောက်တစ်လုံးရေလှောင်တမံမြောင်းမကြီး မြေကာနံရံတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

အချပ်ပို (၇) မှ

ဘေးအန္တရာယ်ဆိုင်ရာထောက်ပံ့မှုများ

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက သဘာဝဘေးအန္တရာယ်များ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ထားပြီး ဘေးသင့်ပြည်သူများ ထောက်ပံ့နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အနေဖြင့် တရုတ်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့က လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၂၈ ဒသမ ၉၈၃ သန်းဖြင့် လုပ်ငန်း ၁၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍ

ထို့အတူ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏငွေကျပ် ၃၂၁၅၀၃ ဒသမ ၀၀၉ သန်းဖြင့် လုပ်ငန်း ၁၆ ခုနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ရင်းနှီးမြှုပ်နှံမှု ပမာဏငွေကျပ် ၇၆၂၃၈ ဒသမ ၂၃၉ သန်းဖြင့် လုပ်ငန်း လေးခု တို့ကို လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်/အတည်ပြုမိန့်များ ထုတ်ပေးနိုင်ခဲ့သည်။

e-Government လုပ်ငန်းများ

လေးနှစ်တာကာလအတွင်း e-Government စနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ e-Mandalay Web Portal (www.emandalay.gov.mm) မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းအဆင့် ဌာနဆိုင်ရာဌာန ၁၄၀ ၏ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များ (လျှောက်လွှာများ၊ စည်းမျဉ်းစည်းကမ်းများ)၊ တင်ဒါကြော်ငြာများကို လွှင့်တင်ထားရှိပြီး ဝန်ဆောင်မှုပေးခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် Tier-2 အဆင့်ရှိ Data Center တည်ဆောက်ထားရှိခြင်း၊ မန္တလေးမြို့ရှိ ရေငုတ်နှင့်စခန်းများ၊ ရဲစခန်းများ၊ လူမှုကူညီရေးအသင်းများသို့ အလွယ်တကူ ဆက်သွယ်သွားလာရန်လမ်းကြောင်းပြ Application တစ်ခုဖြစ်သည့် i Route Application ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ဝင်စာ/ထွက်စာများ မှတ်တမ်းတင်ခြင်း၊ အမှုတွဲများ ထိန်းသိမ်းခြင်းနှင့် တင်ပြစာများအဆင့်ဆင့် တင်ပြနိုင်ရန် Electronic Document Management System(EDMS) ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ အစီအစဉ်ဖြင့် e-Government ဆိုင်ရာ အခြေခံကွန်ပျူတာသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ စိတ်ပါဝင်စားသည့် ဌာနဆိုင်ရာ ဝန်ထမ်းများကို ကွန်ပျူတာတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။

တိုင်ကြားစာများအပေါ် ဆောင်ရွက်နိုင်မှု

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှတစ်ဆင့် ပေးပို့လာသည့် တိုင်ကြားစာများအပေါ် မန္တလေးတိုင်းဒေသကြီးမှ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ပေးပို့လာသည့် တိုင်ကြားစာအရေအတွက် ၉၇၈ ခု အနက် ပိတ်သိမ်းရန် ဗဟိုသို့တင်ပြပြီး အရေအတွက် ၈၀၊ တိုင်းဒေသကြီးတွင် စိစစ်ဆောင်ရွက်ဆဲ ၁၈၅ ခု၊ ခရိုင်တွင် စိစစ်ဆောင်ရွက်ဆဲ ၂၄ ခုနှင့် မြို့နယ်တွင် စိစစ်ဆောင်ရွက်ဆဲ ၁၁၅ ခု စုစုပေါင်းစိစစ်ဆောင်ရွက်ဆဲ ၃၂၄ ခုနှင့် ဆောင်ရွက်ပြီးပိတ်သိမ်းအမှုတွဲ ၅၇၄ ခု ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တိုက်ရိုက်တင်ပြလာသည့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် တင်ပြလာသည့် အရေအတွက် ၉၁၈ ခုအနက် တိုင်းဒေသကြီးတွင် စိစစ်ဆောင်ရွက်ဆဲ ၉၄ ခု၊ ခရိုင်တွင် စိစစ်ဆောင်ရွက်ဆဲ ၅၃ ခု၊ မြို့နယ်တွင် စိစစ်ဆောင်ရွက်ဆဲ ၂၇၁ ခုဖြစ်ကြောင်းနှင့် ဆောင်ရွက်ပြီး ပိတ်သိမ်းအရေအတွက် ၅၀၀ ဖြစ်သည်။

ခွင့်ပြုမိန့်ချထားပေးနိုင်မှု

နိုင်ငံတော်အစိုးရ၏ လေးနှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် လယ်ယာမြေအခြားနည်း အသုံးပြုခွင့်လျှောက်ထားလာမှုများအပေါ် လယ်ယာမြေဥပဒေ ပုဒ်မ -၃၀(က) အရ လျှောက်ထားသည့် အမှုတွဲအရေအတွက် ၃၅၂ ခုနှင့် မြေဧရိယာဧက ၇၈၇ ဒသမ ၅၀ ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ခွင့်ပြုမိန့် ချထားပေးနိုင်ခဲ့သည်။

သာသနာရေးလုပ်ငန်းများ

လေးနှစ်တာကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ချီးမြှင့်ဂုဏ်ပြုသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားများ ကျင်းပခြင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ကထိန်နှင့် မိုးပေါ်ကျကထိန်အခမ်းအနားများ ကျင်းပခြင်း၊ အခါအားလျော်စွာ တန်ခိုးကြီးဘုရားများတွင် ပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် အခြားလှူဒါန်းမှုများကို နှစ်စဉ်ကျင်းပ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ် ဧနှစ်ဝါရီ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာအပါး ၁၉၉၄၀ နှင့် ထိုင်းနိုင်ငံမှ သံဃာအပါး ၆၀ စုစုပေါင်း သံဃာအပါး ၂၀၀၀၀ တို့ကို သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၄၀၀၀ နှင့် တက်ရောက်လာကြသော အလှူရှင်များက လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ လှူဒါန်းနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာအပါး ၂၉၈၈၈ ပါးနှင့် ထိုင်းနိုင်ငံမှ သံဃာအပါး ၁၁၂ ပါး စုစုပေါင်း သံဃာအပါး ၃၀၀၀၀ ကို နဝကမ္မအဖြစ် သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၉၀၀၀၊ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းကပ်လှူခြင်းအတွက် သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၉၀၀ ၊ တက်ရောက်လာကြသော အလှူရှင်များက လှူဒါန်းမှုပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၅၈၀၀ နှင့် လှူဒါန်းမှု ငွေကျပ်သိန်း ၄၀၀၀၊ အခမ်းအနားပြင်ဆင်ခြင်းနှင့် လုပ်အားခပေးချေခြင်းအတွက် ငွေကျပ်သိန်း ၁၈၀၀ စုစုပေါင်း လှူဒါန်းမှု တန်ဖိုးငွေကျပ်သိန်း ၂၁၅၀၀ ခန့် လှူဒါန်းနိုင်ခဲ့သည်။

ထိုကဲ့သို့ သာသနာတော်ထွန်းကားပြန့်ပွားရေး ဆောင်ရွက်မှုများနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးမှုများ ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် နိုင်ငံတော်အစိုးရနှင့်အတူ၊ ပြည်သူနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

“စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အတွင်း နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများအနေဖြင့် တရုတ်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့က လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိ”

မန္တလေးမြို့ရှိ ဦးပိန်တံတားကို တွေ့ရစဉ်။